SHORT AND EASY




## စာမျက်နှာတိုင်းမှာ

ခေတ်မီသော စကားအသုံးအနှုန်း
လက်တွေ့အသုံးဝင်သော စကားပြောဆိုပုံများကို
မှတ်မိလွယ်အောင်
ရုပ်ပုံကလေးများနှင့်တွဲ၍ ဖော်ပြထားပါသည်။

အမေရိကန်ရုပ်ရှင်တွင်တွေ့နေကျအသုံးအနှုန်းများ
IELTS/ TOEFL တွင်မေးနေကျအသုံးအနှုန်းများလည်းပါဝင်သည်။

Spoken ENGLISH အင်္ဂလိပ်လို လိုရင်းတိုရှင်း ပြောကြမယ် Saya Harry Khoo

Free for All

SHORT AND EASY

# Spoken ENGLISH

# အင်္ဂလိပ်လို လိုရင်းတိုရှင်း ပြောကြမယ်

Saya Harry Khoo

**သင်သိချင်တာ ၈၀ % ပါဝင်သည်။**
စာမျက်နှာ ၁ မှ ၁၀ ကို အရင်ဖွင့်ကြည့်ပါ။
လက်တွေ့ပြောပုံဆိုပုံ အကြောင်းအရာမျိုးစုံ ပါဝင်သည်။

ဒုတိယအကြိမ်

Free for All

*Short and Easy*

# Spoken English

## အင်္ဂလိပ်လို
## လိုရင်း တိုရှင်း ပြောကြမယ်



ပညာရဲရင့် ပွဲလယ်တင့်

*Saya Harry Khoo*

Free for All


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်သင်းသင်းမွန်၊ သင်းစာပေ
အမှတ် (၁၀)၊ ရတနာမြိုင်လမ်း၊
လှည်းတန်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဦးမျိုးမြင့် (၀၆၀၈၉)
ပွင့်သစ် အော့(ဖ်)ဆက်
အမှတ် (၃၇)၊ ၁၆၅ လမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ (ဒုတိယအကြိမ်)
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၂၀၀၀ ကျပ်

လဝန်းစာပေ မှ စီစဉ်ဖြန့်ချိပါသည်။
ဖုန်း - ၀၉ ၅၁၆၈၃၇၀ ၊ ၀၉ ၇၃၀၂၉၀၇၆
အထက်မြန်မာပြည်ဖြန့်ချိရေး - ထွန်းဦးစာပေ၊ နဂါးစာပေ၊ ရာပြည့် (မန္တလေး)

Harry Khoo၊ Saya ၄၂၁
အင်္ဂလိပ်လို လိုရင်းတိုရှင်းပြောကြမယ် / Saya Harry Khoo
- ရန်ကုန်
သင်းစာပေ၊ ၂၀၁၂
၂၀၆ စာ၊ ၁၄.၅ × ၂၁ စင်တီ။
(၁) အင်္ဂလိပ်လို လိုရင်းတိုရှင်းပြောကြမယ်


## အမှာစာ

ဒီစာအုပ်ဟာ အင်္ဂလိပ်ဘာသာစကား/အင်္ဂလိပ်စာကို စိတ်အားထက်သန်စွာ လေ့လာနေကြတဲ့ လူကြီးလူငယ်တွေအတွက် အသုံးအနှုန်းတွေ ၊ စကားစုတွေကို စုစည်းထားတဲ့ စာအုပ်ဖြစ်ပါတယ်။

အင်္ဂလိပ်စကားဟာ မြန်မာတွေအဖို့ မစိမ်းလှပါ။ ( ထိုင်းနိုင်ငံရဲ့ မြို့တော် "ဘန်ကောက်" မှာ အင်္ဂလိပ်လို ပြောဆိုဆက်သွယ်ဖို့ ခက်ပေမယ့် မြန်မာပြည်မှာတော့ အတော်အသင့် လွယ်ကူပါတယ်။)

မြန်မာပြည်ကိုလာကြတဲ့ နိုင်ငံခြားသားခရီးသည်တွေ ၊စီးပွားရေးလုပ်ငန်းရှင်တွေက လည်း မြန်မာတွေဖော်ရွေတာကို သိထားသလို အင်္ဂလိပ်စကားပြောလည်း မဆိုးလှဘူးလို့ မှတ်ချက်ချကြပါတယ်။

( Hi ; Thank you ; Sorry, I'm late. ) စတဲ့ အသုံးအနှုန်းတွေကို၊ အလယ်တန်း အဆင့်ကျောင်းသားတွေတောင်သိပါတယ်။ ဒါကြောင့်အင်္ဂလိပ်/အမေရိကန်တွေဒီခေတ်မှာ တကယ်ပြောနေတဲ့ အသုံးအနှုန်းတွေကို သဒ္ဒါနည်း မှန်မှန် ၊အဆင့်မြင့်မြင့် ပြောတတ်အောင်နဲ့ စကားလုံးကြွယ်လာအောင် ဒီစာအုပ်ကို ပြုစုထားပါတယ်။

1. Don't be late. / Don't be lazy./ Don't be long . . .

   စတဲ့ အလွယ်တွေကို အခြေခံပြီး

1. Don't be rude <u>to</u> your mother.

   ကိုယ့်အမေကို မရိုင်းနဲ့လေ။

2. Don't be disrespectful <u>to</u> your mother .

   ကိုယ့်အမေကို မရိုမသေ မလုပ်နဲ့။

3. Don't be afraid of John - he's all talk.

   ဂျွန်ကို မကြောက်ပါနဲ့ ၊သူကလေချည်းပဲ။

Free for All

စသဖြင့် စကားကို ချဲ့ထွင်ပြောတတ်အောင် မှတ်မိလွယ်အောင် ပုံစံဝါကျများစွာကို ဖော်ပြထားပါတယ်။

Don't waste your time. — အချိန်မဖြုန်းနဲ့။

Don't contradict me . — ငါ့ကိုဆန့်ကျင်ဘက် မပြောနဲ့။

Don't exaggerate. — ပိုမပြောပါနဲ့။

စတဲ့ ဘွဲ့ရကျောင်းသားတစ်ယောက် သိထားသင့်သောအသုံးအနှုန်းတွေကိုအဆင့်ဆင့်ဖော်ပြထားပါတယ်။

နောက်တစ်ခုက စကားလုံးရှည်တိုင်း ခက်တာမဟုတ်ပါ။ အသုံးများပြီး သိသင့်တဲ့ စကားလုံးများစွာကို ပုံစံဝါကျများနှင့် ဖော်ပြထားပါတယ်။

ဥပမာ - ( **appreciate , achievement , conscientious , courteous, embarrasing, fantastic, hilarious , tremendous** ) စတဲ့ စကားလုံးတွေပါ။

Part (1) မှာကလေးငယ်တစ်ယောက်၊ မိမိရဲ့ မိခင်ဘာသာစကားကိုလွယ်လွယ်ကူကူ တတ်မြောက်သွားတာဟာ ကြားတဲ့အတိုင်း လိုက်ပြောခြင်းကြောင့်လို့ ဆို၍ အင်္ဂလိပ်တွေ တကယ်တမ်းပြောနေကျစကားတွေကို (နားရည်ဝလာအောင်) စီစဉ်ဖော်ပြထားပါတယ်။

Part (2) မှာ ကျေးဇူးတင်ကြောင်းပြောခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ဖုန်းပြောခြင်း၊ ဈေးဝယ်ခြင်း စတဲ့ ပါနေကျအခန်းတွေရယ်၊ ကျန်းမာရေး ၊ အလုပ်အကိုင် ( လုပ်ငန်းခွင်သုံး အင်္ဂလိပ်စာ ၊ အင်တာဗျူး အင်္ဂလိပ်စကား ) နှင့် အသုံးများသော စကားလုံးများ ( Vocabulary) တွေကို အထူးတင်ပြထားပါတယ်။

(၂) လုံး၊ (၃) လုံး၊ (၄) လုံး စကားလုံးတွဲများနှင့် "လိုရင်း တိုရှင်း ပြောကြမယ်" အခန်း ( 1 နှင့် 2 ) တွေမှာ အမေရိကန်ရုပ်ရှင်၊ ဗွီဒီယို၌ မကြာမကြာ တွေ့ရမယ့် အသုံးအနှုန်းတွေကို ဖော်ပြထားပါတယ်။

စကားပြောက အလေ့အကျင့် လုပ်ရတာကြောင့် ဒီစာအုပ်ထဲမှာပါတဲ့ စကားတွေကို အသံထွက်ပြီး အပြောကျင့်ပါ။ လေ့ကျင့်ပါ။ အသံထွက်မှားတတ်တဲ့ စကားလုံးအချို့ (ဥပမာ - examine, aisle , horizon , chaos, weigh . . . ) စတဲ့စကားလုံးတွေရဲ့ အသံထွက်ကို မြန်မာလို ထည့်ပေးထားပါတယ်။

မြန်မာတွေဟာ အင်္ဂလိပ်စကားပြောကို အတော်ကောင်းမွန်စွာ အသံထွက်နိုင်တယ်လို့ ယုံကြည်ထားလိုက်ပါ။ မရှက်မကြောက် လေ့ကျင့်ပါ။ ဘာသာစကားသင်တာဟာ ပျော်ဖို့ကောင်းပါတယ်။

မိမိတို့ ငယ်စဉ်က ( အမေ - လာ ၊ စားဘူး ၊ အဲဒါဘာကြီးလဲ . . . ) စသဖြင့် ဗမာစကားကို တစ်လုံးစ နှစ်လုံးစ စတင်ပြောခဲ့တာပါ။ နောက်မှ စာဖတ်တတ်၊ စာရေးတတ်လာတာပါ။

ဒါကြောင့် စေတ်နဲ့ ရင်ဘောင်တန်းနိုင်အောင် ဆက်ကြိုးစားပါက အင်္ဂလိပ်စာ တော်တယ်။ အင်္ဂလိပ်စကားပြောတတ်တယ်ဆိုတဲ့ အဆင့်ကို မုချရောက်မှာပါ။

**ဒုတိယအကြိမ် ရိုက်နှိပ်ခြင်း အမှာစာ**

စာအုပ်ကို အတွင်းဒီဇိုင်း အနည်းငယ် ပြောင်းထားပါသည်။

စာသားများ ပြောင်းလဲခြင်း မရှိပါ။

အားလုံးကို အထူးကျေးဇူးတင်ပါသည်။

*Saya Harry Khoo*

Free for All

# မာတိကာ

## Part ( 1 )

## *Natural Grammar*

Page


1. Don't . . . . . 1
2. Don't be . . . . . 5
3. What do you do? What does he do? 7
4. do / does / did 10
5. weigh / weight 12
6. I'm innocent ; He's innocent; They're innocent 13
7. Are you . . . . . ? Is she . . . . . ? 14
8. There is . . . . . / There are . . . . . 17
9. Be good; Be brave ; Be polite. 19
10. Can 20
11. Could you . . . . . ? Colud I . . . . . ? 22
12. am, is, are + - ing 26
13. Stop laughing ; Stop talking; Stop shoving. 28
14. Have you . . . . . ? 30
15. Have you ever . . . . . ? 32
16. How long have you . . . . . ? 34
17. How . . . . . ? 36
18. annoyed , annoying/ bored, boring/ confused, confusing 38
19. Shall I . . . . . ? 41
20. Shall . . . . . ? 43
21. Will . . . . . . 46
22. Give ( Give me a kiss; Give me a call. ) 50
23. Take 52
24. be going to 53
25. Let / Let's 56
26. Why don't . . . . . ? 58
27. should / ought to 59
28. had better ( You'd better . . . / I'd better) 60
29. used to သုံးပုံ (2) မျိုး 62
30. have to 64
31. must / may / might 65
32. What's . . . . . like? 67
33. Would you like . . . ? = Do you want . . .? 70
34. completely, absolutely, totally, entirely ..... 73
35. constantly, occasionally, rarely, actually 75
36. အသုံးများသောစကားလုံးတွဲများ (in love, in luck, in season) 77

Free for All

20. အတုလုပ်သည် / အတု 192
21. ဟုတ်သလား 193
22. ၁၁၀ 194
23. ၂လုံးတွဲ၊ ၃လုံးတွဲ၊ ၄လုံးတွဲ စကားလုံးများ 197
24. လိုရင်းတိုရှင်းပြောကြမယ် ❷ 202
25. VOCABULARY 206

## ကိုးကားသည့် စာအုပ်များ

| | | |
|---|---|---|
| 1. | Basic Grammar in Use | Raymond Murphy |
| 2. | English Grammar in Use | Raymond Murphy |
| 3. | Oxford Natural Grammar | Scott Thornbury |
| 4. | Basic English Usage | Michael Swan |
| 5. | Oxford Pocket English Grammar | A.J.Thomson -A.V.martinet |
| 6. | Understanding and Using English Grammar | Betty Schrampfer Azar |
| 7. | Oxford Advanced learner's Dictionary | 7th edition |
| 8. | Longman Dictionary of Contemporary Englsih | New edition |
| 9. | Cambridge learner's Dictionary | 2nd edition |
| 10. | NTC's American English learner's Dictionary | |

# Natural Grammar



စကားလည်းတတ် ဂရမ်မာလည်းတတ်

**Part - 1**

Free for All



# Don't ...

1. Don't lose it.

   မပျောက်စေနဲ့။



2. Don't tease me.

   ငါ့ကိုမစနဲ့။

3. Don't blame him.

   သူ့ကို အပြစ်မတင်ပါနဲ့။

4. Don't lie to me.

   ငါ့ကို လိမ်မပြောနဲ့။

5. Don't shout at me.

   Don't yell at me.

   ငါ့ကိုမအော်နဲ့။

6. Don't phone before 8 o'clock.

   (၈) နာရီမထိုးခင် ဖုန်းမဆက်ပါနဲ့။



7. Don't mess your hands.

   လက်တွေမညစ်ပတ်စေနဲ့။

8. Don't bang the door.

   တံခါးကိုဒိုင်းကနဲ မလုပ်နဲ့။

9. Don't wait for me if I'm late.

   ကျွန်တော်နောက်ကျခဲ့ရင်၊ ကျွန်တော့်ကိုမစောင့်ပါနဲ့။

10. Don't waste paper-write on both sides.

    စက္ကူမဖြုန်းနဲ့၊ နှစ်ဖက်စလုံးရေး။

11. Don't brag / boast.

    မကြွားပါနဲ့။

12. <u>Don't trust him.</u> He's a cheat.

    သူ့ကိုမယုံနဲ့၊ သူဟာလူလိမ်ပဲ။

13. Don't forget to turn off the lights.

    မီးတွေပိတ်ဖို့မမေ့နဲ့။

14. Don't bother to meet me at the station.

    ငါ့ကိုဘူတာမှာဒုက္ခခံပြီးလာမကြိုနဲ့။

15. Don't swear in front of the children.


    ကလေးတွေရှေ့မှာမဆဲပါနဲ့။

16. Don't play ball in the house.

    အိမ်ထဲမှာဘောလုံးမကစားနဲ့။

17. Don't argue with me; just go.

    ငါနဲ့မငြင်းနဲ့၊ သွားမှာသာ သွားပါ။



18. Don't bite your finger- nails.

    လက်သည်းမကိုက်နဲ့။

19. Don't touch anything.

    ဘာကိုမှမထိနဲ့။



20. Don't tickle me.

    ( Stop tickling ! )

    ကလိမထိုးနဲ့။



21. Don't talk back to me.

    ငါ့ကို(မရှိမသေ)ပြန်မပြောနဲ့။

22. Don't throw stones at my dog.

    ငါ့ခွေးကိုခဲနဲ့မပေါက်နဲ့။

23. Don't stare at nuns - it's rude.

    သီလရှင်တွေကိုစိုက်မကြည့်နဲ့၊ ရိုင်းတယ်။

24. Don't leave so soon. Stay for tea.

    ဒီလောက်မြန်မြန်မပြန်နဲ့ဦး၊ လ္ဘက်ရည်သောက်သွားဦး။

25. <u>Don't lend anything to him.</u>

    သူ့ကိုဘာမှမချေးနဲ့။

26. Don't contradict me.

    ငါပြောတာကိုဆန့်ကျင်ဖက်မပြောနဲ့။

27. <u>Don't exaggerate.</u>

    I was only five minutes late , not twenty.

    ပိုမပြောပါနဲ့၊ ငါက ၅ မိနစ်ပဲနောက်ကျတာ။

    မိနစ် ၂၀ မဟုတ်ဘူး။

Free for All



28. Don't pinch me - it hurts.

မဆိတ်နဲ့၊နာတယ်။



29. Don't scratch.

မကုပ်နဲ့။



30. Don't bully me.

ငါ့ကိုအနိုင်မကျင့်နဲ့။

31. <u>Don't rush me</u>. I need time to think about it.

ကျွန်တော့်ကိုမလောပါနဲ့။အဲဒါကိုစဉ်းစားဖို့ကျွန်တော်အချိန်လိုတယ်။

32. Don't write on every line; write on <u>every other line.</u>

လိုင်းတိုင်းမှာမရေးပါနဲ့၊တစ်လိုင်းခြားစီရေးပါ။

33. Don't forget to feed the dog.

ခွေးကို အစာကျွေးဖို့ မမေ့နဲ့။

34. Don't tell lies.

လိမ်မပြောရဘူး။

35. Don't believe a word he <u>says.</u>

သူပြောတာတစ်လုံးမှမယုံနဲ့။

> says ကို 'yes' ကဲ့သို့ 'ses' လို့အသံထွက်ပါ။
>
> says = ဆက် (စ်)



## Don't be ...

1. Don't be long. မကြာနဲ့။
2. Don't be late. နောက်မကျနဲ့။
3. Don't be lazy. မပျင်းနဲ့။
4. Don't be sad. စိတ်မကောင်းမဖြစ်နဲ့၊ဝမ်းမနည်းနဲ့။
5. Don't be afraid. မကြောက်နဲ့။ ( Br ) အသုံးအနှုန်း
6. Don't be scared. မကြောက်နဲ့။ ( Am ) အသုံးအနှုန်း
7. Don't be shy-come and say "hello".

   မရှက်ပါနဲ့၊လာပြီးနှုတ်ဆက်လိုက်ပါဦး။



8. Don't be <u>rude to</u> your mother.

   ကိုယ့်အမေကိုမရိုင်းနဲ့လေ။

9. Don't be <u>disrespectful to</u> your mother.

   ကိုယ့်အမေကိုမရိုမသေမလုပ်နဲ့။

10. Don't be afraid of John - he's all talk.

    ဂျွန်ကိုမကြောက်ပါနဲ့၊သူကလေချည်းပဲ။

11. Don't be nervous. မကြောက်ပါနဲ့။

> **nervous** - ရင်တုန်ပြီးကြောက်လန့်သော / ရင်ဖိုသော
>
> **It's natural to feel nervous before an interview.**
>
> အင်တာဗျူးမတိုင်ခင်ကြောက်တာသဘာဝပါပဲ။

Free for All





1. Don't be so greedy.

   သိပ်လောဘမကြီးနဲ့။

2. Don't be so fussy. ( ဖတ်(စ်)စီ လို့ အသံထွက်ပါ။ )

   သိပ်ဂျီးမများနဲ့။

3. Don't be so bossy.

   ဆရာကြီးသိပ်မလုပ်နဲ့။

4. Don't be so childish.

   ကလေးသိပ်မဆန်နဲ့။

5. Don't be so selfish.

   သိပ်တစ်ကိုယ်ကောင်းမဆန်နဲ့။

6. Don't be so nosy-it's none of your business.

   သိပ်မစပ်စုနဲ့၊ မင်းအလုပ်မဟုတ်ဘူး။

7. Don't be so critical.

   သိပ်ပြီးအပြစ်မရှာနဲ့။



What do you do ?

What does he do?



1. *(A)* What do you do ( for a living ) ?

   ခင်ဗျားဘာအလုပ်လုပ်သလဲ။

   *(B) (i) I'm a doctor.*

   ကျွန်တော်ဆရာဝန်ပါ။

   *(ii) I work for the XYZ company.*

   ကျွန်တော် XYZ ကုမ္ပဏီမှာလုပ်ပါတယ်။

   *(iii) I run a driving school.*

   ကျွန်တော်ကားမောင်းသင်တန်းကျောင်းဖွင့်ပါတယ်။

2. *(A)* What does your brother do?

   ( What's your brother's job / occupation? )

   မင်းရဲ့အကိုဘာအလုပ်လုပ်သလဲ။

   *(B)* (i) He runs a bookstore / bookshop.

   သူစာအုပ်ဆိုင်ဖွင့်တယ်။

   (ii) He runs a language school.

   သူက ဘာသာစကားသင်တန်းကျောင်းဖွင့်တယ်။

Free for All



(iii) He runs a hotel in Taunggyi.

သူက တောင်ကြီးမှာ ဟိုတယ်ဖွင့်တယ်။

(iv) He is a plumber.

သူက ရေပိုက်သမားဖြစ်တယ်။

(v) He works for the UN.

သူက UN မှာလုပ်ပါတယ်။

( UN = United Nations - ကုလသမဂ္ဂ)

*(A)* What does your sister do ?

မင်းရဲ့အစ်မက ဘာအလုပ်လုပ်သလဲ။

*(B)* (i) She works in an office.

သူက ရုံးမှာလုပ်တယ်။

*(ii)* *She works for the XYZ Company.*

သူက XYZ ကုမ္ပဏီမှာလုပ်တယ်။

(iii) She *works for the UN.*

She's *with the UN.*

သူက UN မှာလုပ်တယ်။

**(iv) She works for the government.**

**She is a government employee.** | သူက အစိုးရဝန်ထမ်းပါ။

**She is a civil servant.**



4. *(A)* Where do you come from ? ( Where are you from ? )

   သင် ဘယ်နိုင်ငံက လာသလဲ။

   *(B)* From Canada. ကနေဒါ နိုင်ငံ ကပါ။

5. *(A)* Where does he come from ? ( Where is he from?)

   သူ ဘယ်နိုင်ငံက လာတာလဲ။

   *(B)* From Malaysia. မလေးရှားနိုင်ငံကပါ။

6. *(A)* Do you like music?

   မင်းဂီတကို နှစ်သက်သလား။

   *(B)* Yes , I love it.

   တအားကြိုက်ပါတယ်။

7. *(A)* Does she like music?

   သူ ဂီတကိုကြိုက်သလား။

   *(B)* Yes , she loves it.

   သူ အလွန်နှစ်သက်ပါတယ်။



8. *(A)* Do you play golf ?

   မင်း golf ရိုက်သလား။

   *(B)* Yes, I do. ရိုက်ပါတယ်။

9. *(A)* Does he play golf ? သူ ဂေါက်ရိုက်သလား။

   *(B)* Yes, he does. သူ ဂေါက်ရိုက်ပါတယ်။

Free for All



## do / does / did



*I don't eat meat.* ကျွန်တော် အသားမစားပါ။

*We don't eat meat.* ကျွန်တော်တို့ အသားမစားပါ။

*They don't eat meat.* သူတို့ အသားမစားပါ။

*She doesn't eat meat.* သူ အသားမစားပါ။

1. *(A) Do you eat beef ?* မင်းအမဲသားစားလား။

   *(B) No, I don't.* မစားပါ။

2. *(A) Does she eat beef ?* သူ အမဲသားစားလား။

   *(B) No, she doesn't.* သူ မစားပါ။

3. *(A) Do you have a car?* မင်းမှာ ကားရှိသလား။

   *(B) Yes , I do . (or)* ရှိပါတယ်။

   *No , I don't .* မရှိပါ။



| | | | | | |
|---|---|---|---|---|---|
| *I , we , they , you* | *do* | *read* | *like* | *watch* | *work* |
| *he , she , it* | *does* | *reads* | *likes* | *watches* | *works* |

1. *(A)* Do you <u>believe in</u> astrology?

   မင်း နက္ခတ်ဗေဒင်ကို ယုံသလား။

   *(B)* Yes, I do. ယုံပါတယ်။

2. *(A)* Does your father believe in astrology?

   မင်းရဲ့ အဖေက နက္ခတ်ဗေဒင်ကို ယုံသလား။

   *(B)* No, he doesn't. သူ မယုံပါ။

3. *(A)* Do you smoke?

   မင်း ဆေးလိပ်သောက်သလား။

   *(B)* No, I don't. မသောက်ပါ။

4. *(A)* Does your brother smoke?

   မင်း အစ်ကိုက ဆေးလိပ်သောက်သလား။

   *(B)* No, he doesn't. သူ မသောက်ပါ။

5. What do you do in your free time?

   မင်း အားရင် ဘာလုပ်သလဲ။

6. What does your father do in his free time?

   မင်း အဖေ အားရင် ဘာလုပ်သလဲ။

7. Do you take sugar in your coffee?

   မင်း ကော်ဖီထဲ သကြားထည့်သလား။

## *weigh/ weight*

***weigh (v)*** = အလေးချိန်ရှိသည် / ချိန်တွယ်သည်။
( ဝေး ***way*** လို့ အသံထွက်ပါ။ )

***weight (noun)*** = အလေးချိန် ၊
( ဝိတ်လို့ အသံထွက်ပါ။ )


1. *What's your weight?*

   မင်းရဲ့ ကိုယ်အလေးချိန်က ဘယ်လောက်လဲ။

   ( သို့မဟုတ် )

2. *<u>How much do you weigh?</u>*

   မင်း ဘယ်လောက်လေးသလဲ။



3. *<u>How much does she weigh?</u>*

   သူ့ရဲ့ ကိုယ်အလေးချိန်က ဘယ်လောက်လဲ။

4. *I weigh sixty kilos. / I'm sixty kilos.*

   ကျွန်တော်က ကီလို ၆၀ လေးတယ်။

5. *She weighs fifty kilos .*

   သူမက ကီလို ၅၀ လေးတယ်။

6. *I weighed 8 pounds at birth.*

   ကျွန်တော့်ကို မွေးတုန်းက ၈ ပေါင်ရှိတယ်။

***neigh*** = ' နေး ' လို့ အသံထွက်ပါ။ ( မြင်းဟီသည် )



| | | | |
|---|---|---|---|
| ***I am*** | | *I' m innocent.* အင်းနုဆဲ့ (န်ထ်) | ကျွန်တော် အပြစ်မရှိပါ။ |
| ***He / She / It*** | ***is*** | *He's innocent.* | သူ အပြစ်မရှိပါ။ |
| ***We / You / They*** | ***are*** | *We're innocent.* | ကျွန်တော်တို့ အပြစ်မရှိပါ။ |

1. *<u>I' m interested in</u> computers.*

   ကျွန်တော် ကွန်ပျူတာကို စိတ်ဝင်စားတယ်။

2. *<u>He's interested in</u> computers.*

   သူ ကွန်ပျူတာကို စိတ်ဝင်စားတယ်။



3. *<u>They're interested in</u> computers.*

   သူတို့ ကွန်ပျူတာကို စိတ်ဝင်စားတယ်။

4. *(A)* Is your mother home ? — မင်း အမေအိမ်မှာ ရှိလား။

   *(B)* No, she's out. — မရှိပါ။ အပြင်သွားတယ်။

5. *(A)* Are your parents home ? — မင်း မိဘတွေ အိမ်မှာ ရှိလား။

   *(B)* Yes, they are. — ရှိပါတယ်။

6. <u>I'm fond of</u> dogs. — ကျွန်တော် ခွေးချစ်တယ်။

   <u>He's fond of</u> dogs. — သူ ခွေးချစ်တယ်။

Free for All



## *Are you ...?*

*She is fond of shopping.*



1. Are you <u>fond of</u> shopping?

   မင်းဈေးဝယ်တာကို နှစ်သက်သလား။

2. Are you <u>fond of</u> dogs?

   မင်းခွေး ချစ်သလား။

3. Is she <u>fond of</u> cooking?

   သူက ချက်ပြုတ်တာကို နှစ်သက်သလား။

4. Is she <u>fond of</u> travelling?

   သူက ခရီးသွားတာကို နှစ်သက်သလား။

5. Are you <u>good at</u> math? ( Am ) အသုံးအနှုန်း

   Are you <u>good at</u> maths? ( Br ) အသုံးအနှုန်း

   မင်း သင်္ချာ တော်လား။



6. Are you satisfied with your progress?

   မင်းရဲ့ တိုးတက်မှုကို ကျေနပ်ရဲ့လား။

7. Are you <u>interested in</u> working for us ?

   ခင်ဗျား ကျွန်တော်တို့ဆီမှာ လုပ်ဖို့ စိတ်ဝင်စားသလား။

8. Are you free this evening?

   ခင်ဗျား ဒီညနေ အားသလား။

9. Are you <u>related to</u> John?

   မင်း ဂျွန်နဲ့အမျိုးတော်သလား။

10. Are you <u>familiar with</u> the software they use?

    ခင်ဗျားသူတို့သုံးတဲ့ **software** ကို ကောင်းကောင်းသိကျွမ်းသလား။

11. Are you sure you locked the door?

    မင်း တံခါးသော့ခတ်ခဲ့တာ သေချာလား။

12. <u>Are you mad at</u> me ? (American) အသုံးအနှုန်း

    မင်းက ငါ့ကို စိတ်ဆိုးနေသလား။

13. <u>Are you angry</u> with me ? ( British ) အသုံးအနှုန်း

    မင်းက ငါ့ကို စိတ်ဆိုးနေသလား။

14. <u>Are you out of your mind</u> ?

    မင်း စိတ်မှ မှန်သေးရဲ့လား။

Free for All



15. Are you crazy / insane ?

မင်း ရူးနေလား။

16. *(a) I'm sick of beans.*

ငါ ပဲစားရတာ ငြီးငွေ့လာပြီ။ ( စိတ်ကုန်လာပြီ )

(b) I'm sick of all this rain.

ဒီမိုးကို စိတ်ကုန်တယ်။

(c) I'm sick of your excuses.

မင်းရဲ့ ဆင်ခြေတွေကို စိတ်ကုန်လာပြီ။

(d) I'm sick of tidying up your mess.

မင်းရှုပ်ထားတာတွေ လိုက်ရှင်းရတာ စိတ်ကုန်လာပြီ။

(e) I'm sick of my job.

ငါ့အလုပ်ကို စိတ်ကုန်လာပြီ။

17. (a) *He's sick of beans.*

သူ ပဲစားရတာ ငြီးငွေ့လာပြီ။

*(b)* He's sick of his job.

သူက သူ့အလုပ်ကို ငြီးငွေ့ နေတယ်။

18. *(A) Are you sure?*

မင်းသေချာလား။

*(B) Positive.*

သေချာပါတယ်။

* * * * *



## *There is / There are*



1. (A) How many players are there in a football team?

ဘောလုံးတစ်သင်းမှာကစားသမားဘယ်နှစ်ယောက်ရှိသလဲ။

(B) There are 11 players in a football team.

ဘောလုံးတစ်သင်းမှာကစားသမား (၁၁) ယောက်ရှိတယ်။

2. There's a train at 10:30.

၁၀ နာရီခွဲမှာ ရထားတစ်စီး ရှိတယ်။

3. (A) Excuse me, is there a bank near here?

ခွင့်ပြုပါ။ ဒီနားမှာ ဘဏ်ရှိသလား။

(B) Yes, at the end of the street.

ရှိပါတယ်။ လမ်းထိပ်မှာပါ။

4. (A) Is there a bus from the city center to the airport?

မြို့ထဲကနေ လေဆိပ်သွားတဲ့ ဘတ်(စ်) ရှိသလား။

(B) Yes, every 20 minutes.

မိနစ် ၂၀ တိုင်း တစ်စီးရှိပါတယ်။

5. Is there life after death?

နောင်ဘဝ ရှိသလား။

6. There is not much room in the back of the car.

ကားနောက်ဖက်မှာ နေရာသိပ်မရှိပါ။

Free for All



7. There are seven days in a week.

တစ်ပတ်မှာ (၇) ရက်ရှိပါတယ်။

8. There are 30 days in September.

စက်တင်ဘာမှာ ရက် ၃၀ ရှိတယ်။

9. There are 50 states in the USA.

USA မှာ ပြည်နယ် ( ၅၀ ) ရှိတယ်။

10. There are some big trees in the park.

ပန်းခြံထဲမှာ သစ်ပင်ကြီးတစ်ချို့ ရှိတယ်။

11. There's a big tree in the park.

ပန်းခြံထဲမှာ သစ်ပင်ကြီး တစ်ပင် ရှိတယ်။

12. There's a good movie on TV tonight.

I'm going to watch it.

ဒီည TV မှာ ရုပ်ရှင်ကားကောင်း တစ်ကား ရှိတယ်။ ငါ အဲဒီကားကိုကြည့်မယ်။

13. Look! There's a photograph of Peter in the newspaper.

ကြည့်စမ်း ၊ သတင်းစာထဲမှာ ပီတာရဲ့ ပုံ ပါတယ်။ ( ရှိတယ် )

14. Is there room for my camera in your bag?

မင်းရဲ့ အိတ်ထဲမှာ ငါ့ကင်မရာအတွက် နေရာရှိလား။

15. Don't eat that bread. There is mold on it.

အဲဒီ ပေါင်မုန့် မစားနဲ့ ၊ မှိုတက်နေပြီ။

• • • • •





1. *Be good.*

လိမ်လိမ်မာမာနေ။

2. *Be brave.*

သတ္တိရှိစမ်းပါ။

3. *Be polite* and say "thank you" and "please".

ယဉ်ယဉ်ကျေးကျေး thank you တို့ please တို့ ထည့်ပြောပါ။

4. *Be serious.* This is no laughing matter.

အလေးအနက်လုပ်စမ်းပါ။ ဒါကရယ်စရာကိစ္စမဟုတ်ဘူး။

5. *Be on time.*

အချိန်မှန်ပါစေ။

*Be punctual.*

အချိန်မှန်ပါစေ။

6. *Please be brief- we don't have much time.*

ကျေးဇူးပြုပြီး ခပ်တိုတိုပြောပါ။ ကျွန်တော်တို့ အချိန်သိပ်မရဘူး။

7. *Be practical!* We can't afford all these expensive luxuries.

လက်တွေ့ ဆန်ပါကွာ ၊ ငါတို့ဒီလောက်ဈေးကြီးတဲ့ ဇိမ်ခံပစ္စည်းတွေ (အဆင့်မြင့်ပစ္စည်း) ဝယ်ဖို့မတတ်နိုင်ဘူး။


8. *Be kind to animals.*

တိရစ္ဆာန်တွေကို ကြင်နာပါ။

Free for All



# can



1. *She can count from 1 to 10 in French.*

   သူက ပြင်သစ်လို ၁ ကနေ ၁၀ အထိ ရေနိုင်တယ်။

2. *(A)* Can you swim?

   မင်းရေကူးတတ်သလား။

   *(B)* Yes, I can.

   ကူးတတ်ပါတယ်။

3. *(A)* Can you drive?

   ခင်ဗျား ကားမောင်းတတ်သလား။

   *(B)* No, I can't.

   မမောင်းတတ်ပါဘူး။

4. Can you ride a horse?

   မင်းမြင်းစီးတတ်လား။


5. Can you row a boat?

   မင်းလှေလှော်တတ်လား။



6. He can play the guitar.

   သူ ဂီတာ တီးတတ်တယ်။



7. Can you run five miles?

   မင်းငါးမိုင်ပြေးနိုင်လား။

8. Can you whistle?

   မင်းလေချွန်တတ်သလား။

9. I can run fast.

   ငါလျင်မြန်စွာ ပြေးနိုင်တယ်။

10. Can you call back tomorrow?

    မင်းမနက်ဖြန်မှ ဖုန်းပြန်ဆက်နိုင်မလား။

11. Can your child tell the time yet?

    မင်းရဲ့ ကလေးက နာရီကြည့်တတ်ပြီလား။

12. He can speak four languages.

    သူက ဘာသာစကား (၄) မျိုး ပြောနိုင်တယ်။

13. We can't wear jeans at work.

    အလုပ်မှာ ငါတို့ ဂျင်းဝတ်လို့ မရဘူး။

14. Can you count from 1 to 10 backwards ?

    မင်း တစ်ကနေ တစ်ဆယ်အထိ ပြောင်းပြန်ရေတတ်သလား။

* * * * *

Free for All



# Could

## ခွင့်တောင်း/ယဉ်ယဉ်ကျေးကျေး ခိုင်းရာတွင် သုံးသည်

1. Susan , could you answer the phone?

   ဆူဇန် ၊ ဖုန်းကိုင်လိုက်ပါဦး။

   John , could you get the phone?

   ဂျွန် ဖုန်းကိုင်လိုက်ပါဦး။

2. Could you sweep under the table, too?

   စားပွဲအောက်ကိုလည်း တံမြက်စီးလှည်းပေးပါ။

3. Could you massage my shoulders?

   ကျွန်တော့်ပခုံးကို နှိပ်ပေးပါ။

4. Could you fill in this form , please? (Br)

   ဒီ ပုံစံစာရွက်ကို ဖြည့်ပေးပါ။

   Could you fill out this form, please? (Am)

   ဒီ ပုံစံစာရွက်ကို ဖြည့်ပေးပါ။

5. Can/ could you turn the radio up? I can't hear it.

   ရေဒီယိုကျယ်ပေးပါ။ ကျွန်တော်မကြားရဘူး။

   The music it too loud. Can you turn it down?

   သီချင်းက ကျယ်လွန်းအားကြီးတယ်။ တိုးပေးပါ။





6. *(A)* May / could I use your phone?

   ခင်ဗျားရဲ့ ဖုန်း တစ်ချက်လောက်ဆက်ပါရစေ။

   *(B)* Feel free / Be my guest.

   ဆက်ပါ ၊ ဆက်ပါ ( လုပ်ပါ ၊ လုပ်ပါ ) ။

7. *(A)* Hello , can I speak to Peter, please?

   ဟဲလို - ပီတာနဲ့ပြောချင်လို့ပါ။

   *(B)* I'm sorry , he's out right now,

   can I take a message?

   ပီတာ အပြင်သွားပါတယ်။ ဘာမှာခဲ့မလဲ။

8. Could you help me stack these chairs?

   ဒီခုံတွေကို ဝိုင်းထပ်ပေးပါ။

9. Could you fasten my necklace for me?

   ကျွန်တော့် ဆွဲကြိုးတပ်ပေးပါ။

10. *(A)* Can / Could / May I ask you a couple of questions?

    မေးခွန်း ( ၂ ) ခု ၊ (၃) ခုလောက် မေးလို့ရမလား။

    *(B)* Certainly / Sure .

    ( ရပါတယ်လို့ ဆိုလိုသည်။ )

Free for All



11. Can I have the check , please ? (Am)

( စားသောက်ဆိုင်တွင် ) ကုန်ကျငွေရှင်းမယ်။

12. Can I have the bill , please? ( Br)

( စားသောက်ဆိုင်တွင် ) ကျသင့်ငွေ ဘီလ် ရှင်းမယ်။

13. Can I borrow your umbrella?

ငါ့ကို မင်းရဲ့ထီး ငှားပါလား။

14. (A) Could I borrow your bicycle? (or)

Could you lend me your bicycle?

ကျွန်တော့်ကို စက်ဘီးငှားပါလား။

(B) Sorry, I lent it to John.

ဝမ်းနည်းပါတယ် ၊ ငါ ဂျွန်ကို ငှားလိုက်တယ်။

15. Could you speak more slowly, please?

ခပ်ဖြည်းဖြည်း ပြောပေးပါ။

16. Can I have your address ( please ) ?

Could I have your address ( please ) ?

May I have your address ( please ) ? (Am )

ခင်ဗျားလိပ်စာ ကျွန်တော့်ကို ပေးပါလား။

**Note:**

Can I ထက် . . . Could I / May I သုံးတာက ပိုယဉ်ကျေးတယ်။



17. Could you open the window?

ပြတင်းပေါက်လေး ဖွင့်ပေးပါ။

18. Could you wipe the table?

စားပွဲသုတ်ပေးပါ။

19. Could you pass (me) the salt ?

ဆားဘူးလေး လှမ်းလိုက်ပါ။

20. Could you peel me an orange ?

လိမ္မော်သီး အခွံနွာပေးပါ။

21. Could you wrap it (up) for me ?

ကျွန်တော့်ကို ဒါလေး ထုပ်ပေးပါ။

22. Could you drop me ( off ) near the bank ?

ကျွန်တော့်ကို ဘဏ်နားမှာ ကားပေါ်က ချပေးပါ။

23. Could you scratch my back for me?

ကျွန်တော့်နောက်ကျောကို ကုပ်ပေးပါ။

24. Could you iron my shirt for me ?

ကျွန်တော့်ရှပ်အင်္ကျီလေး မီးပူတိုက်ပေးပါ။

25. Can / Could / May I leave early today?

ကျွန်တော် ဒီနေ့စောစော ပြန်လို့ရမလား။

26. Can I have your autograph ?

အော်တိုလေး ရေးပေးပါ။

27. I'm a bit confused. Could you explain that again?

ကျွန်တော် နဲနဲရောနေလို့ – တစ်ခေါက်လောက် ရှင်းပြပါဦး။

* * * * *

Free for All



| | | | |
|---|---|---|---|
| *I* | *am* | *- ing* | *I ' m working.* ငါအလုပ်လုပ်နေတယ်။ |
| ***He*** ***She*** ***It*** | *is* | *- ing* | *He's writing a letter.* သူစာရေးနေတယ်။ |
| ***We*** ***You*** ***They*** | *are* | *- ing* | *We're having dinner.* ငါတို့ညစာ စားနေကြတယ်။ |

***am / is / are + - ing =*** တစ်စုံတစ်ခု လုပ်နေသည်။

I'm working.

She's writing a letter.

They're playing football.

I'm not watching television.

1. *(A)* Are the children playing?

   ကလေးတွေ ကစားနေကြသလား။

   *(B)* No, they're asleep.

   အိပ်နေကြတယ်။



2. *(A)* Is it raining?

   မိုးရွာနေသလား။

   *(B)* Yes, take an umbrella.

   ရွာနေတယ် – ထီးယူသွား။





3. She's kissing her granddaughter.

   သူမက သူမရဲ့ မြေးကို နမ်းနေတယ်။

4. I'm considering going to S'pore.

   ကျွန်တော်စင်ကာပူသွားဖို့ စဉ်းစားနေတယ်။

5. I'm considering buying a car.

   ကျွန်တော် ကားဝယ်ဖို့ စဉ်းစားနေတယ်။

6. What are you talking about?

   မင်းတို့ ဘာအကြောင်းပြောနေကြသလဲ။

7. What are you gossiping about?

   မင်းတို့ဘာတွေ အတင်းပြောနေကြတာလဲ။

8. I' m loking for a job with good pay.

   ကျွန်တော် လခကောင်းတဲ့အလုပ်ကို ရှာနေပါတယ်။

9. They're still eating. သူတို့ စားနေကြတုံးပဲ။

10. You're very quiet. What are you thinking?

    မင်းငြိမ်ချက်သားကောင်းနေတယ်။ ဘာတွေစဉ်းစားနေတုံး။

11. He's sleeping upstairs. သူအပေါ် (ထပ်) မှာ အိပ်နေတယ်။

Free for All






1. Stop talking.

   စကားမပြောကြနဲ့။

2. Stop sulking.

   စိတ်ကောက်မနေနဲ့။

3. Stop showing off.

   ရှိုးများ/ထုတ် မနေနဲ့။

4. Stop nagging.

   ဗြစ်တောက်ဗြစ်တောက် လုပ်မနေနဲ့။

5. Stop behaving like an idiot.

   အရူးအပေါလို လုပ်မနေနဲ့။

6. Stop bothering me.

   ငါ့ကို မနှောင့်ယှက်နဲ့။

7. Stop teasing the cat.

   ကြောင်ကို မစနဲ့။

8. Stop interrupting me!

   ငါပြောနေတုန်း ဖြတ်မပြောနဲ့။



9. Stop shoving. ( ရှု ဗင်း) လို့ အသံထွက်ပါ။

   မတွန်းနဲ့။

10. Stop making fun of me.

    ငါ့ကို မလှောင်ပါနဲ့။

11. Stop laughing - it's not funny.

    မရယ်နဲ့ ။ ဒါ ရယ်စရာ မဟုတ်ဘူး။

12. Stop reading for a minute and rest your eyes.

    တဖတ်တာ ခဏရပ်ပြီး မျက်လုံးအနားပေးအုံး။

13. Stop pulling my hair.

    ငါ့ ဆံပင် မဆွဲနဲ့။

14. Stop criticizing my work.

    ငါ့ရဲ့ အလုပ်ကို မဝေဖန်နဲ့။

15. Stop complaining

    ညည်းညူ မနေနဲ့။

16. Stop playing with the remote control.

    ရီမုတ်ကွန်ထရိုး နဲ့ ဆော့မနေနဲ့။

17. Stop stalling and give me an answer.

    အချိန်ဆွဲမနေနဲ့ ငါ့ကို အဖြေပေးပါ။

*shove* - ရှု (ဗ်)လို့အသံထွက်ပါ ။ ( *Love* ကဲ့သို့ အသံထွက်ပါ )
ရှို့ (ဗ်) လို့ အသံမထွက်ပါ။

Free for All



## Have you . . . ပြီးပြီလား

*Have you applied <u>for</u> your passport ?*
မင်း ပတ်(စ်)ပို့ လျှောက်ပြီးပြီလား။

*Not yet.*
မလျှောက်ရသေးဘူး။

| | | | |
|---|---|---|---|
| *apply* | *applied* | *applied* | အလုပ်လျှောက်သည်။ |
| *feed* | *fed* | *fed* | အစာကျွေးသည်။ |
| *peel* | *peeled* | *peeled* | အခွံနွှာသည်။ |

1. Have you fed the cat?

   ကြောင်ကို အစာကျွေးပြီးပြီလား။

2. Have you peeled the potatoes?

   အာလူးတွေ အခွံနွှာပြီးပြီလား။

3. Have you fixed a date for the wedding ? ( ✓ )

   Have you set a date for the wedding ? ( ✓ )

   မင်္ဂလာဆောင်မယ့်ရက်ကို သတ်မှတ်ပြီးပြီလား။

4. Have you finished your homework?

   မင်းအိမ်စာ လုပ်ပြီးပြီလား။

5. Have you told your father?

   မင်းရဲ့အဖေကို ပြောပြီးပြီလား။



6. Have you consulted your lawyer about this?


   ဒါကို ရှေ့နေနဲ့ တိုင်ပင်ပြီးပြီလား။

7. (A) Have you had dinner?

   မင်း ညစာ စားပြီးပြီလား။

   (B) <u>Not yet</u>. I'm just going to have it.

   မပြီးသေးဘူး။ အခုပဲ စားတော့မလို့။



8. (A) Have you repaired my bicycle?

   ကျွန်တော့်စက်ဘီး ပြင်ပြီးပြီလား။

   (B) <u>Not yet.</u> I'm just going to repair it.

   မပြင်ရသေးဘူး။ အခုပဲ ပြင်တော့မလို့။

9. (A) Have you found your watch?

   မင်းရဲ့နာရီ ရှာတွေ့ပြီးလား။

   (B) No, I'm still looking.

   မတွေ့သေးဘူး၊ ရှာနေတုန်းပဲ။

10. Have you paid the electricity bill?

    မင်း မီတာခ ဆောင်ပြီးပြီလား။

11. Have you checked the engine (over)?

    မင်း အင်ဂျင်ကို စစ်ပြီးပြီလား။

12. Have you read the book I lent you?

    မင်း ငါ ငှားလိုက်တဲ့ စာအုပ်ကို ဖတ်ပြီးပြီလား။

* * * * *

Free for All



## Have you ever ...?



1. *(A)* Have you ever been to Japan?

   မင်း ဂျပန်ပြည် ရောက်ဖူးလား။

   *(B)* No , never.

   မရောက်ဖူးဘူး။

2. *(A)* Has Amy ever been to Australia ?

   အေမီ ဩစတြေးလျား ရောက်ဖူးလား။

   *(B)* Yes , once.

   တစ်ကြိမ်ရောက်ဖူးတယ်။

3. *(A)* Have you ever driven a bus?

   မင်း ဘတ်(စ်) ကား မောင်းဖူးသလား။

   *(B)* No, never.

   မမောင်းဖူးပါ။



4. I've never ridden a horse.

   ကျွန်တော် တစ်ခါမှ မြင်းမစီးဖူးပါ။

5. My mother has never travelled by plane.

   အမေက တစ်ခါမှ လေယာဉ်ပျံနဲ့ ခရီးမသွားဖူးဘူး။

6. *(A)* Who is that man?

   ဟိုလူက ဘယ်သူလဲ။

   *(B)* I don't know. I've never seen him before.

   မသိဘူး။ သူ့ကို အရင်က တစ်ခါမှ မတွေ့ဖူးဘူး။

7. I haven't seen Peter *for ages.*

   ငါ ပီတာကို မတွေ့တာ ကြာလှပြီ။

8. I haven't been there for ages.

   ငါ အဲဒီကို မရောက်တာကြာလှပြီ။

9. Where have you been ? I've been waiting for ages.

   မင်းဘယ်သွားနေတာလဲ။ ငါစောင့်နေတာကြာလှပြီ။

10. Have you ever played golf?

    မင်း ဂေါက် ကစားဖူးသလား။

11. Have you ever been in a sports contest?

    မင်း အားကစားပြိုင်ပွဲမှာ ပါဖူးသလား။

12. *(A)* Have you ever broken your leg?

    မင်း ခြေထောက် ကျိုးဖူးသလား။

    *(B)* Yes, once. တစ်ကြိမ် ခြေကျိုးဖူးတယ်။

Free for All



## How long have you . . . . . ?



1. How long have you *known him?*

2. ................................ *lived here?*

3. ................................ *been married?*

၁။ မင်း သူ့ကိုသိတာ ဘယ်လောက်ကြာပြီလဲ။

၂။ မင်းဒီမှာ နေတာ ဘယ်လောက်ကြာပြီလဲ။

၃။ မင်း အိမ်ထောင်ကျတာ ဘယ်လောက်ကြာပြီလဲ။

4. I've known him for a long time.

   ကျွန်တော် သူ့ကို သိတာကြာလှပြီ။

5. I've lived here since 1999.

   ကျွန်တော် ဒီမှာ နေတာ ၁၉၉၉ ကတည်းကပါ။



6. How long have you been in Taunggyi?

   မင်းတောင်ကြီးရောက်တာ ဘယ်လောက်ကြာပြီလဲ ။

   *(i)* Since Monday. တနင်္လာနေ့ထဲက ရောက်တာ။

   *(ii)* For three days. သုံးရက်ရှိပြီ။

7. How long has she been in Taunggyi?

   သူတောင်ကြီး ရောက်တာဘယ်လောက်ကြာပြီလဲ။

   She has been in Taunggyi { *since Monday.* / *for three days.* }

8. How long have you been studying German?

   မင်း ဂျာမန်ဘာသာကို သင်နေတာ ဘယ်လောက်ကြာပြီလဲ။

9. I've been studying German for two years.

   ငါ ဂျာမန်ဘာသာ သင်နေတာ ( ၂ ) နှစ်ရှိပြီ။

10. How long has he been watching T.V?

    သူ TV ကြည့်နေတာ ဘယ်လောက်ကြာပြီလဲ။

11. He's been watching TV since 5 o'clock.

    သူက ၅ နာရီထဲက TV ကြည့်နေတာ။

12. *(A)* How long have you been waiting?

    မင်းစောင့်နေတာ ဘယ်လောက်ကြာပြီလဲ။

    *(B)* Only 5 minutes.

    ၅ မိနစ်ပဲ ရှိသေးတယ်။

Free for All



## How . . . . .

| | | |
|---|---|---|
| ***How*** | ***many*** | ***. . . ?*** |
| ***How*** | ***much*** | ***. . . ?*** |
| ***How*** | ***long*** | ***. . . ?*** |
| ***How*** | ***soon*** | ***. . . ?*** |
| ***How*** | ***far*** | ***. . . ?*** |

1. How many <u>brothers and sisters</u> do you have?

   မင်းမှာ ညီအစ်ကိုမောင်နှမ ဘယ်နှစ်ယောက်ရှိသလဲ။

2. How many <u>siblings</u> do you have?

   sibling = brother or sister

   မင်းမှာ ညီအစ်ကိုမောင်နှမ ဘယ်နှစ်ယောက်ရှိသလဲ။

3. How many cups of coffee do you have a day?

   မင်းတစ်ရက်ကို ကော်ဖီ ဘယ်နှစ်ခွက်သောက်သလဲ။

4. <u>How much is the train fare?</u>

   ရထားခက ဘယ်လောက်လဲ။




5. How much is the bus / taxi fare?

   ဘတ်(စ်)ကားခ / တက္ကစီခ ကဘယ်လောက်လဲ။

6. How much is the doll ? အရုပ်က ဘယ်လောက်လဲ။

7. How tall are you? / What's your height?

   မင်းအရပ် ဘယ်လောက်မြင့်သလဲ။



8. *(i) How soon can you get here?*

   မင်းဘယ်လောက် အမြန်ဆုံးဒီကို လာနိုင်မလဲ။

   *(ii) How soon can you be ready?*

   မင်းဘယ်လောက် အမြန်ဆုံးအဆင်သင့်ဖြစ်မလဲ။

   *(iii) How soon can you finish it ?*

   မင်းဘယ်လောက် အမြန်ဆုံးပြီးအောင်လုပ်နိုင်မလဲ။

9. How far is it? ဘယ်လောက်ဝေးသလဲ။

10. How long did you wait ?

    မင်း ဘယ်လောက်ကြာ စောင့်သလဲ။

11. How much do you spend <u>on</u> food each week?

    မင်း တစ်ပတ်ကို အစားအသောက်ဖိုး ဘယ်လောက်သုံးသလဲ။

12. How often do you go to the dentist?

    မင်း ဘယ်လောက်ကြာရင် တစ်ခါ သွားဆရာဝန်ဆီ သွားသလဲ။

13. How did your exams go?

    မင်းရဲ့စာမေးပွဲက ဘယ်လိုလဲ။ ဖြေနိုင်ရဲ့လား။

14. (i) How boring! ပျင်းဖို့ကောင်းလိုက်တာ။

    (ii) How annoying! စိတ်တိုဖို့ကောင်းလိုက်တာ။

    (iii) How interesting! စိတ်ဝင်စားဖို့ကောင်းလိုက်တာ။

    (iv) How strange ! ထူးဆန်းလိုက်တာ။


    (v) How time flies! အချိန်ကုန် မြန်လိုက်တာ။

    (vi) How romantic! ကဗျာဆန်လိုက်တာ။

Free for All



***an exciting game*** ***excited people***



1. *(A)* I'm so <u>annoyed.</u>

ငါ အတော် စိတ်ဆိုးတယ်။

*(B)* This rain is <u>annoying.</u>

ဒီမိုးက စိတ်တိုဖို့ ကောင်းတယ်။

2. *(A)* I'm really <u>bored.</u>

ငါ တကယ် ပျင်းတယ်။

*(B)* The lesson was <u>boring.</u>

သင်ခန်းစာက ပျင်းစရာကောင်းတယ်။

3. *(A)* I'm <u>confused.</u>

ကျွန်တော် ရော/ရှုပ် နေတယ်။

*(B)* The instructions are <u>confusing.</u>

ညွှန်ကြားချက်တွေက ရှုပ်နေတယ်။



4. (A) I'm <u>disappointed with</u> myself.

ငါ့ကိုငါ စိတ်ပျက်တယ်။

I'm <u>disappointed in</u> you.

မင်းကို ငါ စိတ်ပျက်တယ်။

*(B)* The movie was <u>disappointing.</u>

ရုပ်ရှင်က စိတ်ပျက်စရာကြီး။

5. *(A)* I'm <u>excited.</u> ငါ စိတ်လှုပ်ရှားတယ်။

*(B)* The football match was <u>exciting.</u>

ဘောလုံးပွဲက စိတ်လှုပ်ရှားစရာ ကောင်းတယ်။

6. *(A)* <u>I'm frightened of spiders.</u>

ငါ ပင့်ကူ ကြောက်တယ်။

*(B)* <u>The movie was frightening.</u>

ရုပ်ရှင်က ကြောက်စရာကြီး။

**Note:**

He's so boring - all he ever talks is football.

သူက ပျင်းဖို့ကောင်းတဲ့သူ၊ တစ်ချိန်လုံး ဘောလုံးအကြောင်းပဲ ပြောနေတာပဲ။

I'm boring. ( x )

I'm bored. ( ✓ )

I'm <u>exciting.</u> ( x )

I'm <u>excited.</u> ( ✓ )

Free for All



7. I'm tired.

ငါ ပင်ပန်းတယ်။

8. The journey was really tiring.

ခရီးက တကယ်ကို ပင်ပန်းတယ်။

9. I was very surprised to see him there.

သူ့ကို အဲဒီမှာ တွေ့ရလို့ ကျွန်တော် အလွန်အံ့အားသင့်တယ်။

10. The result was surprising.

ရလဒ်က အံ့အားသင့်စရာပဲ။

11. I was shocked at / by the news of his death.

သူ သေသွားတယ်ဆိုတဲ့ သတင်းကြားရလို့ ငါတုန်လှုပ်သွားတယ်။

12. It was a shocking crime.

တုန်လှုပ်စရာကောင်းတဲ့ မှုခင်းပဲ။

13. I felt / was embarrassed when I dropped my glass.

ဖန်ခွက်ကျသွားတော့ ကျွန်တော်ရှက်လိုက်တာ ( မျက်နှာပူလိုက်တာ )

14. That was so embarrassing.

တော်တော် မျက်နှာပူစရာကောင်းတာပဲ။

15. I'm interested in history.

ကျွန်တော်သမိုင်းကို စိတ်ဝင်စားတယ်။

16. It was an interesting story.

စိတ်ဝင်စားစရာ ဇာတ်လမ်းပဲ။



## Shall I . . . ?

| | |
|---|---|
| *1. It's a bit cold in here.* | *Shall I close the window?* |
| ဒီအထဲမှာ နည်းနည်းအေးတယ်။ | ကျွန်တော်ပြတင်းပေါက်ပိတ်ပေးရမလား။ |
| *2. It's dark in the room.* | *Shall I turn on the light?* |
| ဒီအခန်းထဲမှာ မှောင်တယ်။ | ကျွန်တော်မီးဖွင့်ပေးရမလား။ |
| *3. This TV program is boring.* | *Shall I turn it off?* |
| ဒီ *TV* အစီအစဉ်က ပျင်းစရာကြီး။ | ကျွန်တော် ပိတ်ပေးရမလား။ |

**Shall I . . . ?** တစ်စုံတစ်ခု လုပ်ပေးရမလား ဟု မေးရာတွင် သုံးသည်။

1. *(A)* I'm hungry.

ကျွန်တော် ဗိုက်ဆာတယ်။

*(B)* Shall I make some sandwiches?

ကျွန်တော် အသားညှပ်ပေါင်မုန့် လုပ်ပေးရမလား။

2. *(A)* I'm thirsty.

ငါ ရေငတ်တယ်။

*(B)* Shall I make you some tea?

ကျွန်တော် လက်ဖက်ရည်ဖျော်ပေးရမလား။

Free for All






ကျွန်တော်ဖုန်းကိုင်လိုက်ရမလား။

ရတယ်၊ ငါကိုင်လိုက်မယ်။

3. *(A)* I can't open this packet of biscuits.

ငါ ဒီဘီစကစ်ထုပ် ဖွင့်လို့မရဘူး။

*(B)* Shall I open it for you?

ကျွန်တော် ဖွင့်ပေးရမလား။



4. *(A)* Have we got any bread?

ငါတို့မှာ ပေါင်မုန့်ရှိသေးလား။

*(B)* No, shall I go and get some?

မရှိတော့ဘူး။ ကျွန်တော်သွားဝယ်ပေးရမလား။

5. *(A)* Shall / Should I go to the store?

ကျွန်တော် စတိုးဆိုင်သွားပေးရမလား။

*(B)* No, it's OK. I'll go.

ရပါတယ်။ ငါသွားလိုက်မယ်။

* * * * *



## shall

*Used to make a suggestion or offer or to ask someone about what to do.*

အကြံပြုရာတွင် (သို့) သဘောထား၊ အကြံဉာဏ်၊ မေးခွန်းမေးရာတွင် သုံးသည်။

1. *(A)* Shall I wait here?

ကျွန်တော် ဒီကနေ စောင့်ရမလား။

*(B)* No, come with me.

မစောင့်နဲ့ ။ ငါနဲ့လိုက်ခဲ့။

2. *(A)* Shall we eat now?

ကျွန်တော်တို့ စားကြတော့မလား။

*(B)* Wash your hands first.

မင်းရဲ့ လက်တွေကို အရင်ဆေးဦး။

3. *(A)* Let's have a party .

ငါတို့ ပါတီပွဲ လုပ်ကြရအောင်။

*(B)* Yes, who shall we invite ?

ကောင်းတယ်။ ဘယ်သူတွေကို ဖိတ်မလဲ။

4. *(A)* Shall / Should we get some lottery tickets ?

ငါတို့ ထီလက်မှတ်ဝယ်ကြမလား။

*(B)* OK , how many shall we buy ?

အိုကေ ။ ဘယ်နှစ်စောင်ဝယ်ကြမလဲ။

Free for All



5. (A) Shall / should we have a party ?

ငါတို့ ပါတီပွဲ လုပ်ကြရအောင်လား။

(B) OK, who shall we invite ?

အိုကေ ၊ ဘယ်သူတွေ ဖိတ်ကြမလဲ။

6. What shall I give Jane for her birthday ?

ဂျိမ်းရဲ့ မွေးနေ့အတွက် ဘာလက်ဆောင်ပေးရင် ကောင်းမလဲ။

7. Where shall I drop you off ?

ဘယ်နားမှာ ကားပေါ်က ချပေးရမလဲ။

8. Shall / Should I call you tonight ?

ဒီည မင်းကို ဖုန်းဆက်လိုက်ရမလား။

9. It's a nice day. Shall / Should we go for a walk ?

ရာသီဥတု သာယာတယ်။ ငါတို့လမ်းလျှောက်ထွက်ကြမလား။

10. Where shall we hang this picture ?

ငါတို့ ဒီပုံကို ဘယ်မှာ ချိတ်ရင်ကောင်းမလဲ။

11. I'm going to a party tonight. What shall I wear ?

ဒီညငါ ပါတီပွဲသွားမလို့၊ ဘာဝတ်သွားရင် ကောင်းမလဲ။

12. Shall/Should I give Susan a call ?

ငါ ဆူဇန်ကို ဖုန်းဆက်လိုက်ရမလား။



13. *(A)* Shall we walk home?



ငါတို့ အိမ်ကို လမ်းလျှောက်ကြရအောင်လား။

*(B)* No, let's take / get a taxi.

တက္ကစီနဲ့ သွားကြရအောင်။

14. Shall I go and check for you?

ငါသွားပြီး စစ်ဆေးကြည့်ပေးရမလား။

15. Shall we start tomorrow? ( or )

Let's start tomorrow, shall we?

ငါတို့ မနက်ဖြန် စကြရအောင်လား။

16. What time should I feed the dog tonight?

ခွေးကို ဒီညဘယ်အချိန် အစာကျွေးရမှာလဲ။

17. Shall we order ? I'm starving.

ငါတို့ စားစရာ မှာကြတော့မလား။ ငါ ဗိုက် အရမ်းဆာနေပြီ။

18. Are you warm enough or shall / should I close the window?

မင်းနွေးနွေးထွေးထွေး ရှိရဲ့လား ။ ဒါမှမဟုတ် ငါပြတင်းပေါက် ပိတ်ပေးရမလား။

* Am အသုံးအနှုန်းတွင် shall နှင့် should နှစ်ခုစလုံးကို သုံးသည်။

Free for All



## Will

will အသုံးပြုပုံက } မြန်မာလို ... "မယ်" နှင့်တူသည်။ အနာဂတ်ကို ပြသည်။

1. I'll be right back.

   ခုချက်ချင်း ပြန်လာခဲ့မယ်။

2. I'll be back on Monday.

   တနင်္လာနေ့ ငါ ပြန်ရောက်မယ်။



3. I'll be back before dark.

   မမှောင်ခင် ငါပြန်ရောက်မယ်။

4. I'll tell him.

   သူ့ကို ငါ ပြောလိုက်မယ်။

5. I'll go and buy a take-out / carry-out. (Am အသုံးအနှုန်း)

   I'll go and buy a take-away / carry-away. ( Br အသုံးအနှုန်း )

   ငါ ပါဆယ် သွားဝယ်လိုက်မယ်။

6. We'll wait till the rain stops.

   ငါတို့ မိုးတိတ်တဲ့အထိ စောင့်မယ်။

7. I'll meet you at the station.

   ဘူတာမှာ မင်းကို ငါလာကြိုမယ်။



8. I'll pick you up at 6 o'clock.

   ( ၆ ) နာရီမှာ မင်းကို ငါဝင်ခေါ်မယ်။

9. I'll do it if I get the time.

   အချိန်ရရင် ငါလုပ်လိုက်ပါမယ်။

10. I'll see you off at the airport.

    မင်းကို ငါ လေဆိပ်လိုက်ပို့မယ်။

11. Sit down or you'll lose your seat.

    ထိုင်နေ – နေရာပျောက်သွားမယ်။

12. Don't pull the curtain too hard-it'll rip

    ခန်းဆီးကို သိပ်မဆွဲနဲ့ – စုတ်သွားမယ်။

13. The doctor will operate <u>on</u> her leg tomorrow.

    ဆရာဝန်က သူ့ခြေထောက်ကို မနက်ဖြန် ခွဲလိမ့်မယ်။

14. The clock will stop if you don't wind it.

    သံပတ်မပေးရင် နာရီ ရပ်သွားလိမ့်မယ်။

15. Be careful- the thorns will prick you.

    သတိထား – ဆူးစူးလိမ့်မယ်။



16. We'll wait and see what he says.

    သူဘာပြောတယ်ဆိုတာ ငါတို့စောင့်ကြည့်ကြမယ်။

17. I swear (that) I'll never leave you.


    ငါ မင်းကို ဘယ်တော့မှ မထားခဲ့ပါဘူး ( လို့ ကျိန်ပြောတယ်။ )

Free for All



18. I'll love you forever.

ငါ မင်းကို ထာဝရ ချစ်ပါမယ်။



19. I'll miss you when you go.

မင်းသွားရင် ငါ မင်းကို သတိရနေမယ်။

20. This isn't a through train-you'll have to change.

ဒါတိုက်ရိုက်ရထား မဟုတ်ဘူး။ မင်း(ရထား)ပြောင်းရမယ်။

21. If you don't stop that noise, you'll get a spanking.

မင်းဆူဆူ ညံညံ လုပ်တာမရပ်ရင် ရိုက်ခံရမယ်။

22. Don't touch the iron-you'll burn yourself.

မီးပူကို မထိနဲ့။ အပူလောင်လိမ့်မယ်။

23. If you don't tell her the truth, you'll regret it later.

မင်းသူ့ကို အမှန်မပြောရင် နောက်မှ မင်း နောင်တရလိမ့်မယ်။

24. I'll be in trouble if I get home late.

ငါ အိမ်ပြန်နောက်ကျရင် ဒုက္ခရောက်လိမ့်မယ်။

25. <u>I'll phone the doctor right away.</u>

ငါ ဆရာဝန်ကို ချက်ချင်း ဖုန်းဆက်လိုက်မယ်။

26. <u>I'll phone the doctor straight away.</u>

ငါ ဆရာဝန်ကို ချက်ချင်း ဖုန်းဆက်လိုက်မယ်။

27. I'll warm ( up) some milk .

ငါ နွားနို့နွေးလိုက်မယ်။



28. Will you marry me?

ကျွန်တော့်ကို လက်ထပ်မလား။

29. I'll excuse you this time.

ဒီတစ်ခါတော့ မင်းကို ငါ ခွင့်လွှတ်လိုက်မယ်။

30. I'll explain it to you step by step.

ငါ မင်းကို ခပ်ဖြည်းဖြည်းရှင်းပြပါမယ်။

31. My mother will kill me if she finds out.

အမေသိသွားရင် ငါ့ကို သတ်လိမ့်မယ်။

32. He'll go instead of me.

ကျွန်တော့်အစား သူသွားလိမ့်မယ်။

33. I'll do everything possible.

ဖြစ်နိုင်တာတွေ အားလုံးကို ငါလုပ်ပေးပါ့မယ်။

34. We'll come as soon as possible.

တတ်နိုင်သမျှ အမြန်ဆုံး ကျွန်တော်တို့လာခဲ့မယ်။

35. Will you be able to come?

မင်းလာနိုင်မလား။

36. When will dinner be ready? I' m starving .

ညစာ ဘယ်တော့ အဆင်သင့်ဖြစ်မလဲ။ ငါ ဗိုက် အရမ်းဆာတယ်။

37. <u>I'll pick up the airline tickets</u> on my way from work.

အလုပ်က အပြန်ကျရင် ငါ လေယာဉ်လက်မှတ် ဝင်ယူလိုက်မယ်။

* * * * *

Free for All



## give

1. I'll give you a call about seven, okay?

   မင်းကိုငါ (၇) နာရီလောက် ဖုန်းဆက်လိုက်မယ်။ အိုကေလား။

2. Can you give me a hand? I need to move this box.

   ငါ့ကို တစ်ချက်လောက်ကူမပေးပါဦး။ ဒီသေတ္တာကို ရွှေ့ချင်တယ်။

3. I gave up smoking a year ago.

   ပြီးခဲ့သည့်တစ်နှစ်က ငါ ဆေးလိပ်ဖြတ်လိုက်တယ်။

4. I give up - what's the answer?

   ငါပန်းပေးတယ် ။ အဖြေက ဘာလဲ။

5. Are you going to give up work when you have your baby?

   မင်း ကလေးရရင် အလုပ်လုပ်တာ ရပ်လိုက်မှာလား။

6. Her father finally gave his permission / consent to her marriage.

   နောက်ဆုံးတော့ သူမရဲ့ အဖေက အိမ်ထောင်ပြုမှာကို သဘောတူ လိုက်တယ်။

7. Could you give me a ride to the station , please?

   ကျွန်တော့်ကို ကားနဲ့ ဘူတာလိုက်ပို့ပေးလို့ရမလား။

8. I'll give you three guesses.

   ငါ မင်းကို သုံးခါ ပေးမှန်းမယ်။





(i) *Give me a kiss.*

အာဘွားပေးပါ။

(ii) Give me a pickaback / piggyback.

သား / သမီး ကို . . . ကျောပိုးပါ။

(iii) Give me a hand with this box.

ဒီသေတ္တာကို ဝိုင်းကူမပေးပါ။

(iv) Give me a call when you're ready.

မင်းအဆင်သင့်ဖြစ်ရင် ငါ့ဆီ ဖုန်းဆက်လိုက်ပါ။

(v) Give me a ride on your shoulder, Daddy.

ဒယ်ဒီရဲ့ ပခုံးပေါ်မှာ စီးမယ်။

(vi) Give her a kiss.

သူ့ကို အာဝါးပေးလိုက်ပါ။

(vii) Give me a drink - I'm parched .

ငါ့ကို သောက်စရာ တစ်ခုခု လုပ်ပေးပါ။ ငါ အာခေါင်ခြောက်တယ်။

(viii) Give me your frank opinion.

ငါ့ကို မင်းရဲ့ ပွင့်လင်းတဲ့ ထင်မြင်ချက်ပေးပါ။



(ix) Give me a hug before you go.

အမေ့ကို (သား၊သမီး) မသွားခင် ဖက်ပါဦး။

Free for All



## take

1. Don't take offence / No offence.

   စိတ်မရှိပါနဲ့ ( အကျအန မကောက်ပါနဲ့ ) ။

2. If he offers you the job, take it.

   သူက အလုပ်ကမ်းလှမ်းခဲ့ရင် မင်းလက်ခံလိုက်ပါ။

3. Take my advice and go see a doctor.

   ငါ့ရဲ့ အကြံဉာဏ်ကို ယူပြီးဆရာဝန်သွားပြပါ။

4. The plane took off an hour late.

   လေယာဉ်ပျံက တစ်နာရီ နောက်ကျပြီးမှ တက်သွားတယ်။

5. <u>He's taking his exams</u> tomorrow so he has to go to bed early.

   သူ မနက်ဖြန် စာမေးပွဲဖြေမှာကြောင့် အိပ်ရာစောစော ဝင်ရမယ်။

6. Shall I take a gift to my host family?

   ကျွန်တော် အိမ်ရှင်မိသားစုဆီကို လက်ဆောင်ယူသွားရမလား။

7. Who will take care of me when I am old?

   အသက်ကြီးလာရင် ငါ့ကို ဘယ်သူက ကြည့်ရှုစောင့်ရှောက်မလဲ။

8. Do you take me for an idiot?

   မင်းက ငါ့ကို အရူးထင်လို့လား။

9. That boy certainly <u>takes after his father.</u> He even walks like him.

   ကောင်လေးကသူ့အဖေနဲ့ လုံးဝတူတယ်။ လမ်းလျှောက်တဲ့ ပုံစံတောင်တူတယ်။



## be going to



£150,000

တစ်စုံတစ်ရာ ဆုံးဖြတ်ထားတာ/ရည်ရွယ်ထားတာကိုပြသည်

1. Susan is going to sell her house.

   ဆူဇန်က သူမရဲ့ အိမ်ကို <u>ရောင်းတော့မယ်။</u>

2. I'm going to phone the employment agency tomorrow.

   ငါ မနက်ဖြန် အလုပ်အကိုင် ရှာဖွေရေး အေဂျင်စီကို ဖုန်းဆက်မယ်။

3. Tom's bought a building site. He's going to build a house.

   တွမ်က မြေကွက်ဝယ်ပြီးသွားပြီ။ သူအိမ်တစ်လုံးဆောက်လိမ့်မယ်။

4. She's going to buy some books tomorrow.

   မနက်ဖြန် သူစာအုပ်ဝယ်လိမ့်မယ်။

5. I'm going to <u>complain to</u> the police.

   ငါရဲကို တိုင်မယ်။

6. I'm not going to have breakfast this morning. I'm not hungry.

   ငါ မဆာလို့ မနက်စာ မစားတော့ဘူး။

Free for All



7. (A) Are you busy this evening?

မင်းဒီညနေ အလုပ်များသလား။

(B) Yes, I'm going to meet Jack at the library at seven. We're going to study together.

အေး၊ (၇)နာရီမှာ ဂျက်နဲ့စာကြည့်တိုက်မှာတွေ့မယ်။

ငါတို့ အတူတူ စာကျက်ကြမလို့။

8. (A) Why did you buy this paint?

ဒီသဘော်ဆေးကို မင်းဘာဖြစ်လို့ဝယ်တာလဲ။

(B) I'm going to paint my bedroom tomorrow.

မနက်ဖြန် ငါ့ရဲ့အိပ်ခန်းကို ဆေးသုတ်မလို့။

9. (A) The phone's ringing. ဖုန်းလာနေတယ်။

(B) I'll get it.
I'll answer it. } ငါကိုင်လိုက်မယ်။

10. (A) I don't understand this problem.

ငါ ဒီပုစ္ဆာ နားမလည်ဘူး။



(B) Ask your teacher about it.

She'll help you.

ဆရာမကိုမေး ၊ သူမင်းကို ကူပါလိမ့်မယ်။



**Notes:**

1. The doorbell is ringing. I'll call you back.

တံခါး ဘဲလ်မြည်နေတယ်။ ငါဖုန်းပြန်ဆက်လိုက်မယ်။

( I'm going to call you back . သုံးလို့မရပါ )

2. Look at the sky! It's going to rain.

ကောင်းကင်ကိုကြည့် ၊ မိုးရွာတော့မယ်။

3. (i) *<u>I'm playing</u> tennis with John tomorrow.*

မနက်ဖန် ငါ ဂျွန်နဲ့ တင်းနစ်ကစားမယ်။

(ii) *<u>I'm having a party</u> next week.*

နောက်တစ်ပတ်ကျရင် ငါ ပါတီပွဲလုပ်မယ်။

(iii) *<u>He's flying</u> to Japan next weeek.*

နောက်တစ်ပတ်ဆို သူ ဂျပန်သွားတော့မယ်။

(iv) *I'm seeing ( = meeting ) the director tomorrow.*

မနက်ဖြန် ငါ ဒါရိုက်တာနဲ့ တွေ့မယ်။

(v) I'm having my ears pierced.

ငါ နားဖောက်တော့မယ်။

( အထက်ပါ ဝါကျများတွင် တစ်စုံတစ်ခု စီစဉ်ပြီးပြီကို ပြသည် )

* * * * *

Free for All



## Let

1. Let go of my arm or I'll scream.

   ငါ့ လက်မောင်းကို လွှတ် ၊ မလွှတ်ရင် အော်လိုက်မယ်။

2. I'll come if my daddy lets me.

   ငါ့ အဖေ ခွင့်ပြုရင် ငါလာခဲ့ပါမယ်။

3. Let him play outside.

   သူ့ကို အပြင်မှာ ပေးကစားလိုက်ပါ။

4. Don't let the camera get wet.

   ကင်မရာကို မစိုစေနဲ့။



5. Let me alone - I'm reading.

   ငါ့ကို မနှောင့်ယှက်နဲ့ ၊ ငါစာဖတ်နေတယ်။

6. Let me carry that bag for you.

   မင်းရဲ့အိတ်ကို သယ်ပေးမယ်လေ။

7. Have you any rooms to let?

   မင်း အခန်းတွေငှားဖို့ ရှိသလား။

8. If you're interested, let me know.

   မင်းစိတ်ဝင်စားတယ်ဆိုရင် ငါ့ကို အသိပေးပါ။

9. Let me know as soon as possible.


   တတ်နိုင်သမျှ ငါ့ကို အမြန်ဆုံး အသိပေးပါ။

10. Let us know if you need any more information.

    သတင်းအချက်အလက် နောက်ထပ်လိုလျှင် ငါတို့ကို အသိပေးပါ။



## Let's



1. Let's dance. ကကြစို့။
2. Let's sing. သီချင်းဆိုကြစို့။
3. Let's go swimming ရေသွားကူးကြရအောင်။
4. Let's go for a walk. လမ်းလျှောက်ထွက်ကြရအောင်။
5. Let's go for a picnic. ပျော်ပွဲစား ထွက်ကြရအောင်။
6. Let's sit in the shade. အရိပ်ထဲမှာ ထိုင်ကြရအောင်။
7. Let's play hide-and-seek. တူတူပုန်းတမ်းကစားကြရအောင်။
8. Let's break for coffee.

   ကော်ဖီသောက်ဖို့ ခဏနားကြရအောင်။

9. Let's take a short break.

   ငါတို့ ခဏလေး နားကြရအောင်

10. (A) Let's go out and eat.

    အပြင်ထွက်ပြီး တစ်ခုခု စားကြရအောင်။

    (B) Okay , but let's go Dutch.

    အိုကေ။ ဒါပေမယ့် ကိုယ်စားတာ ကိုယ်ရှင်းကြရအောင်။

**Note:**

**( Let's = Let us )** . . . . . ကြရအောင်

Free for All



## *Why don't ...*

( used to make a suggestion ) အကြံပေးရာတွင်သုံးသည်။

1. Why don't you go lie down ?

   သွားလှဲလိုက်ပါလား။

2. Why don't you write that down ?

   ရေးထားလိုက်ပါလား။

3. Why don't you take some water?

   ရေသောက်လိုက်ပါလား။

4. Why don't you go with him ?

   သူနဲ့ လိုက်သွားပါလား။

5. Why don't you ask your daddy?

   မင်းရဲ့ အဖေကို မေးကြည့်ပါလား။

6. Why don't you go out and play ?

   အပြင်မှာသွားကစားပါလား။

7. Why don't you leave your jacket in the car?

   အပေါ်အင်္ကျီ(coat အတို ) ကို ကားထဲမှာ ထားခဲ့ပါလား။

8. Why don't you put an advertisment (ad ) in the paper to sell your car?

   ကားရောင်းဖို့ သတင်းစာထဲကြော်ငြာထည့်လိုက်ပါလား။



## *Should / ought to . . . သင့်တယ်*

### အကြံပေးရာတွင် သုံးသည်။

1. You should brush your teeth twice a day.

   တစ်နေ့ကို နှစ်ခါ သွားတိုက်သင့်တယ်။

2. If you have time, you should visit the Science Museum. It's very interesting.

   အချိန်ရရင် သိပ္ပံပြတိုက် သွားလည်သင့်တယ်။ အရမ်းစိတ်ဝင်စားဖို့ကောင်းတယ်။

3. It's a good movie. You should go and see it.

   အဲဒီရုပ်ရှင်ကောင်းတယ်။ မင်းသွားကြည့်သင့်တယ်။

4. You ought to read this book. It's really interesting.

   မင်းဒီစာအုပ် ဖတ်သင့်တယ်။ တကယ်စိတ်ဝင်စားဖို့ကောင်းတယ်။

5. You should study harder. / You ought to study harder.

   မင်း ပိုပြီး စာကြိုးစားသင့်တယ်။

6. There should / ought to be more buses on this route.

   ဒီဘတ်စ်ကား လမ်းကြောင်းမှာ ဘတ်စကားတွေ ပိုပြီးရှိသင့်တယ်။

7. You shouldn't leave your keys in the car.

   ကားသော့ကို မင်းကားထဲမှာ မထားခဲ့သင့်ဘူး။

8. You shouldn't eat so much.

   မင်းဒီလောက် မစားသင့်ဘူး။



Free for All



## *had better*

အကြံပေးရာတွင် သုံးသည်။

1. It's bleeding. You'd better go see a doctor.

   ...................... You should ........................

   ...................... You ought to ........................

   သွေးထွက်နေတယ်။ ဆရာဝန် သွားပြရင် ကောင်းမယ်။

2. It looks like rain. You'd better take an umbrella.

   မိုးရွာမယ့်ပုံပဲ။ ထီးယူသွားရင် ကောင်းမယ်။

3. You'd better go now or you'll be late for class.

   မင်းသွားတော့ ဒါမှမဟုတ်ရင် အတန်းနောက်ကျနေလိမ့်မယ်။

4. You'd better mend that hole in the fence.

   ခြံစည်းရိုးကအပေါက်ကို ပြင်ရင်ကောင်းမယ်။

5. *(i) Don't*
   *(ii) You shouldn't* } *put anything on top of the amplifier.*
   *(iii) You'd better not*

   ၁။ အသံချဲ့စက်ပေါ်မှာ ဘာမှ မတင်နဲ့။

   ၂။ အသံချဲ့စက်ပေါ်မှာ မင်းဘာမှ မတင်သင့်ဘူး။

   ၃။ အသံချဲ့စက်ပေါ်မှာ မင်း ဘာမှ မတင်ရင် ကောင်းမယ်။



6. *(A) I can't see to read very well.*

   ငါ စာကြည့်လို့ မကောင်းဘူး။

   *(B) You should have your eyes tested.*

   မင်း မျက်လုံး စစ်ကြည့်သင့်တယ်။

   *You'd better have your eyes tested.*

   မင်း မျက်လုံး စစ်ကြည့်ရင် ကောင်းမယ်။

7. You'd better do as the doctor says.

   မင်းဆရာဝန်ပြောတဲ့အတိုင်းလုပ်ရင် ကောင်းမယ်။

8. You'd better not drink any more. You're the driver.

   မင်းနောက်ထပ်မသောက်ရင် ကောင်းမယ်။

   မင်းက ကားဆရာ။ ( မင်းက ကားမောင်းရမည့်သူ )

9. *(i)* You shouldn't go there alone.

   မင်း အဲဒီကို တစ်ယောက်တည်း မသွားသင့်ဘူး။

   *(ii)* You'd better not go there alone.

   မင်း အဲဒီကို တစ်ယောက်တည်း မသွားရင် ကောင်းမယ်။

**Note:**

It's a good movie. You should go and see it. ( ✓ )

အဲဒီရုပ်ရှင် ကောင်းတယ်။ မင်းသွားကြည့်သင့်တယ်။

It's a good movie. You'd better go and see it. ( x )

Free for All



## used to




1. <u>She used to have very long hair.</u>

   သူမ အရင်က ဆံပင်ရှည်ထားတယ်။

2. He used to work in a factory.

   အရင်က သူ စက်ရုံမှာ လုပ်တယ်။

3. I used to watch TV a lot.

   အရင်က ကျွန်တော် TV အလွန်ကြည့်တယ်။

4. There used to be four cinemas in the town.

   Now, there is only one.

   အရင်က မြို့မှာရုပ်ရှင်ရုံ လေးရုံရှိတယ်။ အခုတစ်ရုံပဲရှိတယ်။

5. I used to live alone.

   အရင်က ငါတစ်ယောက်ထဲ နေတယ်။

6.*(A)* Do you eat beef ? မင်း အမဲသားစားလား။

*(B)* No, but I used to . အရင်ကစားတယ်။ အခု မစားတော့ဘူး။



1. I'm used to <u>getting up</u> early.

   ကျွန်တော် စောစောအိပ်ယာထတာ အကျင့်ရှိပါတယ်။

2. I'm not used to <u>eating</u> so much.

   ကျွန်တော်က ဒီလောက်အများကြီးစားတာ အကျင့်မရှိဘူး။

3. I'm not used to <u>driving</u> on the left.

   ကျွန်တော်က ဘယ်ဘက်မောင်းတာ အကျင့်မရှိဘူး။

4. I'm used to <u>dealing with</u> all kinds of people

   in my job.

   အလုပ်မှာ လူပေါင်းစုံနဲ့ ဆက်ဆံရတာ ကျွန်တော်အကျင့်ရှိပါတယ်။

5. <u>I'm used to having</u> very little sleep.

   ကျွန်တော် နည်းနည်းအိပ်တာ အကျင့်ရှိတယ်။

6. <u>I'm used to walking</u> because I haven't got a car.

   ငါ့မှာ ကားမရှိတဲ့အတွက် ငါက လမ်းလျှောက်တာ အကျင့်ရနေပြီ။

## about to

1. Sit down everyone . The movie is about to start.

   အားလုံးထိုင်ကြပါ။ ရုပ်ရှင်စတော့မယ်။

2. The plane is about to take off.

   လေယာဉ်ပျံ တက်တော့မယ်။

3. We were about to leave when John arrived .

   ဂျွန်ရောက်တော့ ကျွန်တော်တို့က ထွက်တော့မလို့။

Free for All



## *have to* . . . ရတယ်။

1. In many countries men have to do military service.

   များစွာသော တိုင်းပြည်မှာ ယောက်ျားတွေ စစ်မှုထမ်းရတယ်။

2. Does Susan have to work on Saturdays?

   ဆူဇန်က စနေနေ့ အလုပ်လုပ်ရသလား။

3. We had to do lots of boring exercises.

   ငါတို့ ပျင်းစရာကောင်းတဲ့ လေ့ကျင့်ခန်းတွေ လုပ်ရတယ်။

4. Did she have to pay a fine?

   သူ ဒဏ်ကြေး ပေးရသလား။

5. At the end of the course, all the students have to take a test.

   သင်တန်းပြီးတဲ့အခါ ကျောင်းသားအားလုံး စာမေးပွဲဖြေရတယ်။

6. We took an exam yesterday. We had to answer eight questions out of ten.

   မနေ့က ငါတို့စာမေးပွဲ ဖြေတယ်။ ဆယ်ပုဒ်မှာ ရှစ်ပုဒ်ဖြေရတယ်။

7. I'm going to bed early tonight.

   I have to get up early tomorrow.

(=) I've got to get up early tomorrow.

(=) I gotta get up early tomorrow.

   ငါစောစောအိပ်ရာဝင်တော့မယ်။ ငါ မနက်ဖြန် စောစောထရမယ်။



## *must*

1. The windows are very dirty. I must clean them.

   ပြတင်းပေါက်တွေ အလွန်ညစ်ပတ်နေပြီ ၊ ငါသန့်ရှင်းရေးလုပ်ရမယ်။

2. We must go to the bank today. We haven't got any money.

   ဒီနေ့ ငါတို့ ဘဏ်ကိုသွားရမယ်။ ငွေမရှိတော့ဘူး။

3. It's a fantastic movie. You must see it.

   အလွန်ကောင်းတဲ့ ရုပ်ရှင်ပဲ မင်းကြည့်ရမယ်။

   ( ကြည့်သင့်တယ်လို့ ဆိုလိုသည်။ )

4. You must try this pudding- it's delicious.

   ဒီပူတင်း မင်းစားကြည့်ရမယ် ၊ အလွန်အရသာရှိတယ်။

5. <u>I musn't forget to phone George.</u>

   ငါ ဂျော့ဆီ ဖုန်းဆက်ရမှာကို မေ့လို့မရဘူး။



6. The museum is <u>a must</u> for all visitors.

   ပြတိုက်ဟာ ခရီးသည်တွေ ကြည့်ကိုကြည့်ရမယ့် နေရာတစ်ခုဖြစ်တယ်။

7. You must finish your homework.

   မင်းအိမ်စာ ပြီးအောင်လုပ်ရမယ်။

8. You must come home before midnight.

   ည (၁၂) နာရီမတိုင်ခင် အိမ်ပြန်ခဲ့ရမယ်။

9. All passengers must wear seat belts.

   ခရီးသည်အားလုံး ထိုင်ခုံခါးပတ် ပတ်ထားကြရမယ်။

Free for All



## *may / might*

1. Amy may not come to the party.

   အေမီက ပါတီပွဲကို လာချင်မှလာမှာ။

2. He may forget - he's not reliable.

   သူ မေ့သွားရင် မေ့သွားနိုင်တယ်။ သူက စိတ်ချလို့မရဘူး။

3. *(A)* Shall I take an umbrella?

   ငါ ထီးယူသွားရင် ကောင်းမလား။

   *(B)* Yes, you'd better. It might rain.

   ယူသွားရင်ကောင်းမယ်၊ မိုးရွာနိုင်တယ်။

4. *(A)* May I sit here?

   ကျွန်တော် ဒီမှာ ထိုင်လို့ရမလား။

   *(B)* Yes , of course. ရပါတယ်။

5. I may be late so wait until I come.

   ငါနောက်ကျရင် နောက်ကျနိုင်တယ်။ ဒါကြောင့် ငါလာတဲ့အထိ စောင့်ပါ။

7. *(A)* Are you going out tonight?

   မင်းဒီည အပြင်ထွက်မှာလား။

   *(B)* Maybe.

   ထွက်ဖြစ်ချင်လဲ ထွက်ဖြစ်မယ်။

6. May you live a long and happy life.

   ပျော်ရွှင်ပြီး အသက်ရှည် ကျန်းမာပါစေ။



## What's ..... like? .... ပြောပြပါဦး



**What's . . . like ?** used when asking for information about someone or something.

တစ်စုံတစ်ဦး သို့မဟုတ် တစ်စုံတစ်ခုအကြောင်း ပြောပြရန် မေးသည့် မေးခွန်း

1. *(A)* What's your new house like?

   မင်းရဲ့ အိမ်အသစ်က ဘယ်လိုလဲ ။

   *(B)* It's very big.

   အိမ်က အလွန်ကြီးပါတယ်။

2. *(A)* What's S'pore like?

   စင်္ကာပူက ဘယ်လိုလဲ။



   *(B)* It's a fascinating city .

   စိတ်ဝင်စားစရာကောင်းတဲ့ မြို့ဖြစ်ပါတယ်။

Free for All





3. *(A)* What's your sister like?

မင်းရဲ့ ညီမလေးက ဘယ်လိုလူမျိုးလဲ။

*(B)* She's very kind.

သူက အလွန်ကြင်နာတတ်တယ်။

4. *(A)* I met Linda's parents yesterday.

ငါ မနေ့က လင်ဒါရဲ့ မိဘတွေကို တွေ့တယ်။

*(B)* Oh, what are they like?

အော် ၊ သူ့မိဘတွေက ဘယ်လိုလူမျိုးလဲ။

*(A)* They're very friendly.

သူတို့က ခင်တတ်ပါတယ်။

5. *(A)* What's it like studying at a Spanish University?

စပိန်တက္ကသိုလ်မှာ ကျောင်းတက်ရတာ ဘယ်လိုလဲ။

*(B)* It's great. အလွန်ကောင်းပါတယ်။

6. *(A)* There's a new restaurant near my house.

ငါရဲ့ အိမ်နားမှာ စားသောက်ဆိုင်အသစ်ရှိတယ်။

*(B)* What's it like ? Is it good ?

ဆိုင်သစ်ကဘယ်လိုလဲ ၊ ကောင်းလား။

*(A)* I don't know - I haven't been there yet.

မပြောတတ်ဘူး။ ငါလည်း မရောက်သေးဘူး။



7. *(A)* <u>What does he look like?</u> Is he tall with glasses?

သူ့ ရုပ်ရည်ပုံပန်းက ဘယ်လိုလဲ။ အရပ်မြင့်မြင့် ၊ မျက်မှန်နဲ့လား။

*(B)* No. he isn't very tall. He's about average, and he doesn't wear glasses.

အရပ်က မမြင့်ဘူး။ ပုံမှန်အရပ်အမောင်းပဲ။ မျက်မှန်မတပ်ပါဘူး။

8. *(A)* What does your brother look like?

မင်းရဲ့ အစ်ကို ရုပ်ရည်ပုံပန်းက ဘယ်လိုနေသလဲ။

*(B)* Well, he is tall. He's about 1.8 metres.

And he's got dark brown hair.

သူက အရပ်မြင့်တယ်။ (၁.၈) မီတာလောက်မြင့်တယ်။ ဆံပင်က ညိုတယ်။

9. *(A)* What's your new teacher like?

မင်းရဲ့ ဆရာမအသစ်က ဘယ်လိုလဲ။

*(B)* She's really good. We learn a lot.

ဆရာမက တကယ်ကောင်းတယ်။ ကျွန်တော်တို့ အများကြီးသင်ရတယ်။

10. *(A)* What does your Chinese teacher like?

မင်းရဲ့ တရုတ်စာဆရာမ ဘာကြိုက်လဲ။

*(B)* She likes tea. သူက လက်ဖက်ရည်ကြိုက်တယ်။

11. *(A)* What's your Chinese teacher like?

မင်းရဲ့ တရုတ်စာဆရာမက ဘယ်လိုလူမျိုးလဲ (သဘောကောင်းလား...)

*(B)* She's very strict. သူက စည်းကမ်းကြီးတယ်။

Free for All



## Would you like . . . ?

Would you like...? = Do you want ... ?

( used in polite offers or invitations )

ယဉ်ကျေးစွာ ကမ်းလှမ်းခြင်း / ဖိတ်ကြားခြင်း။

1. *(A)* Would you like some coffee?

   ကော်ဖီသောက်ပါဦး / ကော်ဖီသောက်မလား။

   *(B)* Yes, please. ဟုတ်ကဲ့။

2. *(A)* <u>What would you like</u> to drink?

   = <u>What do you want</u> to drink?

   ခင်ဗျား ဘာသောက်မလဲ။

   *(B)* A glass of water, please.

   ရေတစ်ခွက်လောက်။

3. *(A)* Would you like something to eat?

   တစ်ခုခုစားပါဦး / တစ်ခုခုစားမလား။

   *(B)* No, thank you. I'm not hungry.

   ကျွန်တော်မဆာဘူး ၊ ကျေးဇူးပါပဲ။






4. *(A)* Do you like bananas?

   မင်းငှက်ပျောသီးကြိုက်သလား။

   *(B)* Yes, I love them.

   အလွန်ကြိုက်တယ်။

5. *(A)* Would you like a banana?

   မင်းငှက်ပျောသီးစားမလား။

   *(B)* No, thank you.

   မစားတော့ဘူး ၊ ကျေးဇူးပဲ။

6. *(A)* Would you like to go to the movies tonight?

   ဒီည မင်းရုပ်ရှင်သွားကြည့်ချင်သလား။

   *(B)* Yes, I 'd love to.

   သွားကြည့်ချင်ပါတယ်။

7. *(A)* Would you like to play?

   မင်း ကစားချင်သလား။

   *(B)* No, thanks. I'll just watch.

   ဟင့်အင်း ၊ ကြည့်ရုံပဲ ကြည့်ပါမယ်။

7 LIGHT

Free for All



8. Would you like to dance?
Do you want to dance?
Wanna dance?
} ကျွန်တော်နဲ့ ကမလား။

9. Would you like a window or aisle seat?
ပြတင်းပေါက်ဘေးက ထိုင်ခုံ ယူမလား။ အလယ်လူသွားလမ်းဘေးက ခုံ ယူမလား။
aisle = အိုင်း(လ်) လို့ အသံထွက်ပါ။

**Note:**

(i) <u>What would you like</u> to do next weekend ?
နောက်တစ်ပတ် စနေ ၊ တနင်္ဂနွေ မင်းဘာလုပ်ချင်သလဲ။

(ii) <u>What do you like</u> to do on weekends?
စနေ ၊ တနင်္ဂနွေနေ့မှာ မင်းဘာလုပ်တာကို နှစ်သက်သလဲ။

<u>I'd like ( I would like)</u> is a polite way of saying <u>'I want'</u>

(a) ( in a tourist office ) I'd like a road map , please.
ကျွန်တော် လမ်းပြမြေပုံလိုချင်လို့ပါ။

(b) I'm thirsty. I'd like a drink.
ကျွန်တော် ရေငတ်လို့ ၊ တစ်ခုခု သောက်ချင်ပါတယ်။

(c) I'd like some information about hotels , please.
ဟိုတယ်နဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေ လိုချင်လို့ပါ။



| | | |
|---|---|---|
| completely | totally | utterly |
| absolutely | entirely | thoroughly |

... လုံးဝ

1. I completely forgot.
ငါ လုံးဝ မေ့သွားတယ်။

2. It completely slipped my mind.
ငါ လုံးဝ မေ့သွားတယ်။

3. She's completely without shame.
သူက လုံးဝအရှက်မရှိဘူး။

4. The drug is completely safe.
ဆေးက လုံးဝအန္တရာယ် မရှိပါ။

5. You're absolutely right.
မင်း လုံးဝ မှန်ပါတယ်။

6. You can trust her absolutely.
မင်း သူ့ကို လုံးဝ စိတ်ချလို့ရတယ်။

7. It's totally unacceptable.
အဲ့ဒါကို လုံးဝလက်မခံနိုင်ဘူး။

8. She was utterly unaware of her danger.
သူ့အန္တရာယ် သူ လုံးဝ မသိပါ။

9. He's thoroughly honest.
သူက လုံးဝကို ရိုးသားပါတယ်။



Free for All





10. Although they are twins, they look entirely different.

သူတို့က အမြွှာပေမယ့် လုံးဝမတူဘူး။

## *constantly*

1. She worries constantly.

   သူက တစ်ချိန်လုံး စိတ်ပူတယ်။

2. He is constantly changing his mind.

   သူက အမြဲတမ်း စိတ်ပြောင်းနေတယ်။

3. Her daughter is constantly on the phone.

   သူ့သမီးက တစ်ချိန်လုံး ဖုန်းပြောနေတယ်။

4. She's fat because she eats constantly.

   သူက အမြဲစားနေတာကြောင့် ဝတယ်။

5. She is in constant pain.

   သူက တစ်ချိန်လုံး နာနေတယ်။





## *occasionally*

1. We occasionally go to the library.

   ကျွန်တော်တို့ တစ်ခါတစ်လေ စာကြည့်တိုက်သွားကြတယ်။

2. I visit Margaret occasionally.

   ကျွန်တော် တစ်ခါတစ်လေ မာဂရက်ဆီ သွားလည်တယ်။

3. Occasionally we go out to restaurants , but mostly we eat at home.

   ကျွန်တော်တို့ တစ်ခါတစ်လေကျရင် စားသောက်ဆိုင်သွားတယ်။ အများအားဖြင့်တော့ အိမ်မှာ စားကြတယ်။

## *rarely*

1. I rarely go to bed before midnight.

   ညသန်းခေါင် မတိုင်ခင် ကျွန်တော် အိပ်ရာဝင်ခဲတယ်။

2. She rarely goes out after dark.

   မှောင်သွားရင် သူ အပြင်ထွက်ခဲတယ်။

Free for All



## *actually*

1. Is he actually going to sell his car?

   သူက ကားကို တကယ်ရောင်းတော့မှာလား။

2. He looks quite young, but he's actually about 50.

   သူ့ကြည့်ရတာ အတော်ငယ်ပုံရတယ်၊ အမှန်ကသူက အသက် ၅၀ လောက်ရှိပြီ။

3. No one actually saw the shark.

   အမှန်တကယ်တော့ ဘယ်သူကမှ ငါးမန်းကို မတွေ့ပါဘူး။

4. Do you actually believe that?

   မင်း ဒါကို တကယ်ယုံလား။

## *practically*

### *( almost , nearly )*

1. We see her practically every day.

   ကျွန်တော်တို့ သူ့ကို နေ့တိုင်းနီးပါး တွေ့တယ်။

2. Lunch is practically ready, so come to the table.

   နေ့လည်စာက အဆင့်သင့်ဖြစ်လုနီးပါးပဲ၊ စားပွဲကို လာကြတော့။

3. I've practically finished - I'll come in a minute.

   ကျွန်တော် ပြီးလုနီးပါးဖြစ်နေပြီ ။ နောက်ခဏလေး ဆိုလာခဲ့မယ်။



## အသုံးများသော စကားလုံးတွဲများ ( *in . . .* )



1. They're <u>in love</u> ( with each other ).

   သူတို့ ၂ ယောက် ချစ်နေကြတယ်။

2. Your're <u>in luck</u> - there's one ticket left.

   မင်းကံကောင်းတယ် ၊ လက်မှတ်တစ်စောင် ကျန်သေးတယ်။

3. Mangoes are <u>in season</u>.

   သရက်သီးတွေ ပေါ်နေပြီ။

4. I'll be back <u>in a jiffy.</u>

   တစ်အောင့်နေ ကျွန်တော် ပြန်လာခဲ့မယ်။

5. Why are you <u>in such a hurry?</u>

   မင်း ဘာဖြစ်လို့ ဒီလောက် အရင်လိုနေတာလဲ။

6. He is heavily <u>in debt.</u>

   သူ အကြွေးတအားတင်နေတယ်။

7. The star travelled <u>in disguise.</u>

   နာမည်ကြီး ( မင်းသား၊ အားကစားသမား . . . ) က ရုပ်ဖျက်ပြီး ခရီးထွက်တယ်။

8. She left the room <u>in disgust.</u>

   သူမကအခန်းထဲကနေစက်ဆုတ်ရွံရှာစွာထွက်သွားတယ်။

Free for All



9. James Bond is in danger.

ဂျိမ်းစဘွန်း အန္တရာယ်ကြုံနေတယ်။

10. The room was in complete disorder.

အခန်းက လုံးဝရှုပ်ပွနေတယ်။

11. Put these things in order.

ဒီပစ္စည်းတွေကို နေရာတကျထားပါ။

12. Good teachers are always in demand.

ဆရာကောင်းတွေကို အမြဲလိုအပ်တယ်။

13. Here's the sports news in brief.

အားကစားသတင်းတွေကို အတိုချုံး ပြောကြားပါမယ်။

14. Black is in vogue.

အနက်ရောင် ခေတ်စားနေတယ်။

15. Faded jeans are still in fashion.

အရောင်မှိန်တဲ့ ဂျင်းတွေက ခေတ်စားတုန်းပဲ။

16. Milk is rich in calcium.

နွားနို့က ကယ်လ်စီယမ်ဓာတ် ကြွယ်ဝတယ်။

17. In my opinion , you're wrong.

ငါ့အမြင်ပြောရရင် မင်းမှားတယ်။

18. The house was in chaos after the party.

ပါတီပွဲပြီးတော့ အိမ်ကလုံးဝ ရှုပ်ပွနေတယ်။

**Note:**

chaos - ခေးအော့(စ်) လို့ အသံထွက်ပါ။

complete disorder or confusion



19. Don't keep us in supense. Tell us what happened.

ကောင်းခန်းမှာ ရပ်မထားနဲ့ ( တို့ရင်တုန်အောင် မလုပ်ပါနဲ့ ) ။

ဘာဖြစ်တယ်ဆိုတာ ငါတို့ကို ပြောပါဦး။

20. I'd like to speak to the person in charge.

ကျွန်တော် တာဝန်ခံနဲ့ ပြောချင်ပါတယ်။



21. Let's keep in touch .

ငါတို့ အဆက်အသွယ် မပြတ်လုပ်ထားကြရအောင်။

22. They were sent home in disgrace.

သူတို့ အရှက်တကွဲ အိမ်ကိုပြန်ပို့ခံရတယ်။

23. She's in a poor state of health.

သူ့ကျန်းမာရေး အခြေအနေက မကောင်းဘူး။

24. I'm getting forgetful in my old age.

ကျွန်တော် အသက်ကြီးလာတော့ မေ့တတ်လာပြီ။

25. I'd like to thank him in person.

ကျွန်တော် သူ့ကို လူကိုယ်တိုင် ကျေးဇူးတင်ကြောင်း ပြောချင်တယ်။

26. Don't pick your nose in public.

လူရှေ့သူရှေ့ နှာခေါင်းမနှိုက်ပါနဲ့။

27. His ring was in pawn.

သူ့လက်စွပ်က ပေါင်ထားရတယ်။

28. I love science fiction in particular.

ကျွန်တော် သိပ္ပံဝတ္ထုကို အထူးသဖြင့် ကြိုက်တယ်။

Free for All



29. I've got a terrible pain in my back.

    နောက်ကျောက တအားနာတယ်။

30. The dying man was in agony.

    သေခါနီးလူကြီးက တစ်အားနာနေတယ်။

31. Can I talk to you in private?

    မင်းကိုငါ လွတ်လွတ်လပ်လပ် စကားပြောလို့ရမလား။

32. She showed no sympathy when I told her I was in trouble.

    ငါ ဒုက္ခရောက်နေကြောင်း သူ့ကို ပြောတော့ သူက သနားတဲ့ပုံ မပြဘူး။

33. A fish bone got stuck in her throat.

    သူမရဲ့ လည်ချောင်းမှာ ငါးအရိုး စူးနေတယ်။

34. They have nothing in common- I don't know why they're getting married.

    သူတို့နှစ်ယောက်အသွင်မတူဘဲနဲ့ ဘာဖြစ်လို့ လက်ထပ်ကြမလဲ မသိဘူး။

35. He looks handsome in uniform.

    သူက ယူနီဖောင်းနဲ့ဆိုရင် ကြည့်ကောင်းတယ်။

36. The rent must be paid in advance.

    ငှားရမ်းခကို ကြိုတင်ပေးရပါမယ်။

37. The car is in good condition.

    ကားက အခြေအနေ ကောင်းပါတယ်။ ( ကားက သန့်ပါတယ် )

* * * * *



## အသုံးများသော စကားလုံးတွဲများ ( . . . off )

1. I told the boys off for swearing.

   ကောင်လေးတွေ ဆဲလို့ ကျွန်တော်က ဆူလိုက်တယ်။

2. I'll see you off at the airport.

   မင်းကို ငါလေဆိပ်လိုက်ပို့မယ်။

3. Keep off the grass.

   မြက်ခင်းပေါ် မတက်ရ။

4. Keep off alcohol.

   အရက်မသောက်ပါနဲ့ / အရက်ကိုရှောင်ပါ။

5. Go to the dentist today; don't put it off any longer.

   သွားဆရာဝန်ဆီကို ဒီနေ့ပဲ သွားလိုက်၊ ထပ်ပြီးရက်မရွှေ့နဲ့တော့။

6. The party was called off .

   ပါတီပွဲကို ဖျက်သိမ်းလိုက်သည်။

7. What time are you setting off tomorrow morning?

   မနက်ဖန် မနက်ကို ဘယ်အချိန် ခရီးစထွက်မှာလဲ။

8. Make sure you switch / turn your computer off.

   ကွန်ပျူတာကို Off လုပ်ဖို့ မမေ့ပါနဲ့။

9. Peel off the label.

   လေဘယ် (တံဆိပ်) ကို ခွာလိုက်ပါ။

Free for All



10. Stop showing off.

    တော်ကြောင်း ပြမနေနဲ့၊ ရှိကြောင်း ပြမနေနဲ့။ ( ရှိုးများမနေနဲ့ )

11. Take your feet off the chair.

    မင်းခြေထောက် ထိုင်ခုံပေါ်က ချလိုက်ပါ။

12. I'm going to take a week off.

    ကျွန်တော် ခွင့်တစ်ပတ်ယူမယ်။

* * * * **

## အသုံးများသော စကားလုံးတွဲများ ( *on . . .* )



1. I complimented him on his English.

   ကျွန်တော်က သူရဲ့ အင်္ဂလိပ်စာကို ချီးကျူးလိုက်တယ်။

2. She's on sick leave.

   သူ နေမကောင်းလို့ ခွင့်ယူထားတယ်။

3. I came a bit early on purpose.

   ကျွန်တော် တမင်တကာ နည်းနည်းစောပြီးလာတာ။



4. Look! The car's on fire.

   ကြည့်စမ်း ၊ ကားမီးလောင်နေတယ်။

5. He's on the committee.

   သူက ကော်မတီထဲမှာပါတယ်။

6. John was offered the job on the spot.

   ဂျွန်ကချက်ချင်းပဲ အလုပ်ကို ကမ်းလှမ်းခံရတယ်။

7. The program will be on the air at 7 pm.

   ည (၇း၀၀) နာရီ မှာ အစီအစဉ်ကို ရေဒီယို / တယ်လီဗွီရှင်းကနေ ထုတ်လွှင့်လိမ့်မယ်။

8. I only drink alcohol on occasion.

   ကျွန်တော်ကအရက်ကိုတစ်ခါတရံမှသာ သောက်ပါတယ်။

9. There are thirty dishes / items on the menu.

   မီနူး (ဟင်းအမယ်စာရင်း) ထဲမှာ ဟင်းအမယ်ပေါင်း ၃၀ ရှိပါတယ်။

10. (A) Are you busy?

    မင်းအလုပ်များနေလား။

    (B) No, on the contrary, I'm out of work.

    ဆန့်ကျင်ဖက်ပဲကွာ ၊ ငါ အလုပ်လက်မဲ့ဖြစ်နေတယ်။

11. Be on time.

    Be punctual .

    အချိန်မှန်ပါစေ။

Free for All



## အသုံးများသော စကားလုံးတွဲများ ( out of . . . )

1. Are you <u>out of your mind</u>?

   မင်း စိတ်မှ မှန်သေးရဲ့လား

2. You're <u>out of luck</u>-he left ten minutes ago.

   မင်းကံမကောင်းဘူး၊ သူပြန်သွားတာ ဆယ်မိနစ်ရှိပြီ။

3. The * elevator / lift is <u>out of order.</u> (Am)

   ဓာတ်လှေကားပျက်နေတယ်။

4. We're nearly <u>out of petrol / gas.</u>

   ကျွန်တော်တို့ ဓာတ်ဆီကုန်ခါနီးနေပြီ။

5. Keep this medicine <u>out of reach</u> of the children.

   ဒီဆေးကို ကလေးတွေ မမှီတဲ့နေရာမှာထား။

6. John is <u>out of town</u> this week.

   ဒီတစ်ပတ် ဂျွန်ခရီးသွားနေတယ် / နယ်သွားနေတယ်။

7. He's been <u>out of work</u> for six months.

   သူအလုပ်လက်မဲ့ဖြစ်နေတာ ခြောက်လရှိပြီ။

8. Get <u>out of my sight.</u>

   ငါ့ရှေ့က ထွက်သွားစမ်းပါ။

9. Fur coats have gone <u>out of fashion.</u>

   သားမွေးကုတ်အင်္ကျီက ခေတ်မရှိတော့ဘူး။

10. The doctor says she's <u>out of danger.</u>

    သူ အန္တရာယ်မရှိတော့ဘူးလို့ ဆရာဝန်ကပြောတယ်။

11. She'll never get <u>out of debt.</u>

    သူ ဘယ်တော့မှ အကြွေးကင်းမှာ မဟုတ်ဘူး။



## အသုံးများသော စကားလုံးတွဲများ ( . . .*of* )




1. Are you <u>jealous of</u> me ?

   မင်းငါ့ကို မနာလိုဖြစ်နေသလား။

2. I'm <u>sick to death of</u> all of you.

   မင်းတို့အားလုံးကို ငါသေလောက်အောင်စိတ်ကုန်တယ်။

3. <u>Speaking of</u> Tom, how's he ?

   Tom ဆိုလို့ သူရောနေကောင်းလား။

4. I've got <u>piles of</u> work to do.

   ငါ့မှာ လုပ်စရာအလုပ်တွေ ပုံနေတာပဲ။

5. Don't worry, we still have <u>loads of</u> time.

   စိတ်မပူပါနဲ့။ ငါတို့အချိန်တွေအများကြီးရသေးတယ်။

6. The committee <u>consists of</u> ten members.

   ကော်မတီမှာ အဖွဲ့ဝင် ၁၀ ဦးပါဝင်တယ်။

7. He's a <u>man of few words.</u>

   သူက စကားနည်းတယ်။

Free for All



8. Are you <u>aware of</u> the risks involved?

ဆုံးရှုံးမှုတွေ ရှိနိုင်တာ မင်း သိသလား။

9. Do you <u>approve of</u> Jane's new hairstyle?

ဂျိမ်းရဲ့ ဆံပင်ပုံစံသစ်ကို မင်း သဘောကျလား။

10. The jury found him <u>guilty of</u> murder.

ဂျူရီလူကြီးက သူ့ကို လူသတ်မှုမှာ အပြစ်ရှိကြောင်း တွေ့ရှိရတယ်။

## အသုံးများသော စကားလုံးတွဲများ ( ...*up* )

1. <u>Hurry up</u> and get dressed.

မြန်မြန်လုပ် အဝတ်အစားသွားလဲ။

2. <u>Shut up</u>.

မင်းပါးစပ်ပိတ်ထား။

3. <u>I give up</u> . What's the answer?

ငါပန်းပေးပါတယ်။ အဖြေကဘာလဲ။

4. I can't <u>make up</u> my mind which book to buy.

ငါ ဘယ်စာအုပ်ဝယ်ရမယ်ဆိုတာ စိတ်မဆုံးဖြတ်နိုင်ဘူး။

5. Don't bother to <u>dress up</u>-come as you are.

တကူးတက အဝတ်အစားလဲမနေနဲ့။ ဒီအတိုင်းလိုက်ခဲ့။

6. I got <u>mixed up</u> and went to the wrong restaurant.

ငါ ရောကုန်လို့ စားသောက်ဆိုင်မှားပြီး သွားမိတယ်။





7. I waited for twenty minutes , but he didn't <u>show up</u>.

သူ့ကို မိနစ် ၂၀ စောင့်တယ်။ ဒါပေမဲ့ သူ ပေါ်မလာဘူး။

8. Has your missing ring <u>turned up</u> yet?

မင်းရဲ့ ပျောက်နေတဲ့လက်စွပ် ပြန်တွေ့ပြီလား

9. Don't <u>wait up</u> for me, I may be very late.

အိပ်ယာမဝင်ဘဲ စောင့်မနေနဲ့။ ငါတော်တော် နောက်ကျနိုင်တယ်။

10. What do you want to do when you <u>grow up</u>?

မင်းကြီးလာရင် ဘာလုပ်ချင်လဲ။

11. Can you speak up ? - I can't hear you.

ကျယ်ကျယ်ပြော ၊ မင်းပြောတာ ငါမကြားရဘူး။

12. Something's <u>come up</u> , so I won't be able to go with you.

ကိစ္စလေးပေါ်လာလို့ ငါမင်းနဲ့ မလိုက်နိုင်တော့ဘူး။

13. Well done! <u>Keep it up</u>! .

တော်တယ်။ ဆက်ကြိုးစားပါ။

14. I had to run to <u>catch up</u> with her.

သူ့ကို မီဖို့ ကျွန်တော်ပြေးလိုက်ရတယ်။

Free for All



15. I'm fed up with my job.

ငါ့ အလုပ်ကို ငါစိတ်ကုန်တယ်။

16. They put up at a motel.

သူတို့ မိုတယ်မှာ တည်းတယ်။

## အသုံးများသော စကားလုံးတွဲများ ( . . .*down* )

1. break down = စက်ပျက်သည်။

   Sorry , I'm late . The car broke down.

   ငါနောက်ကျသွားတာ Sorry ပါ ။ ကားပျက်သွားလို့။

2. lie down = လှဲသည်

   Why don't you go lie down?

   မင်း သွားလှဲလိုက်ပါလား။

3. turn down = ငြင်းပယ်သည် / အသံတိုးသည်။ ( လျှော့သည် )

   (i) He turned down her offer.

   သူမရဲ့ ကမ်းလှမ်းမှုကို သူက ငြင်းလိုက်တယ်။

   (ii) Turn down the radio - I'm on the phone.

   ရေဒီယို တိုးလိုက်ပါ။ ငါဖုန်းပြောနေတယ်။

4. Calm down = ဒေါ်မပွပါနဲ့ / စိတ်မပူပါနဲ့။ ( စိတ်အေးအေးထားပါ )

   Calm down and tell me what happened.

   စိတ်တည်တည်ငြိမ်ငြိမ်ထားပြီး ဘာဖြစ်တယ်ဆိုတာကို ငါ့ကိုပြောပြပါ။



5. Cut down = ( အသုံးစရိတ် ) . . . လျှော့သည်။

   She tried to cut down her expenses after her husband's death.

   သူမရဲ့ ခင်ပွန်းဆုံးသွားပြီးနောက်တွင် သူမကအသုံးစားရိတ်ကို လျှော့ဖို့ကြိုးစားသည်။

6. let down = စိတ်ပျက်စေသည်။

   You can rely on me - I won't let you down.

   ငါ့ကို မင်းအားထားနိုင်ပါတယ်။ မင်းစိတ်ပျက်အောင် ငါမလုပ်ပါ။

7. slow down = ဖြည်းဖြည်းမောင်းမောင်းပါ ၊ ဖြည်းဖြည်းလျှောက်ပါ၊
   ဖြည်းဖြည်းသက်သာလုပ်ပါ။

   Hey , slow down . I can't keep up.

   ဖြည်းဖြည်းလျှောက်ပါကွာ ၊ ငါမီအောင်မလိုက်နိုင်ဘူး။

8. Get down from the tree.

   သစ်ပင်ပေါ်က ဆင်းစမ်း။

9. Come on children , stop chatting and settle down , please.

   ကလေးတွေ စကားမပြောကြနဲ့တော့။ ငြိမ်ငြိမ်သက်သက်နေကြ။

10. My doctor says I should cut down on cigarettes.

    ဆရာဝန်က ကျွန်တော်စီးကရက်လျှော့သင့်တယ်လို့ပြောတယ်။

11. She looks down on her husband's relatives.

    ယောကျ်ားရဲ့ ဆွေမျိုးတွေကို သူကအထင်သေးတယ်။

* * * * *

Free for All



## Leave

1. Don't leave go or you'll fall.

   မလွှတ်လိုက်နဲ့ ၊ လိမ့်ကျမယ်။

2. Just go away and leave me alone.

   သွားကွာ ။ ငါ့ကို မနှောင့်ယှက်ပါနဲ့။

3. Leave that watch alone - you'll break it.

   နာရီကို သွားမလုပ်နဲ့ ၊ ပျက်သွားလိမ့်မယ်။

4. Leave that box alone. ***(ie. Don't touch that box).***

   သေတ္တာကို သွားမထိနဲ့။

5. She's on maternity leave.

   သူ ကလေး မီးဖွားခွင့်ယူထားတယ်။

6. The operation will leave a scar.

   ခွဲစိတ်မှုက အမာရွတ်ကျန်စေလိမ့်မယ်။

7. How much annual leave do you get?

   ခင်ဗျား တစ်နှစ်ကို ခွင့်ရက် ဘယ်နှစ်ရက်ရသလဲ။

8. I left the hospital last Friday.

   ကျွန်တော် ပြီးခဲ့တဲ့ သောကြာနေ့က ဆေးရုံ ဆင်းတယ်။

9. You leave my sister alone or I'll tell my father.

   ငါ့ညီမလေးကို မနှောင့်ယှက်နဲ့။ မဟုတ်ရင် ငါအဖေနဲ့ တိုင်မယ်။

10. Is there any dinner left for me?

    ငါ့အတွက် ညစာကျန်သေးလား။



## set

1. Okay, I'm all set-let's go.

   ငါတော့ အဆင်သင့်ဖြစ်ပြီ ၊ သွားကြစို့။

2. If everyone is all set, we'll start the meeting.

   အားလုံး အဆင်သင့်ဖြစ်ရင် ၊ ကျွန်တော်တို့အစည်းအဝေးစမယ်။

3. In 1999, he set up his own import-export company.

   ၁၉၉၉ မှာ သူကကိုယ်ပိုင်သွင်းကုန်ထုတ်ကုန် ကုမ္ပဏီ တည်ထောင်တယ်။

4. You can borrow my keys - I've got a spare set.

   မင်း ငါရဲ့သော့တွဲကို ငှား/ယူသွားလို့ရတယ်။ ငါ့မှာ အပိုတစ်စုံရှိတယ်။

5. Set the volume as high as possible.

   အတိုးအကျယ် volume ကိုအကျယ်ဆုံးတင်ထားပါ။



6. There are no set hours in my job.

   ကျွန်တော့် အလုပ်က သတ်မှတ်ချိန်မရှိပါ။

7. I set aside a little money every week.

   အပတ်တိုင်း ကျွန်တော် ငွေအနည်းငယ်ကို ဖယ်ထားတယ်။

8. Lewis set a new record in the 100 metres.

   မီတာ ၁၀၀ ပြေးပွဲမှာ လူးဝစ်က စံချိန်တင်လိုက်တယ်။

9. I set my alarm for 6:30.

   ကျွန်တော် နှိုးစက်ကို ခြောက်နာရီခွဲမှာ ပေးထားတယ်။

10. We'd better set off now before it gets dark.

    မှောင်မလာခင် ကျွန်တော်တို့ ဒီနေရာကနေ ခရီးစထွက်ကြရင် ကောင်းမယ်။

## *Stuff*

*stuff* = ပစ္စည်း ၊ တာ

1. <u>Could you watch my stuff</u> for me?

   ကျွန်တော့် ပစ္စည်းတွေကို ကြည့်ထားပေးပါ။

2. Leave your stuff outside.

   မင်းရဲ့ ပစ္စည်းတွေကို အပြင်မှာထားလိုက်။

3. Can I leave my stuff at your house?

   ကျွန်တော့် ပစ္စည်းတွေကို ခင်ဗျားရဲ့ အိမ်မှာထားခဲ့လို့ရမလား။

4. What's that stuff you're eating?

   မင်းစားနေတဲ့ ဟာက ဘာလဲ။

5. What's that sticky stuff on the carpet?

   ကော်ဇောပေါ်က ကပ်စေးစေး ပစ္စည်းက ဘာလဲ။

6. <u>Put your stuff in the trunk.</u>

   မင်းရဲ့ ပစ္စည်းတွေကို ကားနောက်ဖုံးမှာထားလိုက်။

7. They sell bread and cakes and stuff like that.

   သူတို့က ပေါင်မုန့်တို့ ၊ ကိတ်မုန့်တို့ အဲဒီမျိုးဟာတွေ ရောင်းတယ်။

8. I don't believe in all that stuff about ghosts.

   တစ္ဆေ ဆိုတာတွေ ဘာတွေ ငါမယုံဘူး။



## *Help yourself* - ကိုယ်တိုင်ယူပါ

1. (i) <u>Help yourself to</u> a beer. — ဘီယာယူသောက်လေ။

   (ii) <u>Help yourself to</u> a cigarette. — စီးကရက်ယူသောက်လေ။

   (iii) <u>Help yourself to</u> some coffee. — ကော်ဖီယူသောက်လေ။

   (iv) <u>Help yourself to</u> anything in the fridge.

   ရေခဲသေတ္တာထဲက ကြိုက်တာယူစားပါ။

2. (i) May I help you to some more meat?

   ကျွန်တော် ခင်ဗျားကို အသားတင်း ထပ်ထည့်ပေးရမလား။

   (ii) Shall I help you to the vegetables?

   ကျွန်တော် ခင်ဗျားကို ဟင်းသီးဟင်းရွက်တွေ ထည့်ပေးရမလား။

3. (A) Can I borrow your dictionary?

   မင်း အဘိဓာန် ငါ့ကို ငှားပေးလို့ရမလား။

   (A) Yes, help yourself. ကိုယ်တိုင် ယူလိုက်လေ။

---

4. (i) He looked so funny that <u>I couldn't help laughing.</u>

   သူကြည့်ရတာရယ်ရတယ်။ ငါမရယ်ဘဲ မနေနိုင်ဘူး။

   (ii) <u>I can't help feeling</u> sorry for him.

   သူ့ကို မသနားဘဲ မနေနိုင်ဘူး။

   (iii) *(A)* Please don't cry. — မငိုပါနဲ့။

   *(B)* I can't help it. — မငိုဘဲ မနေနိုင်ဘူး။

Free for All



## *I'd rather / I would rather*

***prefer = to like better*** ( ပို၍ကြိုက်သည်။ )

1. (A) Shall we go by train ?
   ကျွန်တော်တို့ ရထားနဲ့ သွားကြမလား။
   (B) I'd prefer to go by car (or) I'd rather go by car.
   ငါတော့ကားနဲ့ သွားချင်ပါတယ်။

2. (A) Do you want to watch TV?
   မင်း တီဗွီကြည့်ချင်သလား။
   (B) No, I'd rather read my book.
   ဟင့်အင်း ၊ ငါက ငါ့စာအုပ်ပဲ ဖတ်ချင်ပါတယ်။

3. (A) Would you like to sit on the chair?
   မင်းခုံပေါ်မှာ ထိုင်မလား။
   (B) No, thanks. I'd rather sit on the floor.
   ရတယ် ကျေးဇူးပဲ ။ ကျွန်တော်ကြမ်းပြင်မှာပဲ ထိုင်ချင်ပါတယ်။

4. (A) Shall I stay here?
   ငါ ဒီမှာ ပဲနေရမလား။
   (B) I'd rather you came with us.
   ငါတို့နဲ့ လိုက်ခဲ့စေချင်ပါတယ်။

5. (A) Would you like a cup of tea , John?
   ဂျွန် လက်ဖက်ရည်သောက်ပါဦး။
   (B) I'd rather have a cup of coffee, if you don't mind.
   စိတ်မရှိဘူးဆိုရင် ကျွန်တော်ကော်ဖီပဲ သောက်ချင်ပါတယ်။



6. *(A)* Do you mind if I smoke?
   ကျွန်တော် စီးကရက်သောက်လို့ရမလား။
   *(B)* I'd rather you didn't .
   Yes , I mind . Sorry . } မသောက်ပါနဲ့။
   No , not at all. ( or) No, please do.
   သောက်ပါ သောက်ပါ။



8. *(A)* How old are you ?
   အသက်ဘယ်လောက်ရှိပြီလဲ။
   *(B)* I'd rather not tell my age.
   ကျွန်တော့် အသက်ကို မပြောပြချင်ဘူး။

9. I'd rather not say anything about it.
   ကျွန်တော် အဲဒီအကြောင်းကို မပြောချင်ဘူး။

1. I prefer dogs to cats.
   ကျွန်တော်က ကြောင်ထက်စာရင် ခွေးကို ပိုနှစ်သက်တယ်။
2. I prefer cycling to swimming.
   ကျွန်တော်က ရေကူးတာထက်စာရင် စက်ဘီးစီးတာကို ပိုနှစ်သက်တယ်။
3. He prefers reading to watching television.
   သူက တီဗွီကြည့်တာနဲ့စာရင် စာဖတ်တာ ပိုနှစ်သက်တယ်။
4. I prefer vegetables to meat.
   ကျွန်တော်က အသားထက်စာရင် ဟင်းသီးဟင်းရွက်ကို ပိုကြိုက်တယ်။

Free for All



## *In that case . . .* ဒါဆိုရင်

1. *(A)* I'll be home late tonight.

   ဒီည ငါအိမ်ပြန်နောက်ကျမယ်။

   *(B)* Well, in that case , I won't cook dinner.

   ဒါဆိုရင် ငါညစာမချက်တော့ဘူး။

2. *(A)* Peter's coming tonight.

   ပီတာ ဒီညလာလိမ့်မယ်။

   *(B)* Oh, in that case, I'll stay in.

   အဲလိုဆိုရင် ၊ ငါအိမ်မှာပဲ နေတော့မယ်။

3. *(A)* I've made up my mind.

   ငါစိတ်ဆုံးဖြတ်ပြီးပြီ။

   *(B)* In that case, there'no point discussing it.

   ဒါဆိုရင် ဆွေးနွေးစရာအကြောင်းမရှိတော့ဘူး။

4. You don't like your job? In that case,

   why don't you leave?

   မင်းအလုပ်မှာမပျော်ဘူး။ဒါဆိုရင် အလုပ်ထွက်လိုက်ပါလား။

5. *(A)* The British Airways flight is completely full.

   ဗြိတိသျှ လေကြောင်းလိုင်းက လုံးဝ ပြည့်နေပြီ။

   *(B)* Really ? In that case , I'll go by Air France.

   တကယ်လား ၊ ဒါဆိုလည်း ကျွန်တော် ပြင်သစ်လေကြောင်း လိုင်းနဲ့ သွားမယ်။

6. In case of fire , ring the alarm bell.

   မီးလောင်ခဲ့လျှင် alarm bell ကို နှိပ်ပါ။






1. ***terrific* = *very good.***

   *(i)* We had a terrific time at the party.

   ကျွန်တော်တို့ ပါတီပွဲမှာ အလွန်ပျော်ကြတယ်။

   *(ii)* There was a terrific view from the top of the hill.

   တောင်ကုန်းထိပ်ကနေ အလွန်လှပသော ရှုခင်းတွေကို မြင်နိုင်ပါတယ်။

2. **fantastic** = excellent / extremely good

   *(i)* She's a fantastic swimmer.

   သူမသည် အလွန်တော်သော ရေကူးသမား ဖြစ်ပါတယ်။

   *(ii)* He looks fantastic in that suit.

   သူအဲဒီ ဝတ်စုံနှင့်ဆိုလျှင် အလွန်ကြည့် ကောင်းပါတယ်။

3. **wonderful** = extremely good

   Congratulations ! That's wonderful news.

   ဝမ်းသာ/ချီးကျူးပါတယ်။ ဒါက အလွန်ကောင်းတဲ့ သတင်းပါ။

Free for All



4. This cake tastes <u>marvellous.</u>

ဒီကိတ်ရဲ့ အရသာက အလွန်ကောင်းတယ်။

5. incredible = ( i ) အလွန်ကောင်းသော ၊ ထူးထူးခြားခြားရှိသော

( ii ) မယုံကြည် နိုင်လောက်အောင်ဖြစ်သော

They serve the most <u>incredible</u> food.

သူတို့က အလွန်ကောင်းတဲ့ အစားအသောက်တွေကို ကျွေးတယ်။

6. cool = good , stylish or fashionable

ကောင်းသော ၊ စတိုင်လ်ကျသော

*(i)* He looks really cool in those glasses.

သူ့ကိုအဲဒီ မျက်မှန်နဲ့ ကြည့်ရတာ <u>အလွန်ကောင်းတယ်</u> <u>( လန်းတယ် )</u>

*(ii)* I think their new song is cool.

သူတို့ရဲ့ သီချင်းအသစ်က အလွန်ကောင်းတယ်လို့ ငါထင်တယ်။

7. Wow! That's totally <u>awesome.</u>

ဝေါင်း ၊ ဒါအလွန်ကောင်းတာဘဲ။

8. She's a <u>great / superb</u> cook.

သူက ဟင်းချက်အလွန်ကောင်းတယ်။

9. Singapore is an <u>amazing</u> country.

စင်ကာပူက ထူးခြား အံ့သြဖွယ်ကောင်းတဲ့ တိုင်းပြည်ပါ။



**terrible , awful , lousy**

အလွန်ညံ့သော ၊ မကောင်းသော၊ ဆိုးသော

1. The food was terrible.
The food was awful. } အစားအစာတွေက အလွန်ညံ့တယ်။
The food was lousy.

2. What terrible food !
ညံ့လိုက်တဲ့ အစားအစာတွေ။
What lousy weather!
ဆိုးလိုက်တဲ့ရာသီဥတု
What awful handwriting!
ညံ့လိုက်တဲ့ လက်ရေး။



3. She's a lousy cook.
သူက ဟင်းချက်ညံ့တယ်။

4. It tastes terrible / awful / horrible.
အရသာက ဆိုးလိုက်တာ။

5. ( i ) I'm hopeless at science. ငါ သိပ္ပံညံ့တယ်။
( ii ) I'm hopeless at sports. ငါ အားကစားမှာ ညံ့တယ်။
( iii ) I'm hopeless at spelling. ငါ စာလုံးပေါင်း ညံ့တယ်။

| | | | |
|---|---|---|---|
| ( i ) | terrible | = | ကြောက်မက်ဖွယ်ကောင်းသော၊ အလွန်ညံ့သော။ |
| ( ii ) | terribly | = | အလွန် |
| | She's terribly clever. | - | သူ အလွန်တော်တယ်။ |

Free for All



## I don't mind

ရတယ် ၊ အပန်းမကြီးပါဘူး။

1. Here , have my seat. I don't mind standing.

   ကျွန်တော့်ထိုင်ခုံမှာ ထိုင်ပါ။ ကျွန်တော်က မတ်တပ်ရပ်လို့ရပါတယ်။

2. I don't mind driving if you're tired.

   မင်းပင်ပန်းရင် ငါမောင်းပေးလို့ရတယ်နော်။ ( အပန်းမကြီးပါဘူး )

3. I don't mind taking her if you're too busy.

   မင်းအလုပ်သိပ်များနေရင် ငါ သူ့ကို ခေါ်သွားပေးလို့ရတယ်။

4. There isn't any empty table.

   Would you mind sharing?

   စားပွဲလွတ်မရှိပါ။ တစ်ခြားလူတွေနဲ့အတူ ထိုင်စားလို့ ရမလား ။

5. (A) Tea or coffee ? လက်ဖက်ရည်လား ကော်ဖီလား။

   (B) I' don't mind. ဘာပဲဖြစ်ဖြစ်ရပါတယ်။

6. (A) I'm hungry. I want something to eat.

   ငါ ဗိုက်ဆာတယ်။ တစ်ခုခုစားချင်တယ်။

   (B) What would you like? မင်းဘာ စားချင်သလဲ။

   (A) I don't mind. Anything. ဘာပဲဖြစ်ဖြစ်ရပါတယ်။

7. (A) Which day shall I come? ဘယ်နေ့ လာရမလဲ။

   (B) I don't mind. Any day. ဘယ်နေ့ပဲ ဖြစ်ဖြစ် ရတယ်။



## So what . . . ? ဘာဖြစ်လဲ



1. (A) She might tell John.

   သူက ဂျွန်ကို ပြောကောင်းပြောနိုင်တယ်။

   (B) So what ?

   ဘာဖြစ်လဲ။

2. (A) It's late.

   နောက်ကျနေပြီ။

   (B) So what ? We don't have to go to school tomorrow.

   ဘာဖြစ်လဲ ၊ မနက်ဖြန်ငါတို့ကျောင်းမှ မသွားရတာ။

3. (A) He's five years older than you.

   သူက မင်းထက် ငါးနှစ်ကြီးတယ်။

   (B) So what ? ဘာဖြစ်လဲ။

He may / might be in his office.

သူ ရုံးထဲမှာ ရှိရင်ရှိနိုင်တယ်။

He may forget. He is not reliable .

သူမေ့ရင်လည်း မေ့သွားနိုင်တယ်။ သူက စိတ်ချလို့မရဘူး။

Free for All



## I wonder .....

*I wonder = ask oneself ; want to know.*

1. (i) I wonder who he is .

   သူက ဘယ်သူများပါလိမ့်။

   (ii) I wonder what he wants.

   သူ ဘာလိုချင်လည်း မသိဘူး။

   (iii) I wonder why he is late.

   သူဘာဖြစ်လို့ နောက်ကျပါလိမ့်။

   (iv) I wonder whether he will come.

   သူလာမလား မသိဘူး။

2. I wonder why she left so suddenly.

   သူ ဘာကြောင့် ရုတ်တရက်ကြီး ပြန်သွားပါလိမ့်။

3. I wonder if I'll recognize John after all these years.

   နှစ်တွေ ဒီလောက်ကြာပြီးမှ ဂျွန်ကို မှတ်မိပါ့မလား။


4. No wonder you're tired-you walked ten miles today.

   မင်း ပင်ပန်းတာမဆန်းပါဘူး။ ဒီနေ့ မင်း ၁၀ မိုင် လျှောက်တာကိုး။

5. No wonder you couldn't open the door-it was locked.

   မင်းတံခါးဖွင့်လို့ မရတာ မဆန်းပါဘူး။ သော့ခတ်ထား တာကိုး။





***What a cute baby!***

ကလေးက ချစ်စရာလေး

1. What a mess !

   ရှုပ်ပွနေတာပဲ။

2. What a coincidence!

   တိုက်ဆိုင်လိုက်တာ။

3. What a downpour!

   မိုးကသည်းလိုက်တာ။

4. What lousy / awful weather !

   ဆိုးလိုက်တဲ့ရာသီဥတု။

5. What a terrible meal!

   ညံ့လိုက်တဲ့ အစားအစာ။

6. What a boring book !

   ပျင်းဖို့ကောင်းလိုက်တဲ့စာအုပ်။

7. What a lovely dress!

   လှလိုက်တဲ့ ဝတ်စုံ။

8. What a magnificent castle!

   ခမ်းနားလိုက်တဲ့ ရဲတိုက်။

Free for All



9. What a brilliant goal !

ဝင်သွားတဲ့ ဂိုးလှလိုက်တာ။

10. What an excellent goalkeeper !

တော်လိုက်တဲ့ ဂိုးသမား။

11. What a blunder !

တော်တော်တုံး / ဆိုးတဲ့အမှား။

12. What a busy street !

စည်လိုက်တဲ့လမ်း။

* * * * * * *

## quit

1. If I don't get a pay rise / raise , I'll quit.

လခမတိုးရင် ငါအလုပ်ထွက်မယ်။

2. He quit school at 16.

သူ ၁၆ နှစ်မှာ ကျောင်းထွက်တယ်။

3. I quit smoking three years ago.

ကျွန်တော် လွန်ခဲ့တဲ့ သုံးနှစ်က စီးကရက်ဖြတ်လိုက်တယ်။

4. He is trying to quit smoking.

သူ ဆေးလိပ်ဖြတ်ဖို့ ကြိုးစားနေတယ်။


5. Quit working .It's five o'clock.

အလုပ် လုပ်တာတွေ ရပ်လိုက်တော့။ ငါးနာရီထိုးပြီ။



## What if ... ?

**What if ... ? = What would happen if .... ?**



1. <u>What if the train is late?</u>

<u>ရထားနောက်ကျရင် ဘယ်လိုလုပ်မလဲ။</u>

2. What if the car breaks down?

ကားပျက်ရင် ဘယ်လိုလုပ်မလဲ။

3. What if the rumour is true?

ကောလဟာလ က မှန်နေရင် ဘယ်နှယ့်လုပ်မလဲ။

4. What if I don't pass my exams?

ငါ စာမေးပွဲ မအောင်မြင်ရင် ဘယ်လိုလုပ်မလဲ။

5. What if he forgets to bring it ?

သူက ယူလာဖို့မေ့သွားရင် ဘယ်လိုလုပ်မလဲ။

6. What if he doesn't recognize me?

သူ ကျွန်တော့်ကို မမှတ်မိရင် ဘယ်လိုလုပ်မလဲ။

7. What if the bus arrives late?

ဘတ်(စ်)ကား နောက်ကျပြီးမှ ရောက်ရင် ဘယ်လိုလုပ်မလဲ။

Free for All



## *Supposed to*

***be expected to do something / must do something.***

1. You were supposed to clean the window.
   Why didn't you do it?
   မင်းက ပြတင်းပေါက်တွေ သန့်ရှင်းထားရမှာ ၊ မင်းက ဘာဖြစ်လို့ မလုပ်ထားတာလဲ။
2. The train was supposed to arrive ten minutes ago.
   ရထားက လွန်ခဲ့တဲ့ ၁၀ မိနစ်က ရောက်ရမှာ။
3. I must go- I'm supposed to be home at 2 o'clock .
   သွားဦးမှပဲ ။ ငါက နှစ်နာရီမှာ အိမ်ပြန်ရောက်ရမယ်။
4. Oh dear ! I was supposed to phone Ann but I completely forgot.
   ဟာ ငါက Ann ကို ဖုန်းဆက်ရမှာ ။ ဒါပေမယ့် ငါ လုံးဝမေ့သွားတယ်။
5. Let's go and see that film. It's supposed to be very good. ( = it is said to be very good )
   အဲဒီ ရုပ်ရှင် သွားကြည့်ကြရအောင်။ ကောင်းတယ်လို့ ပြောကြတာဘဲ။
6. You're not supposed to smoke (in) here.
   ဒီမှာ ဆေးလိပ်သောက်လို့ မရပါ။
7. You're not supposed to walk on the grass.
   မြက်ခင်းပေါ် လမ်းမလျှောက်ရပါ။
8. You're not supposed to talk in the library.
   မင်း စာကြည့်တိုက်ထဲမှာ စကားမပြောရဘူး။



## *tend to*

1. <u>Women tend to live longer then men.</u>
   အမျိုးသမီးတွေက အမျိုးသားတွေထက်ပိုပြီးအသက်ရှည်တတ်တယ်။
2. Boys tend to be bigger than girls.
   ယောကျ်ားလေးတွေက မိန်းကလေးတွေထက် ပိုပြီးထွားတတ်တယ်။
3. When I'm tired , I tend to make mistakes.
   ကျွန်တော်က ပင်ပန်းရင် အမှားတွေ လုပ်တတ်တယ်။
4. <u>He tends to exaggerate the difficulties.</u>
   သူက အခက်အခဲတွေကို ပုံကြီးချဲ့တတ်တယ်။
5. Plants tend to die in hot weather.
   သစ်ပင်တွေက ပူအိုက်တဲ့ ရာသီမှာ သေတတ်တယ်။
6. There's a tendency for men to marry younger women.
   ယောကျ်ားတွေက မိမိထက်ငယ်တဲ့ အမျိုးသမီးတွေကို ယူတတ်တယ်။

## *inclined to*

1. <u>He's inclined to be carsick.</u>
   သူက ကားမူးတတ်တယ်။
2. He's inclined to be seasick.
   သူက လှိုင်းမူးတတ်တယ်။
3. He's inclined to be lazy. / He inclines to be lazy.
   သူက ပျင်းတတ်တယ်။
4. Children are inclined to get lost.
   ကလေးငယ်တွေက ပျောက်တတ်တယ်။

Free for All



## လိုရင်းတိုရှင်း ပြောကြမယ်

**1**

1. Don't be so grumpy.

   သိပ်ပြီး စိတ်တိုမနေနဲ့။

2. Don't be so sensitive - I was only joking / kidding .

   သိပ်ပြီး အကဲမဆတ်ပါနဲ့။ ငါက နောက်နေတာ။

3. I don't believe in love at first sight.

   မြင်မြင်ချင်း ချစ်တာကို ငါမယုံပါဘူး။

4. You're soaking. Come in and dry off.

   မင်း ရွဲရွဲစိုနေတယ်။ အိမ်ထဲဝင်ပြီး ခြောက်အောင်လုပ်လိုက်။

5. *(A)* Did it rain yesterday?

   မနေ့က မိုးရွာလား။

   *(B)* No, it didn't.

   မရွာဘူး။

6. *(A)* Did you sleep well last night?

   မနေ့ညက ကောင်းကောင်းအိပ်ပျော်သလား။

   *(B)* Yes, I slept like a log.

   ဟုတ်ကဲ့ ၊ အိပ်လိုက်တာ သစ်တုံးအတိုင်းပဲ။


7. *(A)* Where were you born?

   မင်းကို ဘယ်မှာ မွေးတာလဲ။

   *(B)* I was born in Taunggyi.

   ကျွန်တော့်ကို တောင်ကြီးမှာမွေးတာ။





8. They're waiting for you downstairs.

   သူတို့ မင်းကိုအောက်ထပ်မှာ စောင့်နေကြတယ်။

9. Have you signed the consent?

   မင်း သဘောတူညီချက်ကို လက်မှတ်ထိုးပြီးပြီလား။

10. (A) Shall I make you something to eat?

    မင်းစားဖို့ တစ်ခုခုလုပ် ပေးရမလား။

    (B) No, don't bother - I 'm not hungry.

    ရတယ် ဒုက္ခမရှာပါနဲ့ ၊ ငါမဆာဘူး။

11. I'll give you a hand with the washing -up.

    ငါမင်းကို ပန်းကန်တွေ ကူဆေးပေးမယ်။

12. I'll give you a hand when you move to your new apartment.

    မင်းအိမ်ခန်းသစ်ကို ပြောင်းရင် ငါကူပြီးရွှေ့ပေးမယ်။

13. I'll go and hose the car.

    ငါကားကို ရေပိုက်နဲ့ သွားဆေးလိုက်မယ်။

14. I'll be late. Can you tell the others?

    ငါ နောက်ကျမယ် ၊ တခြားလူတွေကို ပြောပေးပါ။

15. (A) *Shall I take an umbrella?*

    ထီးယူသွားရင် ကောင်းမလား။

    *(B) Yes, you'd better. It might rain.*

    ယူသွားရင် ကောင်းမယ်။ မိုးရွာနိုင်တယ်။

Free for All



16. The road is slippery, you'd better <u>slow down.</u>

လမ်းချော်နေတယ်။ ဖြည်းဖြည်းမောင်းရင် ကောင်းမယ်။

17. You'd better do as the doctor says.

မင်းဆရာဝန်ပြောတဲ့အတိုင်း လုပ်ရင်ကောင်းမယ်။

18. (A) What did you talk about?

မင်းတို့ဘာအကြောင်း ပြောကြသလဲ။

(B) Oh, this and that. *(various things or activities).*

ဟိုအကြောင်း ဒီအကြောင်းပါ။

19. (A) Please don't tell anybody what I said.

ငါ ပြောတာကို ဘယ်သူ့ကိုမှ မပြောပါနဲ့။

(B) Don't worry. I won't.

စိတ်မပူပါနဲ့။ ငါမပြောပါဘူး။

20. (A) Shall I stay here?

ငါ ဒီမှာ နေခဲ့ရမလား။

(B) I'd rather you came with us.

ငါတို့နဲ့ပဲ လိုက်ခဲ့စေချင်ပါတယ်။

21. (A) Hello , can I speak to Peter, please?

ဟဲလို , ပီတာနဲ့ပြောချင်လို့ပါ။

(B) Sure, I'll <u>get him</u> . *( = find and bring back )*

ဟုတ်ကဲ့ သွားခေါ်ပေးပါ့မယ်။

22. (A) Would you like to play?

ခင်ဗျားဝင်ကစားချင်သလား။

(B) No, thanks - I'll just watch.

ဟင့်အင်း။ ကျွန်တော်ကြည့်ရုံကြည့်မယ်။



## လိုရင်း တိုရှင်း ပြောကြစို့



23. (A) I'm going to be in your neighbourhood tomorrow.

မနက်ဖြန် မင်းတို့အိမ်ဘက် ငါရောက်မယ်။

(B) Oh, if you have time, w<u>hy don't you drop in / by to see us?</u>

ဪ မင်းအချိန်ရရင် ငါတို့ကို တွေ့ဖို့ အိမ်ကိုခဏဝင်ပါလား။

24. (A) I'm going to drop by Susan's apartment to give her the good news.

သတင်းကောင်းပြောဖို့ ငါ ဆူဇန်တိုက်ခန်းကို ခဏဝင်လိုက်မယ်။

(B) Why bother ? She'll be at the meeting this afternoon.

ဘာဖြစ်လို့ ဒုက္ခရှာမှာလဲ။ နေ့လည် အစည်းအဝေးမှာ သူ့ကို တွေ့မှာပဲ။

25. (A) Shall/Should I get Lucy some candy for her birthday?

လူစီရဲ့ မွေးနေ့အတွက် သကြားလုံးချိုချဉ် ဝယ်ပေးရင်ကောင်းမလား။

(B) <u>Lucy doesn't care for</u> sweets.

Why don't you get her a basket of fruit?

လူစီက သကြားလုံးမကြိုက်ဘူး။ သစ်သီးခြင်း ဝယ်ပေးလိုက်ပါလား။

7★ LIGHT

Free for All



26. (A) What's Margaret's sister like?

မာဂရက်ရဲ့အမက ဘယ်လိုလူမျိုးလဲ။

(B) <u>I've no idea.</u> I've never met her.

မပြောတတ်ဘူး။ သူ့ကို တစ်ခါမှ မတွေ့ဖူးဘူး။

27. (A) What does he look like?

သူရဲ့ ရုပ်ရည်ပုံပန်းက ဘယ်လိုလဲ။

(B) He's tall and wears glasses.

သူက အရပ်မြင့်တယ် ၊ မျက်မှန်တပ်တယ်။

28. (A) Robert is in the hospital.

ရောဘတ်ဆေးရုံတက်နေရတယ်။

(B) Oh, really? I didn't know. I'll go and visit him.

ဟုတ်လား။ ငါ မသိဘူး။ ငါ ဆေးရုံသွားလိုက်မယ်။

29. (A) Is that woman Japanese?

ဟိုအမျိုးသမီးက ဂျပန်လား။

(B) I think so. ဟုတ်မယ် ထင်တယ်။

I don't think so. မဟုတ်ဘူး ထင်တယ်။

30. Our boss is very strict, so <u>we have to arrive on time.</u>

ငါတို့ရဲ့ သူဌေးက စည်းကမ်းကြီးတယ်။ ဒါကြောင့်ငါတို့ အချိန်မှန် ရောက်ရတယ်။



31. (i) (A) Have you been waiting long?

မင်းစောင့်နေတာကြာပြီလား။

(B) <u>Not really</u>. ***<u>('no' or 'not very much'.)</u>***


မကြာလှသေးပါဘူး။

(ii) (A) Do you enjoy the book?

စာအုပ်ကြိုက်သလား။

(B) <u>Not really.</u>

မကြိုက်လှပါဘူး။



32. (A) Where shall we go?

ငါတို့ ဘယ်သွားကြမလဲ။

(B) <u>What about the park?</u>

ပန်းခြံကို သွားကြမလား။

33. (A) Would you like some more tea?

လ္ဘက်ရည် ထပ်ထည့်ဦးမလား။

(B) <u>No, thank you , I'm fine.</u>

တော်ပြီ ၊ ကျေးဇူးတင်ပါတယ်။

34. (A) How long have you been sick?

မင်း ဖျားတာ ဘယ်လောက်ကြာပြီလဲ။

(B) For over a week.

တစ်ပတ်ကျော်ကြာပြီ။

35. (A) The movie wasn't good , was it?

ရုပ်ရှင် မကောင်းဘူး မဟုတ်လား။

(B) <u>No, it was terrible.</u>

မကောင်းဘူး။ အလွန်ညံ့တယ်။

Free for All



36. (A) Can you count from 1 to 10 backwards?

မင်း တစ်ကနေတစ်ဆယ်ထိ ပြောင်းပြန်ရေတတ်လား။

(B) Yes, of course. ရေတတ်တာပေါ့။

37. (A) Here, hold this a minute.

ဒီလေး ခဏကိုင်ပေးပါ။

(B) Yuck! It's disgusting.

ဟင် ၊ ရွံ့စရာကြီး။

38. (A) Did you know they were married ?

သူတို့လက်ထပ်ထားတာ မင်းသိသလား။

(B) <u>No, I wasn't aware of that.</u>

ကျွန်တော်အဲဒါကိုမသိဘူး။

39. (A) I'm smoking too much.

ငါ ဆေးလိပ်အလွန် သောက်နေတယ်။

(B) Well, <u>you'd better cut down.</u>

မင်းလျှော့သောက်ရင် ကောင်းမယ်။

40. (A) Shall I buy this book for John?

ဒီစာအုပ်ကို ဂျွန်အတွက် ဝယ်ပေးရင်ကောင်းမလား။

(B) You'd better not. He might alrealy have it.

မဝယ်ရင်ကောင်းမယ်။ သူ့ဆီမှာ ရှိပြီးသား ဖြစ်နိုင်တယ်။

41. (A) Have you done the shopping?

မင်းဈေးဝယ်ပြီးပြီလား။

(B) Not yet. I'm going to do it this afternoom.

မဝယ်ရသေးဘူး။ ဒီနေ့မွန်းလွဲပိုင်းကျမှ ဝယ်မလို့။



## လိုရင်း တိုရင်း ပြောကြမယ်



42. (A) Let's go for a walk , shall we?

ငါတို့ လမ်းလျှောက်ထွက်ကြရအောင်လား။

(B) Yes, let's.

အေး ကောင်းပြီ ၊ လျှောက်ကြရအောင်။

43. (A) Can you wait a few minutes?

မင်းခဏစောင့်လို့ ရမလား။

(B) Sure , no problem.

ရပါတယ်။ ပြဿနာမဟုတ်ဘူး။

44. (A) Shall we go to the movies or stay at home?

ရုပ်ရှင်သွားကြမလား။ အိမ်မှာဘဲနေကြမလား။

(B) <u>It's up to you.</u>

မင်း သဘောပါ။

45. (A) Where shall I sit?

ကျွန်တော် ဘယ်မှာထိုင်ရမှာလဲ။

(B) It's up to you. You can sit anywhere you like.

မင်းသဘောပါပဲ။ မင်းကြိုက်တဲ့နေရာမှာသာ ထိုင်ပါ။

46. (A) What's the hotel like?

ဟိုတယ်က ဘယ်လိုလဲ ၊ ပြောပါဦး။

(B) Very modern and comfortable.

ခေတ်မီတယ်၊ နေရတာသက်တောင့်သက်သာရှိတယ်။ (ဇိမ်ကျတယ်)

Free for All





47. (A) Can I take another biscuit?

နောက်ထပ် ဘီစကစ် တစ်ချပ်ယူလို့ရမလား။

(B) Of course. <u>Help yourself.</u>

ရတာပေါ့။ ကိုယ့်ဟာကိုယ်ယူလိုက်လေ။

48. (A) Peter called while you were out?

မင်းအပြင်သွားတုန်း ပီတာ ဖုန်းဆက်တယ်။

(B) Oh, did he leave a message?

ဪ သူ ဘာမှာသေးလဲ။

49. (A) What are you doing after class?

အတန်းပြီးရင် မင်းဘာလုပ်မလဲ။

(B) I'm eating at the cafeteria with Cindy.

<u>Do you want to join us?</u>

ငါ စင်ဒီနဲ့ (ကိုယ်တိုင်ယူ) စားသောက်ဆိုင်မှာ စားမလို့။

ငါတို့နဲ့ အတူ လာစားမလား။

50. (A) How often do the buses run?

ဘတ်(စ်)ကားတွေ ဘယ်လောက်ကြာရင် တစ်စီးပြေးသလဲ။

(B) About every ten miuntes.

ဆယ်မိနစ်လောက်ဆို တစ်စီးပြေးတယ်။

7★ LIGHT



51. (A) Men and women should have equal rights.

အမျိုးသားနဲ့ အမျိုးသမီးတန်းတူ အခွင့်အရေးရှိသင့်တယ်။

(B) Absolutely.

မင်းပြောတာ ငါလုံးဝ သဘောတူတယ်။

52. (A) Well , I'd better go I have to <u>pick up</u> the kids.

ငါသွားဦးမှပဲ။ ကလေးတွေသွားကြို / သွားခေါ်ရဦးမယ်။

(B) OK , see you soon, then.

ကောင်းပြီ တွေ့ကြသေးတာပေါ့။

53. (A) Has lucy arrived?

လူစီရောက်ပြီလား။

(B) <u>Not that I know of.</u>

ငါသိသလောက် မရောက်သေးဘူး။

54. (A) Will / Can you buy me a newspaper while you're out?

မင်း အပြင်သွားတုံး ငါ့အတွက် သတင်းစာတစ်စောင်ဝယ်ပေးပါလား။

(B) Yes, sure . Which one?

ရပါတယ်။ ဘယ်သတင်းစာလဲ။



55. (A) Do you think David will come?

ဒေးဗစ်လာမယ်လို့ မင်းထင်လား။

(B) <u>I doubt it.</u> He's very busy at the moment.

မထင်ဘူး။ သူ အခုအလုပ်များနေတယ်။

Free for All



56. (A) I think we should get Amy a birthday present.

ငါတို့ အေမီကို မွေးနေ့လက်ဆောင်ဝယ်ပေးရင် ကောင်းမယ်ထင်တယ်။

(B) Yes, that's a good idea.

ဟုတ်တယ်။ ကောင်းတဲ့ စိတ်ကူးပါ။

57. (A) How do you get along with your roommate?

မင်းရဲ့ အခန်းဖော်နဲ့ အဆင်ပြေရဲ့လား။

(B) Fine . He's a nice guy.

အဆင်ပြေပါတယ်။ သူက လူကောင်းပါ။

( သူက သဘောကောင်းပါတယ်။ )

58. (A) Have you bought everything we need?

ငါတို့ လိုအပ်မဲ့ပစ္စည်းတွေအားလုံးကို မင်းဝယ်ပြီးပြီလား။

(B) Yes, I have. ပြီးပါပြီ။

59. You won? Congratulations!

မင်းနိုင်တယ်။ ငါ ချီးကျူး / ဝမ်းသာပါတယ်။

60. (A) Thanks for the ride. I appreciate it.

ကားနဲ့ လိုက်ပို့ပေးတာ ကျေးဇူးတင်ပါတယ်။


(B) Where shall / should I drop you off?

ဘယ်နားမှာ ကားပေါ်ကချပေးရမလဲ။

(A) The next corner would be fine.

အခုရောက်မယ့် လမ်းထောင့်ဆို အဆင်ပြေပါတယ်။





61. Have you sent him an invitation?

မင်း သူ့ဆီဖိတ်စာ ပို့ပြီးပြီလား။

62. I'm proud of your achievements.

မင်းရဲ့ အောင်မြင်မှုကို ငါဂုဏ်ယူပါတယ်။

63. You won't tell John about this, will you ?

It's supposed to be a secret.

မင်းဒါကို ဂျွန်ကို မပြောပါဘူးနော်။ ဒါက လျှို့ဝှက်ထားရမှာ။

64. (A) Will you be home by six o' clock?

မင်းခြောက်နာရီ မထိုးခင် အိမ်မှာရှိမလား။

(B) Probably. The class is usually over by five.

ရှိဖို့များပါတယ်။ ငါးနာရီမထိုးခင် အတန်းပြီးတယ်။

65. (A) What's the matter? Your eyes are red and puffy?

Have you been crying?

ဘာဖြစ်တာလဲ။ မင်းမျက်စေ့တွေ နီပြီးမို့နေတယ်။ မင်းငိုထားသလား။

(B) No, I just finished peeling some onions.

မဟုတ်ပါဘူး။ ခုပဲကြက်သွန်နီတွေ နွာလို့ပြီးတယ်။

* * * * *

Free for All

# Everyday English Expressions

## နေ့စဉ်သုံး အင်္ဂလိပ် စကားပြော

**Part - 2**

Free for All



## ကျေးဇူးတင်ကြောင်းပြောခြင်း

## ( Saying thank you )

1. Thank you for the ride.
2. ........ for the coffee.
3. ........ for the meal.
4. ........ for the call.
5. ........ for the present.
6. ........ for the hospitality.
7. ........ for the explanation.
8. ........ for the invitation.
9. ........ for the offer.
10. ........ for everything.

7 LIGHT

၁။ ကားနဲ့လိုက်ပို့ပေးတာ ကျေးဇူးတင်ပါတယ်။

၂။ ကော်ဖီတိုက်တာ ကျေးဇူးတင်ပါတယ်။

၃။ အစားအသောက်တွေ ကျွေးမွေးတဲ့တွက် ကျေးဇူးတင်ပါ တယ်။

၄။ ဖုံးဆက်တဲ့အတွက် ကျေးဇူးတင်ပါတယ်။

၅။ လက်ဆောင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

၆။ ဧည့်ဝတ်ကျေပွန်တဲ့အတွက် ကျေးဇူးတင်ပါတယ်။

၇။ ရှင်းပြတဲ့အတွက် ကျေးဇူးပါ။

၈။ ဖိတ်ကြားတဲ့အတွက် ကျေးဇူးတင်ပါတယ်။

၉။ အခုလို ကမ်းလှမ်းတဲ့အတွက် ကျေးဇူးတင်ပါတယ်။

၁၀။ အစစ အရာရာအတွက် ကျေးဇူးတင်ပါတယ်။

Free for All



11. Thank you for coming.
12. ........ for asking.
13. ........ for calling.
14. ........ for reminding me.
15. ........ <u>for picking me up.</u>
16. ........ for lending me the money.

၁၁။ လာတဲ့အတွက်ကျေးဇူးတင်ပါတယ်။
၁၂။ မေးတဲ့အတွက်ကျေးဇူးတင်ပါတယ်။
၁၃။ ဖုန်းဆက်တဲ့အတွက်ကျေးဇူးတင်ပါတယ်။
၁၄။ သတိပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်။
၁၅။ <u>ကားနဲ့ဝင်ခေါ်တာ</u>ကျေးဇူးတင်ပါတယ်။
၁၆။ ကျွန်တော့်ကိုငွေချေးတာကျေးဇူးတင်ပါတယ်။

1. Thank you for the lift. ( British အသုံးအနှုန်း )
   Thank you for the ride. ( American အသုံးအနှုန်း )
   ကားနဲ့လိုက်ပို့ပေးတာကျေးဇူးတင်ပါတယ်။
2. <u>တကူးတကလုပ်ပေးသည့်အခါကျေးဇူးတင်သည့်အနေနဲ့</u>
   appreciate ကိုမကြာမကြာသုံးတယ်။
   (i) Thanks for the ride . <u>I appreciate it.</u>
   (ii) I appreciate your help.
   ကူညီတာကိုကျေးဇူးတင်ပါတယ်။



Do you want another cup of tea?
လက်ဖက်ရည်နောက်တစ်ခွက် သောက်ပါဦးလား။

Oh, thank you.
ဟုတ်ကဲ့၊ ကျေးဇူးပဲ။

Would you like something to eat?
မုန့်တစ်ခုခုစားပါဦးလား။

No, thank you, I'm fine.
မစားတော့ဘူး၊ ကျေးဇူးတင်ပါတယ်။

## ကျေးဇူးတင်ကြောင်းပြောခြင်းကို တုံ့ပြန်သည့် အသုံးအနှုန်းများ

*Thanks for looking after the kids.*
ကလေးတွေကို ကြည့်ပေးတာ ကျေးဇူးတင်ပါတယ်။

*That's OK. I enjoyed having them.*
ရပါတယ် ငါကလေးတွေနဲ့ နေရတာ ပျော်တယ်။

*Thanks for letting me stay, Mrs. Parker.*
ကျွန်တော့်ကို နေခွင့်ပေးတာ ကျေးဇူးတင်ပါတယ်။

*Oh, you're welcome.*
ရပါတယ် ရပါတယ်။

Free for All



Thanks for coming with me.

ကျွန်တော်နဲ့ လိုက်ခဲ့တာ ကျေးဇူးတင်ပါတယ်။

No problem.

ရပါတယ်ကွာ။

Thank you for all your help.

အကူအညီပေးတာ ကျေးဇူးတင်ပါတယ်။

Don't mention it.

ရပါတယ်။

Thanks for the ride.

ကားနဲ့လိုက်ပို့ပေးတာ ကျေးဇူးတင်ပါတယ်။

Sure.

ရပါတယ်။

Thank you for your help.

အကူအညီပေးတာကျေးဇူးတင်ပါတယ်။

ရပါတယ်။

It was no bother.

1. (A) Would you like some more tea?

လက်ဖက်ရည် ထပ်ထည့်ဦးမလား။

(B) No, thanks. — တော်ပြီ ၊ ကျေးဇူးပဲ။

2. (A) Need any help ? — မင်းအကူအညီလိုလား

(B) No, thanks. I can manage.

ရတယ်ကျေးဇူးပဲ။ ကိုယ့်ဖာသာကိုယ်လုပ်လို့ရပါတယ်။



## ချီးကျူးစကားပြောဆိုခြင်း

## ( Complimenting )



1 (i) ***What a charming dress!***

(ii) What a nice skirt!

(iii) What a gorgeous jacket!

(iv) ***What an adorable baby!***

(v) ***What polite well- behaved children!***

၁။ ချစ်စရာကောင်းတဲ့ ဝတ်စုံလေး။

၂။ လှလိုက်တဲ့ စကတ်လေး။

၃။ လှလိုက်တဲ့ကုတ်အင်္ကျီ (အတို)လေး ။

၄။ ခလေးလေးကချစ်စရာကောင်းလိုက်တာ။

၅။ ယဉ်ကျေးလိမ္မာလိုက်တဲ့ ကလေးတွေ။

2. I'm impressed with / by your English. It's very good.

ငါ မင်းအင်္ဂလိပ်စာကို သဘောကျ (အထင်ကြီး) သွားပြီ။

အလွန်ကောင်းတယ်။

3. You look elegant today.

ဒီနေ့ မင်းကြည့်ရတာ တယ်သားနားပါလား။

elegant = ကြော့ရှင်းသော၊သပ်ရပ်ကောင်းမွန်သော၊လှပတင့်တယ်သော

Free for All



# သတိပေးခြင်း

## ( Warning somebody )




1. Beware of the dog.

   ခွေးသတိထား။

2. Beware of pickpockets.

   ခါးပိုက်နှိုက်သတိထား။

3. Be careful ! Don't fall.

   သတိထား။ လိမ့်ကျမယ်။

4. Be careful with the glasses.

   ဖန်ခွက်တွေသတိထား။

5. Be careful when you cross the street!

   မင်းလမ်းကူးတဲ့အခါသတိထား။


6. Be careful with those scissors! You'll cut yourself.

   ကတ်ကြေးကိုသတိထားကိုင်။ ညှပ်မိမယ်။

7. Look out! There is a car coming.

   သတိထား။ ကားလာနေတယ်။






သူ့ကို သတိထား၊ သူက ပြဿနာဖြစ်အောင် မီးမွှေးတတ်တဲ့လူ။

**Note** : Look out! / Watch out! / Mind out! } အန္တရာယ်ဖြစ်နိုင်သည့် အခြေအနေမျိုးတွင် သတိပေးသည့် အသုံးအနှုန်း။

8. Watch out! There's a car coming.

   သတိထား၊ ကားလာနေတယ်။

9. Watch out for the stairs - they're steep.

   လှေကားသတိထား၊ လှေကားက မတ်တယ်။

10. Watch your head. (or )

    Mind your head.

    ခေါင်းဆောင့်မယ် ၊ သတိထား။

11. Watch your step.

    သတိထား၊ ချော်လဲမယ် / သတိထား၊ ခလုပ်တိုက်မိမယ်။

12. Mind out! There's a car coming. (or)

    Mind ! There's a car coming .

    သတိထား၊ ကားလာနေတယ်။

Free for All



13. Look out ! There is a snake behind you.

သတိထား။ မင်းနောက်မှာမြွေ။

14. Don't touch that wire. You'll elecrocute yourself.

ဝါယာကြိုးသွားမထိနဲ့။ မင်းဓါတ်လိုက်လိမ့်မယ်။

15. Be wary of strangers who offer you a ride.

ကားနဲ့လိုက်ပို့ပေးမယ်ဆိုတဲ့သူစိမ်းတွေကိုသတိထား။

16. Be wary of lending money to him.

သူ့ကို ပိုက်ဆံချေးရင် သတိထား။

17. Drive with caution . ( great care )

သတိနဲ့မောင်း။

18. Be cautious when you approach strangers.

လူစိမ်းတွေကိုချဉ်းကပ်တဲ့အခါသတိထားပါ။

19. Don't open the door, no matter who comes.

ဘယ်သူပဲလာလာ တံခါး မဖွင့်ပေးနဲ့။

20. Don't trust him , no matter what he says.

သူဘာပဲပြောပြောသူ့ကိုမယုံနဲ့။

21. Careful you don't trip over the cat!

ကြောင်ကိုခလုတ်တိုက်မိမယ်၊ သတိထား။

22. Be careful what you say-she takes offence easily.

သတိထားပြော၊ သူက အကျအနကောက်တတ်တယ်။ စိတ်ဆိုးတတ်တယ်။



## အကြံဉာဏ်ပေးခြင်း

1. You should phone your mother.

မင်းရဲ့အမေဆီ ဖုန်းဆက်သင့်တယ်။

2. It's a good movie. You should go and see it.

အလွန်ကောင်းတဲ့ရုပ်ရှင်၊ မင်းသွားကြည့်သင့်တယ်။

3. You should clean your teeth after every meal.

အစားစားပြီးတိုင်းသွားကိုသန့်ရှင်းရေးလုပ်သင့်တယ်။

4. You should / ought to read this book. It's really interesting.

မင်းဒီစာအုပ်ဖတ်သင့်တယ်။ တကယ်စိတ်ဝင်စားဖို့ကောင်းတယ်။

5. You ought to give up / quit smoking.

မင်းဆေးလိပ်ဖြတ်သင့်တယ်။



6. You shouldn't smoke so much.

မင်းဆေးလိပ်ဒီလောက်မသောက်သင့်ဘူး။

7. You shouldn't talk so much.

မင်းဒီလောက်စကားများများမပြောရင်ကောင်းမယ်။

8. You shouldn't say things like that to Granny.

မင်း အဖွားကို ဒါမျိုးတွေ မပြောသင့်ဘူး။

9. You'd better apologize to your aunt.

မင်းရဲ့အဒေါ်ကိုတောင်းပန်ရင်ကောင်းမယ်။

10. You'd better do as the doctor says.

ဆရာဝန်ပြောတဲ့အတိုင်းမင်းလုပ်ရင်ကောင်းမယ်။

Free for All



11. (a) You'd better not sell your car.

(b) .................... not go there alone.

(c) .................... not say that.

(a) မင်းကားမရောင်းရင်ကောင်းမယ်

(b) မင်းတစ်ယောက်ထဲမသွားရင်ကောင်းမယ်

(c) မင်း အဲဒါကို မပြောရင် ကောင်းမယ်။

12. (a) You should
(b) You ought to
(c) You'd better

} wear something warm. It's cold this morning.

(a) မင်းနွေးမဲ့အဝတ်တစ်ခုခုဝတ်ထားသင့်တယ်၊ဒီမနက်အေးတယ်။

(b) မင်းနွေးမဲ့အဝတ်တစ်ခုခုဝတ်ထားသင့်တယ်၊ဒီမနက်အေးတယ်။

(c) မင်းနွေးမဲ့အဝတ်တစ်ခုခုဝတ်ထားရင်ကောင်းမယ်၊ဒီမနက်အေးတယ်။

13. *If I were you , I'd burn it.*

ငါသာ မင်းနေရာမှာဆိုရင် မီးရှို့ပစ်လိုက်မယ်။

14. *If I were you, I'd start looking for another job.*

ငါသာဆိုရင်အလုပ်သစ်ရှာတော့မယ်။

15. *If I were you, I would forget all about him.*

ငါသာဆိုရင်သူ့အကြောင်းအကုန်မေ့ပစ်လိုက်မယ်။

**Note:**

I had better ( I'd better ).

You had better ( You'd better ).

ပုံစံဝါကျများကို pg 59 , 60 , 61 များတွင်လည်းကြည့်ပါ။



## အကြံဉာဏ်ပေးခြင်း

Why don't we go for a walk ?

ငါတို့လမ်းထွက်လျှောက်ကြရအောင်

OK.

ကောင်းတယ်၊လျှောက်ကြတာပေါ့။

1. Why don't you paint it white?

2. ........ you stop and ask for directions?

3. ........ you put an advertisement in the paper to sell your car?

၁။ မင်းဆေးအဖြူရောင်သုတ်ပါလား။

၂။ မင်းကားရပ်ပြီးလမ်းမေးပါလား။( direction = လမ်းညွှန်ချက် )

၃။ သတင်းစာထဲမှာကားရောင်းဖို့ကြော်ငြာထည့်လိုက်ပါလား။

## Why not ?

1. Why not go now ?

မင်းအခုပဲ သွားလိုက်ပါလား။

2. Why not write to her?

သူ့ဆီစာရေးလိုက်ပါလား။



3. (A) Let's eat out.

ငါတို့ အပြင်ထွက်စားကြရအောင်။

(B) Why not?

စားကြတာပေါ့။

Free for All



Do you want to come along?

မင်းလိုက်ချင်သလား။

Yeah, why not?

လိုက်တာပေါ့။

**Why not** used to make or agree to a suggestion.

အကြံပေးရာတွင်လည်းကောင်း ၊ တစ်ယောက်ယောက်၏ အကြံပြုချက်ကို

သဘောတူရာတွင်လည်းကောင်း သုံးသည်။

## အကြံပြုခြင်း

## ( *Suggesting* )

1. Let's go for a walk. လမ်းလျှောက်ထွက်ကြရအောင်။
2. Let's go for a picnic. ပျော်ပွဲစားထွက်ကြရအောင်။
3. Let's sit in the shade. အရိပ်ထဲမှာထိုင်ကြရအောင်။
4. Let's play hide-and-seek. တူတူပုန်းတမ်းကစားကြရအောင်။
5. Let's break for lunch.

   နေ့လည်စာစားဖို့ ခဏနားကြရအောင်။

6. Let's turn on the air-conditioner. It's getting hot in here.

   လေအေးစက် ဖွင့်ရအောင်၊ ဒီအထဲမှာ ပူလာပြီ။

7. (A) Let's go out and eat.

   အပြင်ထွက်ပြီး တစ်ခုခု စားကြရအောင်။

   (B) Okay , but let's go Dutch.

   ကောင်းတယ်။ ဒါပေမယ့် ကိုယ်စားတာ ကိုယ်ရှင်းကြရအောင်။



How about going to the beach this ofternoon?

ဒီနေ့ နေ့လည် ပင်လယ်ကမ်းခြေ သွားကြရအောင်။

Good idea !

သွားကြတာပေါ့။

How about a game of chess?

စစ်တုရင်တစ်ပွဲလောက်ကစားကြရအောင်။

Yes, let's.

အေး၊ ကစားရအောင်။

## တောင်းပန်ခြင်း

## ( *Saying sorry* )

1. It's my fault. I apologise.

   ကျွန်တော့်အပြစ်ပါ ။ ကျွန်တော် တောင်းပန်ပါတယ်။

2. I do apologize .

   ကျွန်တော် အလေးအနက် တောင်းပန်ပါတယ်။

3. We apologise for the inconvenience.

   အဆင်မပြေမှုအတွက် ကျွန်တော်တို့ တောင်းပန်ပါတယ်။

4. It was an accident - I didn't do it on purpose.

   မတော်တဆ ဖြစ်တာပါ။ ကျွန်တော်တမင်လုပ်တာ မဟုတ်ပါဘူး။

5. Sorry, I took your umbrella by mistake.

   တောင်းပန်ပါတယ်။ ခင်ဗျားရဲ့ထီးကို ကျွန်တော်မှားပြီးယူသွားတယ်။

Free for All



6. Sorry to keep you waiting. (or)

Sorry to have kept you waiting.

မင်းကိုစောင့်ခိုင်းရတာ အားနာလိုက်တာ။

7. *I feel bad about forgetting to telephone you.*

မင်းကိုဖုန်းဆက်ဖို့မေ့သွားတာအားနာလိုက်တာ။

8. *(A)* I'm terribly sorry, but I've broken a plate.

ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော်လုပ်လို့ ပန်းကန်ပြား တစ်ချပ် ကွဲသွားပြီ။

*(B)* Oh, that doesn't matter.

ရပါတယ်၊ ကိစ္စမရှိပါဘူး။

9. *(A)* I'm so sorry, but I've broken your alarm clock.

တောင်းပန်ပါတယ်ဗျာ။ ကျွန်တော့်ကြောင့် နှိုးစက်ပျက်သွားပြီ။

*(B)* Oh, that's all right.

ရပါတယ်ဗျာ။

10. *(A)* Sorry I didn't phone / call you last night.

မနေ့ညကဖုန်းမဆက်ဖြစ်တာတောင်းပန်ပါတယ်။

*(B)* That's okay. ရပါတယ်၊ ကိစ္စမရှိပါဘူး။

မကြားလိုက်လို့ပြန်ပြောစေချင်လျှင်

*(i)* *Sorry?* *(ii)* *Pardon ?*

*(iii)* *Excuse me?* *(iv)* *What ?*

*(v)* *Say that again .*



## အကြံဉာဏ်တောင်းခြင်း

Do you think I should apply for this job?

ဒီအလုပ်ကိုငါလျှောက်သင့်တယ်လို့ မင်းထင်သလား။

Yes, I think you should.

အေး၊ မင်းလျှောက်သင့်တယ်။

1. Do you think I should see a doctor?
2. ................ buy a new camera?
3. ................ learn to drive?
4. ................ take a French course?
5. ................ invite John ( to my party )?

၁။ ငါဆရာဝန်ပြသင့်တယ်လို့မင်းထင်သလား။

၂။ ငါကင်မရာအသစ်ဝယ်ရင်ကောင်းမယ်လို့မင်းထင်သလား။

၃။ ငါကားမောင်းသင်ရင်ကောင်းမယ်လို့မင်းထင်သလား။

၄။ ငါပြင်သစ်စာသင်တန်းတက်သင့်တယ်လို့မင်းထင်သလား။

၅။ ဂျွန်ကိုငါ့ပါတီကိုဖိတ်ရင်ကောင်းမယ်လို့မင်းထင်လား။

6. (A) Should I phone home?

ကျွန်တော် အိမ်ကိုဖုန်းဆက်ရင်ကောင်းမလား။

(B) Yes, you should.

အေး၊ မင်းဖုန်းဆက်သင့်တယ်။



7. (A) Should I buy a motorcylce?

ကျွန်တော် မော်တော်ဆိုင်ကယ် ဝယ်ရင်ကောင်းမလား။

(B) No, you shouldn't.

မင်း မဝယ်သင့်ဘူး။

Free for All



## ထင်မြင်ချက်တောင်းခြင်း

***( Asking someone for their opinion )***

Do you think
- the train will leave on time?
- Peter will pass the exam?
- I need to bring a jacket?
- it will rain tomorrow?

၁။ ရထားကအချိန်မှန်ထွက်မယ်လို့မင်းထင်လား။

၂။ ပီတာစာမေးပွဲအောင်မယ်လို့မင်းထင်လား။

၃။ တိုက်ပုံ ( coat အတို ) ယူလာဖို့လိုမယ် မင်းထင်လား။

၄။ မနက်ဖန်မိုးရွာမယ်လို့မင်းထင်လား။

## ခွင့်တောင်းခြင်း

***( Asking for permission )***

1. Could / Can / May I leave early today?

   ကျွန်တော်ဒီနေ့စောစောပြန်လို့ရမလား။

2. Can I ask you a question?

   မေးခွန်းတစ်ခုလောက်မေးလို့ရမလား။

3. Can I use your phone?
   May I use your phone?
   Is it okay it I use your phone?

   ဖုန်းတစ်ချက် လောက် ဆက်လို့ရမလား။

ရပါတယ်လို့ပြောချင်ရင် - (i) Feel free. ( ii ) Be my guest.


(iii) Of course. (iv) Go ahead (v) Sure.



## လူတွေအကြောင်းဖော်ပြခြင်း

***( Describing People )***

1. My boss is
   - tight - fisted.
   - stingy / miserly.
   - mean.
   - not generous.



ကျွန်တော့်သူဌေးကကပ်စေးနည်းတယ်။

mean = နမြောသော၊တွန့်တိုသော

2. My teacher is very strict.

   ဆရာမက စည်းကမ်းကြီးတယ်။

3. She's a sulky girl.

   သူက စိတ်ကောက်တတ်တဲ့ မိန်းကလေး။

4. John is a loyal friend.

   ဂျွန်က သစ္စာရှိတဲ့ သူငယ်ချင်း။

5. Peter is quite bossy.

   ပီတာက အတော့်ကို ဆရာကြီးလုပ်တယ်။

6. My mother is superstitious.

   အမေက အယူသီးတယ်။

7. My father is easy-going.

   အဖေက စိတ်မဆိုးတတ်၊ စိတ်မပူတတ်တဲ့သူ။

8. He's selfish. သူကတစ်ကိုယ်ကောင်းဆန်တယ်။

Free for All



9. He may forget - he's not very reliable .

သူက သိပ်စိတ်ချရတာမဟုတ်ဘူး။

မေ့ချင်မေ့သွားနိုင်တယ်။



10. She can be aggressive at times.

တစ်ခါတလေ သူက ရန်လိုတာမျိုး

ဖြစ်နိုင်တယ်။

11. Roger can be hilarious at times.

ရော်ဂျာ က တစ်ခါတလေ တအားရီဖို့ကောင်းတယ်။

12. She's a dependable young lady.

သူမက အားထားရတဲ့ / စိတ်ချရတဲ့ မိန်းကလေး။

13. He can be an awkward customer.

သူက ကပ်သီးကပ်ဖဲ့ / ဂျီကရောင် ဖောက်သည်ဖြစ်နိုင်တယ်။

14. Her parents are decent hard-working people.

သူ့မိဘတွေက အကျင့်စာရိတ္တကောင်း (လေးစားလောက်) ပြီး

အလုပ်ကြိုးစားတဲ့ လူတွေပါ။

15. He's a happy-go-lucky kind of person.

သူက ဖြစ်ချင်တာဖြစ်၊ ခပ်ပျော်ပျော် လူစားမျိုး။

16. He has a great sense of humor.

သူက ဟာသဉာဏ်ရှိတယ်။



17. He is a man of few words.



သူက စကားနည်းတယ်။

18. He doesn't get along with his colleagues.

သူ့ရဲ့လုပ်ဖော်ကိုင်ဖက်တွေနဲ့ သူအဆင်မပြေဘူး / မသင့်မြတ်ဘူး။

19. He's easily - offended.

သူက အကျအနကောက်တတ်တယ်။ စိတ်ဆိုးတတ်တယ်။

20. He's bad - tempered.

သူက စိတ်တိုတယ်။

21. He's so conceited , he thinks he's the best at everything.

သူက ဘဝင်မြင့်တယ်။ အစစအရာရာသူသာ

အတော်ဆုံးလို့ ထင်နေတယ်။

22. He's a good student but he lacks confidence.

သူက ကျောင်းသားကောင်းတစ်ယောက်ပါ။

ဒါပေမယ့် ကိုယ့်ကိုကိုယ် ယုံကြည်မှု နည်းတယ်။

23. He's rude and obstinate (stubborn) .

သူက ရိုင်းတယ်။ ခေါင်းမာတယ်။

24. He's a conscientious worker.

သူက အလုပ်တာဝန်သိတတ်ကျေပွန်တဲ့ လုပ်သားဖြစ်တယ်။

25. He'll help you-he's very obliging.

သူ မင်းကိုကူညီပါလိမ့်မယ်။ သူကကူညီလိုစိတ် ရှိတယ်။

Free for All



26. He seems arrogant and aloof.

သူက မာနကြီးပြီး ခပ်တန်းတန်း နေတတ်တယ်။

*( aloof = not friendly )*

27. They're such a charming couple.

သူတို့စုံတွဲဟာ ခင်ဖို့ အလွန်ကောင်းတယ်။

28. I quit my job because my boss was such a nag.

ငါ့ရဲ့သူဌေးဟာ နားငြီးအောင်ဖြစ်တောက်ဖြစ်တောက်
လုပ်တဲ့ သူ မို့လို့ ငါအလုပ် ထွက်လိုက်တယ်။

29. (i) She's such a flirt.

သူက အီစီကလီ ကောင်မလေး။



(ii) He's such a scold.

သူက အလွန်ဆူတဲ့လူ။

(iii) He's such a tease.

သူက အလွန်စတဲ့လူ။

(iv) He's such a braggart.

သူက အလွန်ကြွားတဲ့လူပဲ။

(v) He's such a kind man.

သူဟာ အလွန် ကြင်နာတတ်တဲ့လူ။

(vi) He's such a miser.

သူက အလွန် ကပ်စေးနှဲတဲ့လူ။



## စိတ်ခံစားမှုများ

***( How you feel )***

1. I'm disappointed with myself.

ငါ့ကိုယ်ငါ စိတ်ပျက်တယ်။




2. The movie was disappointing.

ရုပ်ရှင်က စိတ်ပျက်စရာကြီး။

3. I'm so excited-my brother is coming home tomorrow.

ငါ စိတ်လှုပ်ရှားလိုက်တာ၊ငါ့အစ်ကို
မနက်ဖြန်အိမ်ပြန် လာတော့မယ်။

4. The football match was exciting.

ဘောလုံးပွဲက စိတ်လှုပ်ရှားဖို့ကောင်းတယ်။

5. I was satisfied with my exam results.

ကျွန်တော့် စာမေးပွဲရလဒ်တွေကို ကျွန်တော်ကျေနပ်ပါတယ်။

6. I'm concerned about his health.

သူ့ရဲ့ကျန်းမာရေးကို ကျွန်တော်စိုးရိမ်တယ်။

7. <u>What a relief ! They're safe.</u>

စုမှဘဲ စိတ်အေးရတော့တယ်၊ သူတို့ ဘေးကင်းကြတယ်။

8. Exams are finally over. <u>What a relief !</u>

နောက်ဆုံးတော့ စာမေးပွဲပြီးသွားပြီ၊ စုမှပဲ
စိတ်သက်သာရာ ရတော့တယ်။

Free for All



9. I was quite <u>upset</u> at losing my purse.

ပိုက်ဆံအိတ်ပျောက်သွားလို့ ငါအတော် စိတ်ညစ်တယ်။

10. Is he very <u>upset</u> about failing his exam?

စာမေးပွဲကျလို့ သူစိတ်မချမ်းမသာဖြစ်နေသလား။



*upset*

11. She's still very <u>upset</u> about her dad.

သူမရဲ့ဖခင်အတွက် သူမအလွန်စိတ်ဆင်းရဲနေတုံးပဲ။

12. (A) Are you worried ?

မင်းစိတ်ပူသလား။

(B) Only slightly. နည်းနည်းပါးပါးပါ။

13. They keep sending me the wrong forms - it's very frustrating.

ကျွန်တော့်ကို ပုံစံစာရွက် အမှားတွေပို့ပေးနေလို့ ဒေါပွရတယ်။ စိတ်မရှည်ဖြစ်ရတယ်။

14. I feel so frustrated. She really needs my help but there's nothing I can do.

အကူအညီလိုနေတဲ့သူကို ငါက ဘာမှမလုပ်ပေးနိုင်တော့၊

ငါစိတ်အနှောင့်အယှက်ဖြစ်ရတယ်။ ( စိတ်ပျက်ရတယ် )

> frustrated - *making you feel impatient or angry .*
>
> ကိုယ်ဖြစ်ချင်တာ မဖြစ်နိုင်လို့ ဒေါပွ / စိတ်ပျက် တာကို ဆိုလိုသည်။





*depressed*

15. I get depressed at times.

ငါတစ်ခါတလေ စိတ်ဓာတ်ကျတယ်။

The news is very depressing.

သတင်းက အလွန်စိတ်ဓာတ်ကျဖို့ ကောင်းတယ်။

16. It's natural to feel nervous before an interview.

လူတွေ့စစ်မေးခြင်းမတိုင်ခင် ရင်တုန်ပြီး ကြောက်တာသဘာဝပါ။

17. <u>I'm nervous.</u> I have to stand up and talk in front of 300 people.

ငါရင်တုန်လိုက်တာ၊ လူ ၃၀၀ ရှေ့မှာ မတ်တတ်ရပ်ပြီး စကားပြောရမှာ။

18. You look stressed (out). What's the matter?

မင်းကြည့်ရတာ စိတ်ဖိစီးနေသလိုပဲ၊ ဘာဖြစ်တာလဲ။

19. Teaching can be very stressful.

စာသင်ကြားခြင်း အလုပ်ဟာ စိတ်ဖိစီးမှု ရှိနိုင်တယ်။

20. Robert looks very sad today.

ဒီနေ့ ရောဘတ်ကို ကြည့်ရတာ ဝမ်းနည်းနေပုံပဲ။

21. He is very emotional.

သူက စိတ်နုတယ်။

22. Don't be anxious if I'm late.

ငါနောက်ကျခဲ့ရင် စိတ်မပူနဲ့။

Free for All





23. I'm a little homesick. I haven't seen my friends and family for such a long time.

ကျွန်တော့် အိမ်ကို နည်းနည်းလွမ်းတယ်။ သူငယ်ချင်းတွေနဲ့ မိသားစုကို မတွေ့တာကြာပြီ။

24. Don't ask your father for money just now.

He's in a bad mood.

အခု မင်းအဖေဆီက ပိုက်ဆံသွားမတောင်းနဲ့ဦး။

သူ စိတ်တိုနေ တယ်။

25. He's in a good mood.

သူ စိတ်ကောင်းဝင်နေတယ်။

26. I was shocked at/ by the news of her death.

သူမသေဆုံးတာကြားတော့ ကျွန်တော်ထိတ်လန့်တုန်လှုပ် သွားတယ်။

27. Men think that women are fickle.

ယောကျ်ားတွေက မိန်းမတွေကို စိတ်ပြောင်းလွယ် တယ်လို့ ထင်တယ်။

28. He's jealous of me.

သူက ကျွန်တော်ကို မနာလိုဘူး။

*****



## ကျန်းမာရေး

## ( Talking about sickness & health )



1. <u>I have</u> a headache. (or) <u>I 've got</u> a headache.

   ငါ ခေါင်းကိုက်နေတယ်။

2. I have a cough. ကျွန်တော်ချောင်းဆိုးနေတယ်။
3. I have a bad cold. အအေးမိနေတယ်။
4. I have a sore throat. လည်ချောင်းနာနေတယ်။
5. I have a runny nose. နှာရည်ယိုနေတယ်။
6. I have diarrhea. ဝမ်းပျက်နေတယ်။
7. I've got a stiff neck. ငါအုံးလွဲနေတယ်။
8. I feel dizzy when I stand up. ငါမတ်တပ်ရပ်ရင် မူးတယ်။
9. You should see a doctor about that cough.

   အဲဒီချောင်းဆိုးတာ ဆရာဝန်သွားပြပါ။

10. You ought to see a doctor. ဆရာဝန်သွားပြသင့်တယ်။
11. You'd better go see a doctor.

    ဆရာဝန်သွားပြရင် ကောင်းမယ်။

12. I feel itchy all over.

ကျွန်တော် တစ်ကိုယ်လုံးယားနေတယ်။

13. I'm constipated.

ကျွန်တော် ဝမ်းချုပ်နေတယ်။

14. Too much tea will constipate you.

လက်ဖက်ရည်သောက်လွန်းရင် ဝမ်းချုပ်လိမ့်မယ်။

15. I'm allergic to penicillin.

ငါ ပင်နီစလင်နဲ့ မတည့်ဘူး။

16. He's allergic to cats.

သူက ကြောင်ကိုင်ရင်ယားတယ်၊ အနီကွက်ထွက်တယ်။

17. My eyes are swollen.

ကျွန်တော်မျက်လုံးတွေ ယောင်နေတယ်။

18. I've got a stomach upset. (or)

I've got an upset stomach.

ကျွန်တော် ဗိုက်မကောင်းဘူး။

19. You'll get indigestion eating that fast.

ဒီလောက်မြန်မြန် စားရင် အစာမကြေ ဖြစ်လိမ့်မယ်။

20. I have a terrible headache.

ငါ ခေါင်းတအား ကိုက်တယ်။



21. She is on medication for her heart.

သူက နှလုံးရောဂါအတွက် ဆေးသောက်နေရတယ်။

22. Don't forget your medication.

ဆေးသောက်ဖို့ မမေ့နဲ့။

23. Do not drive after taking this medication.

ဒီဆေးသောက်ပြီးရင် ကားမမောင်းပါနဲ့။



24. I've got a pain in my chest.

ကျွန်တော့်ရင်ဘတ် အောင့်တယ်။

25. I love strawberries but they don't agree with me.

ငါ စတော်ဘယ်ရီ ကြိုက်တယ်၊ ဒါပေမယ့် ငါနဲ့ မတည့်ဘူး။

26. You must be tired . Why don't you take a nap?

မင်းတော့ ပင်ပန်းမှာပဲ၊ ခဏလောက် အိပ်လိုက်ပါလား။

27. Why don't you go lie down?

သွားလှဲလိုက်ပါလား။

28. I've got cramp in my leg.

ငါ့ခြေထောက် ကြွက်တက်နေတယ်။

29. My fever is gone, but I still have a cough.

ကျွန်တော်အဖျားတော့ ပျောက်သွားပြီဒါပေမယ့် ချောင်းဆိုးနေတုံးပဲ။

30. You look pale. What's the matter?

မင်းကြည့်ရတာ ဖြူဖတ်ဖြူရော်နဲ့ ဘာဖြစ်တာလဲ။

Free for All



31. What's the matter <u>with your leg?</u>

မင်းရဲ့ခြေထောက်က ဘာဖြစ်တာလဲ။

32. Has she ever suffered from any mental illness?

သူ စိတ်ဝေဒနာ ဖြစ်ဖူးသလား။

33. Have you ever had a sore throat?

ခင်ဗျား လည်ချောင်းနာဖူးသလား။

34. Which foot hurts? Is it the left one?

ဘယ်ခြေထောက်က နာတာလဲ။ ဘယ်ဖက်ခြေထောက်ကလား။

35. The doctor will <u>operate on his leg</u> tomorrow.

ဆရာဝန်က သူ့ရဲ့ခြေထောက်ကို မနက်ဖြန် ခွဲလိမ့်မယ်။

36. He told the doctor he was suffering from chest pains.

သူက ရင်ဘတ်အောင့်တယ်လို့ ဆရာဝန်ကိုပြောပြတယ်။

37. Cancer is not contagious.

ကင်ဆာက မကူးစက်နိုင်ပါဘူး။

38. Will I need a blood transfusion?

ကျွန်တော် သွေးသွင်းဖို့လိုမလား။

39. I'm aching all over. ငါတစ်ကိုယ်လုံးကိုက်ခဲနေတယ်။

| | | | |
|---|---|---|---|
| **aching** | - "အေးစင်း" | လို့ | အသံထွက်ပါ။ |
| | "အေးချင်း" | လို့ | အသံမထွက်ပါ။ |



## ဆရာဝန်နှင့်ပြသခြင်း

### *( Seeing a doctor )*

1. What's the matter? ( or ) What brings you here?

ကဲ၊ ဘာဖြစ်လဲ။

2. How long have you had this pain?

ဒီလိုနာတာဘယ်လောက်ကြာပြီလဲ။

3. How long have you had this problem?

ဒါမျိုးဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ။

4. Have you had this problem before? ( or )

Have you had this before?

ဒါမျိုးအရင်ကဖြစ်ဖူးသလား။

5. How is your appetite? Good?

စံတွင်းက ဘယ်လိုလဲ။ ကောင်းလား

( အစားအသောက်ကော ဘယ်လိုလဲ၊ ကောင်းလား။ )

6. How about your bowels?

ဝမ်းရောဘယ်လိုနေလဲ။

7. <u>Do you have to get up in the night to pass water?</u>

ညဖက်မှာ အပေါ့သွားဖို့ ထရသေးသလား။

8. Sit still , please. ငြိမ်ငြိမ်လေးထိုင်ပါ။ မလှုပ်ပါနဲ့။

9. Keep still , please. ငြိမ်ငြိမ်လေးမလှုပ်ပဲနေပါ။

Free for All



10. Put this capsule under your tongue.

ဒီဆေးတောင့်ကို လျှာအောက်မှာထားပါ။

11. Are you allergic to anything? (or)

Do you have any allergies?

( ပင်နီစလင်၊ ဆာလဖာ.... ) မတည့်တာရှိသလား။

တစ်စုံတစ်ရာမတည့်တာ ရှိသလား။

12. It's just a a little heat rash. There's nothing to worry about.



အပူမိတ်ပါ။ ဘာမှ စိုးရိမ်စရာမရှိပါဘူး။

13. I'll give you a prescription.

ဆေးစာရေးပေးလိုက်ပါမယ်။

14. Take two tablets every four hours.

လေးနာရီခြား ဆေး (၂) လုံး စီ သောက်ပါ။

15. Check monthly for lumps on your breasts.

ရင်သားမှာ အမာဖု ( အကြိတ် ) ရှိမရှိ လတိုင်းစစ်ကြည့်ပါ။

16. Take your shirt off, please. I need to examine your chest.

အကျီချွတ်ပါ။ ကျွန်တော်ရင်ဘတ် စမ်းကြည့်မယ်။

examine - အက် (ခ) စမင်း လို့ အသံထွက်ပါ။

- အက် (ခ) စမိုင်း လို့ အသံမထွက်ပါ။





17. Keep off fatty foods.

အဆီများတဲ့ အစားအစာတွေကို ရှောင်ပါ။

18. Let me examine your throat. Say 'ah".

ခင်ဗျားရဲ့လည်ချောင်းကို စစ်ကြည့်မယ်၊ "အာ" လို့ပြောပါ။

16. Smoking can cause lung cancer.

ဆေးလိပ်သောက်ရင် အဆုတ်ကင်ဆာဖြစ်နိုင်တယ်။

20. It's a deep cut. You'll need stitches.

တော်တော်နက်အောင်ရှမိတာ။ ချုပ်ဖို့လိုမယ်။

21. Take a deep breath.



အသက်ပြင်းပြင်း ရှူပါ။

22. Put a plaster / bandage on it .

ပလာစတာ ကပ်ထားပါ။ /

ပတ်တီးစည်းထားပါ။

23. Put some oilment / cream on it .

လိမ်းဆေးလိမ်းထားပါ။

24. Is there a history of diabetes in your family?

မိသားစုမှာ ဆီးချို မျိုးရိုးရှိသလား။

25. Is there a history of strokes in your family?

မိသားစုတွေထဲမှာ လေဖြတ်တာရှိသလား။

* * * * *

Free for All



# တယ်လီဖုန်းပြောခြင်း

## *( On the telephone )*

May I use your phone?

ဖုန်းဆက်ပါရစေ

Feel free.

ဆက်ပါ ၊ ဆက်ပါ။

Hello , is Amy there?

ဟဲလို ၊ အေမီ ရှိလား။

Hold on. I'll see if she's in.

ဖုန်းခဏကိုင်ထားပါ။ သူရှိ မရှိ ကြည့်လိုက်ပါမယ်။

1. Don't make a noise - Daddy's on the phone.

   မဆူနဲ့ ၊ အဖေ ဖုန်းပြောနေတယ်။

2. Turn down the radio - I'm on the phone.

   ရေဒီယိုတိုးလိုက်ပါ။ ငါ ဖုန်းပြောနေတယ်။

3. Hi , Dad - can you put John on ?

   ဟိုင်း ဒယ်ဒီ ၊ ဂျွန်ကို ဖုန်းပေးလိုက်ပါအုံး။

4. Hello ,David speaking.

   Can I speak to Susan , please?

   ဟဲလို ကျွန်တော်ဒေးဗစ်ပါ။ ဆူဇန်နဲ့ပြောချင်လို့ပါ။

5. Hello , this is Robert here. Is Alice there?

   ဟဲလို ရောဘတ်ပါ။ အဲလစ်ရှိပါသလား။



6. Sorry, she's out . Can I take a message?

   သူအပြင်သွားပါတယ်။ ဘာမှာမလဲ။

7. Hold , please ( or ) Please hold.

   ဖုန်းကိုင်ထားပေးပါ။

8. Hang on / Hold on.

   ခဏလေး ကိုင်ထားပါ။

9. Would / Could you ask her to call back ?

   ကျွန်တော့်ကို ဖုန်းပြန်ဆက်ဖို့ ပြောပေးပါ။

10. Why don't you phone her?

    Why don't you call her up?

    သူ့ကို ဖုန်းဆက်လိုက်ပါလား။

11. Thank you for calling. ( Thank you for the call. )

    ဖုန်းဆက်တဲ့အတွက် ကျေးဇူးတင်ပါတယ်။

12.(*A*) May / Can / Could I speak to Dr.Chang , please?

ဒေါက်တာချန်း နဲ့ ပြောချင်လို့ပါ။

(*B*) One moment, please. ခဏလေးနော်။

13. Susan , could you answer the phone?

    ဆူဇန် ဖုန်းကိုင်လိုက်ပါဦး။

14. Sorry to interrupt but there's a phone call for you.

    ကြားဖြတ်ပြောတဲ့အတွက် တောင်းပန်ပါတယ်။ ဖုန်းလာနေပါတယ်။

Free for All



15. Can / Could / May I have your phone number?

Could you give me your phone number?

ခင်ဗျား ဖုန်းနံပါတ် ကျွန်တော့်ကို ပြောပေးပါ။

16. She's not available . Can I take a message?

သူမအားပါ။ ဘာပြောပေးရမလဲ။

17. Can I call you back ? <u>Something has come up.</u>

ကျွန်တော်ပြန်ဆက်လို့ရမလား။ ကိစ္စလေးပေါ်လာလို့။

18. The doorbell is ringing. <u>I'll call you back.</u>

တံခါးဘဲလ် မြည်နေလို့ ၊ ငါပြန်ဆက်လိုက်မယ်။

19. Who's this ?

Who's speaking ? } I don't recognize your voice.

Who's calling ?

အခုပြောနေတာ ဘယ်သူလဲ။ ခင်ဗျားအသံ မမှတ်မိဘူး။

20. Is this Amy? ( Am ) အသုံးအနှုန်း

Is that Amy? ( Br ) အသုံးအနှုန်း

အေမီလား။

21. Please speak louder. I can't hear you .

ကျယ်ကျယ်ပြောပါ။ မကြားရဘူး။

22. Who do you want to talk to? ( or )

Who do you want to speak to / with?

ဘယ်သူနဲ့ ပြောချင်လို့လဲ။



## ဈေးဝယ်ခြင်း ( *Shopping* )

Can I help you ?

ဘာအလိုရှိပါသလဲ

No, thank you. I'm just looking.

ကျေးဇူးတင်ပါတယ်၊ ကြည့်ရုံသက်သက်ပါ။

1. (i) How much are the mangoes?

သရက်သီးတွေ ဘယ်လိုရောင်းလဲ။

(ii) How much is a small tube of toothpaste?

သွားတိုက်ဆေးဘူးလေးက ဘယ်လောက်လဲ။

(iii) What's the price of that electric iron?

ဟို လျှပ်စစ်မီးပူက ဘယ်ဈေးလဲ။

(iv) How much does this bock cost?

ဒီစာအုပ်က ဘယ်လောက်လဲ။

2. <u>Are you looking for something in particular?</u>

ဘာရှာနေလဲ။ ( ***in particular*** = အထူးအားဖြင့် )

3. This shop deals in electrical goods.

ဒီဆိုင်က လျှပ်စစ်ပစ္စည်းတွေ ရောင်းဝယ်ပါတယ်။.

4. This shop deals in rare books.

ဒီဆိုင်က ရှားပါးတဲ့ စာအုပ်တွေကိုရောင်းဝယ်ပါတယ်။

5. Anything else , sir?

ဘာလိုသေးလဲ ခင်ဗျား။

Free for All



6. Do you want / need anything else ma 'am?

အန်တီ / အမ .... ဘာလိုသေးလဲ။

7. Where's the best place to buy cameras / watches?

ကင်မရာ / နာရီဝယ်ရင် ဘယ်မှာကောင်းသလဲ။

8. Could I have a receipt , please?

ဈေးဝယ်ဖြတ်ပိုင်းလေးရမလား။

9. I can't afford a new computer.

ကွန်ပျူတာ အသစ်ဝယ်ဖို့ ကျွန်တော်မတတ်နိုင်ပါ။

10. The price is reasonable.

ဈေးက တော်ပါတယ်။

11. The car is <u>in good condition.</u>

ကားရဲ့အခြေအနေက ကောင်းပါတယ် ( ကားသန့်ပါတယ် ) ။

12. We paid for the car in / by installments.

ကားကို ကျွန်တော်တို့ အရစ်ကျငွေချေပါတယ်။

13. Do you deliver?

ပစ္စည်းတွေကို (အိမ်) ပို့ပေးလား။

14. <u>Which brand do you recommend?</u>

ဘယ်တံဆိပ် ကောင်းသလဲ။

15. May I suggest this?

ဒါလေး ကောင်းပါတယ်။



16. I like the style but I don't care for the colour.

စတိုင်တော့ ကြိုက်တယ်၊ ဒါပေမယ့် အရောင်မကြိုက်ဘူး။

17. Pink suits your complexion.


ပန်းရောင်နဲ့ ခင်ဗျား အသားရောင် လိုက်တယ်။

18. That looks great on you.

ခင်ဗျား ဝတ်လိုက်ရင် အလွန်ကြည့်ကောင်းပါတယ်။

19. It's too tight / too loose.

ကြပ်လွန်းတယ် / ချောင်လွန်းတယ်။



20. Can you reduce the price?

ဈေးလျှော့ပေးလို့ ရမလား။

21. It's a little pricey / expensive.

ဈေးကနည်းနည်းကြီးတယ်။

22. I need some jeans. / I'd like some shoes.

ကျွန်တော် jeans ဘောင်းဘီဝယ်ချင်လို့၊

ကျွန်တော် ရှူးဖိနပ် ဝယ်ချင်လို့ပါ။

23. Can I try these on? / I'd like to try these on.

ဒီဘောင်းဘီ / ဖိနပ် ... ဝတ်ကြည့်ချင်တယ်။

24. What size ? (or) What size are you ?

ဘယ် size စီးသလဲ။

25. <u>Could you wrap it up for me?</u>

ဒါလေးကို ထုတ်ပေးပါ။

Free for All



26. What's the current market price of gold?

( current = လက်ရှိဖြစ်သော )

လက်ရှိ ရွှေပေါက်ဈေးက ဘယ်လောက်လဲ။

27. Do you sell goods on credit?

ကုန်ပစ္စည်းတွေကို အကြွေးရောင်းသလား။

28. We don't give credit at this shop.

ဒီဆိုင်က အကြွေးမရောင်းပါ။

29. Please don't bargain.

ကျေးဇူးပြုပြီး ဈေးမစစ်ပါနဲ့။

30. Do not hesitate to bargain over the price.

ဈေးဆစ်ဖို့ အားမနာပါနဲ့။

31. I bought this dress because it was a bargain at $5.

ဒီဝတ်စုံကို ၅ ဒေါ်လာနဲ့ ဈေးချောင်တာမို့ ငါဝယ်ခဲ့တယ်။

32. At that price, it's an absolute bargain.

ဒီဈေးဆိုရင် လုံးဝ ဈေးချောင်တယ်။

33. We're out of that item.

ဒီပစ္စည်းကုန်နေပါတယ်။

34. Brown sugar is out of stock.

သကြား (အညို) က ပစ္စည်းပြတ်နေပါတယ်။

35. **How much do I owe you?**


ဘယ်လောက်ပေးရမလဲ (ဘယ်လောက်ကျသလဲ)

* * * * *



# လေကြောင်းဖြင့် ခရီးသွားခြင်း

## *( Air Travel )*




ဂျပန်ပြည် ရောက်ဖူးလား။

ဟုတ်ကဲ့ ၊ နှစ်ကြိမ် ရောက်ဖူးတယ်။

1. How much is the plane fare?

လေယာဉ်ခက ဘယ်လောက်လဲ။

2. What's the departure time?

လေယာဉ်ဘယ်အချိန်ထွက်သလဲ။

3. What's the arrival time?

လေယာဉ်ပျံဘယ်အချိန် ဆိုက်သလဲ။

4. I'd like a one-way ticket to New York.

ကျွန်တော်နယူးယော့(ခ) သွားမယ့်လေယာဉ်လက်မှတ်ဝယ်ချင်ပါတယ်။

5. I'd like a round-trip ticket to Hong Kong.

ကျွန်တော်ဟောင်ကောင်ကိုသွားမယ့်လက်မှတ် (အသွားအပြန်)

ဝယ်ချင်ပါတယ်။

Free for All



6. These tickets are non-refundable.

ဒီလက်မှတ်တွေကိုငွေပြန်မအမ်းပါ။

7. This ticket is <u>valid</u> for three months.

ဒီလက်မှတ်က (၃) လ သက်တမ်း ရှိတယ်။

8. Is a meal served ?

အစားအစာကျွေးသလား။



9. A snack will be served in flight.

လေယာဉ်ပျံပေါ်မှာသရေစာ (မုန့်) ကျွေးပါမယ်။

10. Please fasten your seat belt.

ကျေးဇူးပြု၍ ထိုင်ခုံ ခါးပတ်တွေ ပတ်ထားပါ။

11. What is the purpose of your visit?

ဒီနိုင်ငံကိုလာတဲ့ရည်ရွယ်ချက်က ဘာလဲ။

12. For pleasure. အပျော်ခရီးပါ။

13. It was a business trip . စီးပွားရေးကိစ္စပါ။

14. Have you got a vaccination card for cholera?

ဝမ်းရောဂါ ကာကွယ်ဆေး ထိုးပြီးကြောင်း လက်မှတ်ပါသလား။

15. The flight takes <u>approximately</u> 3 hours.

ပျံသန်းချိန် (၃) နာရီခန့်ရှိပါလိမ့်မယ်။

16. The plane is about to take off.

လေယာဉ်ပျံတက်တော့မယ်။

17. The plane is about to land. လေယာဉ်ပျံဆင်းတော့မယ်။



18. *(A)* Is this the JAL check - in?

JAL လေကြောင်းလိုင်းရဲ့ check - in ကောင်တာလား။

*(B)* Yes, it is . Your ticket , please.

ဟုတ်ပါတယ်၊ လေယာဉ်ပျံလက်မှတ်လေးပြပါ။

*(A)* There you are. ဒီမှာပါ။

*(B)* Your luggage?

ဝန်စည်စလယ် (အထုပ်အပိုး) တွေကော။

*(A)* These two cases. ( case = suitcase )

ဒီခရီးဆောင်အိတ် ၂ လုံးပါ။

*(B)* Put them on the scale , please.

အထုပ်တွေကိုပေါင်ချိန်စက်ပေါ်တင်ပေးပါ။

19. stewardess (လေယာဉ်မယ်) : Good morning sir, Can I see your <u>boarding card</u>, please ? 65 C- that's towards the back on your left.

လေယာဉ်ပေါ်တက်ခွင့် card ပြပါ။

65 C က နောက်ဖက် ဘယ်ဘက်ခြမ်း မှာပါ။

17. steward (လေယာဉ်မောင်) : Would you like coffee?


ကော်ဖီသောက်မလား။

flight attendant ( Am ) အသုံးအနှုန်း

လေယာဉ်မောင် / လေယာဉ်မယ် (၂) ဦးစလုံးအတွက် သုံးသည်။

Free for All





Please put all hand luggage in the overhead locker.

လက်ဆွဲအထုပ်အပိုးတွေကိုအပေါ်က
စင်ပေါ်မှာ တင်ထားပါ။

20. Flight N654 for Hong Kong is now boarding at Gate 5 .

ဟောင်ကောင်ခရီးစဉ် N-654 ခရီးသည်များဂိတ် ၅ မှာ
လေယာဉ်ပျံပေါ်တက်နေကြပါပြီ။

21. Check in at the airport at least forty minutes before take-off.

လေယာဉ်ပျံမတက်ခင်အနည်းဆုံး ၄၀ မိနစ်စောပြီးမိမိရဲ့လက်မှတ်ကို
လေကြောင်းလိုင်းကောင်တာမှာ လာပြပါ။

22. We had to pay $ 50 for excessive baggage?

အလေးချိန်ပိုသွားတဲ့ဝန်စည်စလယ်အတွက်ငါတို့ $ 50ပေးရတယ်။

23. I'd like a window seat.

ပြတင်းပေါက်ဘေးက ခုံလိုချင်ပါတယ်။

I'd like an aisle seat.

အလယ် လူသွားလမ်းဘေးက ခုံလိုချင်ပါတယ်။

aisle - အိုင်း(လ်) လို့ အသံထွက်ပါ။ ("s" သံ ဖျောက်ပါ)

{ island - အိုင်းလဲ(န်ဒ်) - (ကျွန်း) }



24. How much carry - on luggage is permitted?

လက်ဆွဲ အထုပ်အ ပိုး ဘယ်လောက်ကီလို ခွင့်ပြုပါသလဲ။

25. Do you have anything to declare?

အကောက်ခွန်မှာ တင်ပြရမယ့် ပစ္စည်းပါလား။

26. Please remain seated during take-off and landing.

လေယာဉ်ပျံ တက်နေစဉ်နှင့် ဆင်းနေစဉ် မိမိထိုင်ခုံတွင် ထိုင်ပေးပါ။

27. Departure Lounge.

လေယာဉ်ပေါ် မတက်ခင် ခရီးသည်များ ခေတ္တ စောင့်သည့် အခန်း

28. Check in counter / check in desk .

လေဆိပ်တွင် မိမိ၏လေယာဉ်လက်မှတ်ကို ပြရသည့်ကောင်တာ။

29. baggage claim - မိမိ၏အထုပ်အပိုးများကိုပြန်လည်ရယူသည့်နေရာ။

30. terminal - လေဆိပ်ထဲက အဓိက အဆောက်အဦးတစ်ခု
လေကြောင်းလိုင်း ,customs , immigration ..တို့ရှိသည်

31. Can you describe the bag you lost ?

ပျောက်သွားတဲ့အိတ်ရဲ့ပုံပန်းကို ပြောပြပါ။

Single or return ? ( Br ) အသုံးအနှုန်း


One-way or round trip? ( Am) အသုံးအနှုန်း။

အသွားတစ်ကြောင်းတည်းလား။ အသွားအပြန်လား။

Free for All



## ရထားဖြင့် ခရီးသွားခြင်း



get on          get off

1. Is this seat free / taken?
   Is this seat occupied ?
   Is anyone sitting here ?
   } ဒီထိုင်ခုံလူရှိသလား။

2. (A) Do you mind if I sit here?

   ကျွန်တော်ဒီမှာထိုင်လို့ရမလား။

   (B) (i) No, please do.          ထိုင်ပါ၊ထိုင်ပါ။

   (ii) I'm sorry . That seat's taken. ဆောရီးပဲ၊ဒီခုံကလူရှိတယ်။

3. Are there seats still available?

   ထိုင်ခုံလက်မှတ်တွေဝယ်လို့ရသေးလား။

4. Could you move your stuff?

   ခင်ဗျားပစ္စည်းတွေ ရွှေ့ပေးပါ။

5. Can you tell me where to get off?

   ဘယ်မှာဆင်းရမယ်ဆိုတာပြောပေးပါလား။

6. Is this where I get off?

   ကျွန်တော်ဒီမှာဆင်းရမှာလား။

7. Do I have to change (trains )?

   ရထားပြောင်းရမလား။



## အလုပ်အကြောင်း

***( Talking about your work )***



1. This job would suit you. Why don't you apply for it

   ဒီအလုပ်က မင်းနဲ့သင့်တော်တယ်၊ မင်းလျှောက်ပါလား။

2. The arrangements did not suit us.

   အစီအစဉ်တွေက ကျွန်တော်တို့နဲ့ အဆင်မပြေဘူး။

3. Are you satisfied with your secretary's work?

   မင်းရဲ့အတွင်းရေးမှူး လုပ်ဆောင်မှုတွေကို ကျေနပ်ရဲ့လား။

4. Have you made all the arrangements?

   အစီအစဉ်အားလုံးကို မင်းလုပ်ပြီးပြီလား။

5. I have a busy / tight schedule.

   ကျွန်တော်တစ်ခုပြီးတစ်ခု လုပ်ရမဲ့ အလုပ်တွေပြည့်နေတာပဲ။

6. The meeting is scheduled for 9.00am tomorrow.

   အစည်းအဝေးကို မနက်ဖန် (၉) နာရီမှာ စီစဉ်ထားပါတယ်။

7. Jobs are very scarce in Hong Kong.

   ဟောင်ကောင်မှာ အလုပ်တွေ အလွန်ရှားတယ်။

Free for All



8. I'm going to phone the employment agency tomorrow.

ကျွန်တော် မနက်ဖြန်ကျရင် အလုပ်အကိုင်ရှာဖွေရေး
အေဂျင်စီကို ဖုန်းဆက်မယ်။

9. I sent in a couple of job applications last week.

ပြီးခဲ့တဲ့ အပတ်က ကျွန်တော်အလုပ်လျှောက်လွှာ
၂စောင် ပို့လိုက်တယ်။

10. I took a computer course last year.

ကျွန်တော် မနှစ်က ကွန်ပျူတာ သင်တန်းတက်ပါတယ်။

11. <u>He's doing a course on hotel management.</u> (or)

<u>He's taking a course on hotel management.</u>

သူက ဟိုတယ် management သင်တန်းတက်နေတယ်။

12. Did you hear that David's been promoted?

ဒေးဗစ်ရာထူးတိုးတာ မင်းကြားမိသလား။

13. He works for a building firm.

သူက ဆောက်လုပ်ရေး ကုမ္ပဏီမှာလုပ်တယ်။

14. He mixed well with everybody.

သူက လူတိုင်းနဲ့ ကောင်းကောင်းမွန်မွန်ရောနိုင်တယ်။

15. He's a <u>conscientious</u> manager, very popular with his colleagues.

သူက <u>တာဝန်သိတတ်ကျေပွန်</u>တဲ့ မန်နေဂျာဖြစ်ပြီး လုပ်ဖော်
ကိုင်ဖက်တွေက သဘောကျကြတယ်။



16. <u>What salary do you expect ?</u>

လခ ဘယ်လောက်မျှော်လင့်ထားသလဲ။

17. <u>I don't really mind too much about salary .</u>

လခက ကျွန်တော်အတွက် သိပ်အဓိကကျတယ် မဟုတ်ပါ။

18. What does your job involve ?

မင်းရဲ့အလုပ်က ဘာတွေပါဝင်သလဲ။

19. I visit factories .

ကျွန်တော် စက်ရုံတွေဆီ သွားရတယ်။



20. I keep accounts.

ကျွန်တော် စာရင်းတွေကိုင်ရတယ်။

21. I supervise products.

ကျွန်တော် ထုတ်လုပ်မှုကို ကြီးကြပ်ရတယ်။

22. I try to sell new products.

ကျွန်တော် ထုတ်ကုန်အသစ်တွေကို ရောင်းရတယ်။

23. I have to prepare reports.

ကျွန်တော် အစီရင်ခံစာတွေ တင်ပို့ပြင်ဆင်ရတယ်။

24. I would like to gain experience in another field.

ကျွန်တော် နောက် နယ်ပယ်တစ်ခုမှာ အတွေ့အကြုံလိုချင်ပါတယ်။

25. I can <u>deal with</u> the emergency problems efficiently.

အရေးပေါ် ပြဿနာတွေကို ကျွန်တော်က ကျွမ်းကျင်စွာ ကိုင်တွယ်
နိုင်ပါတယ်။

Free for All



26. Is it okay if I take Monday off ?

ကျွန်တော် Monday ကို အလုပ်မဆင်းရင်ဖြစ်မလား။

27. Susan is offsick . Can you fill in for her for a few days?

ဆူဇန်က ဖျားနေလို့ အလုပ်မဆင်းဘူး။ မင်း သူ့နေရာမှာ ရက်အနည်းငယ် လူစားဝင်နိုင် မလား။

28. The <u>disgruntled</u> customer complained to the manager.

မကျေမနပ်၊ ဒေါသဖြစ်နေတဲ့ ဖောက်သည်က မန်နေဂျာကိုတိုင်တယ်။

29. Jane made a <u>commitment</u> to help her friend move.

ဂျိမ်းက သူမရဲ့သူငယ်ချင်းအိမ်ပြောင်းရင် ကူဖို့<u>ကတိ</u>ပြုတယ်။

30. We are looking for a teacher with enthusiasm and <u>commitment</u>.

အလုပ်မှာ စိတ်ဝင်စားမှုရှိပြီး အလုပ်ကို အားကြိုးမာန်တက် လုပ်တဲ့ ဆရာမျိုး ရှာနေပါတယ်။

31. I cannot cope with this work.

ဒီအလုပ်ကို ကျွန်တော်နိုင်အောင်မလုပ်နိုင်ပါ။

32. Please give a brief account of your previous work experience.

မင်းရဲ့အရင်အလုပ် အတွေ့အကြုံတွေကို စပ်တိုတိုပြောပေးပါ။



33. These are my routine duties.

ဒါတွေကတော့ ပုံမှန်ဂျူတီတွေပါပဲ။

34. You'll have to deal with all sorts of people.

လူ အမျိုးမျိုးနဲ့ မင်းဆက်ဆံရလိမ့်မယ်။

35. She deals with all the inquiries.



မေးမြန်း စုံစမ်းတာတွေကို သူကကိုင်တွယ်ပါတယ်။

36. He deals in second-hand cars.

တစ်ပတ်ရစ်ကားတွေကို သူရောင်းဝယ်တယ်။

37. The dealer will deliver the washing machine tomorrow.

ဆိုင်သမားက အဝတ်လျှော်စက်ကို မနက်ဖြန် ပို့ပေးလိမ့်မယ်။

38. We no longer have dealings with that company.

အဲဒီ ကုမ္ပဏီနဲ့ ကျွန်တော်တို့ အရောင်းအဝယ် မရှိတော့ပါ။

39. Our plans are quite flexible.

ကျွန်တော်ရဲ့အစီအစဉ်တွေက လွယ်လွယ်ကူကူ ပြောင်းလို့ရပါတယ်။

40. I'll see everybody concerned and tell them the news.

သက်ဆိုင်တဲ့သူတွေအားလုံးကို တွေ့ပြီး သတင်းကိုပြောလိုက်ပါမယ်။

41. Ken finally persuaded Jo to apply for the job.

Ken က Jo ကို နောက်ဆုံးတော့ အလုပ်လျှောက်ဖို့ တိုက်တွန်း/ နားချ နိုင်လိုက်တယ်။

42.(A) John didn't get that job.

(B) Oh, what a pity! / What a shame! /That's too bad !

စိတ်မကောင်းစရာဘဲ။

Free for All



43. I had to retire on medical grounds.

ကျန်းမာရေးကြောင့် ကျွန်တော်အငြိမ်းစားယူရတယ်။

44. We hope to expand our business this year.

ဒီနှစ်စီးပွားရေးလုပ်ငန်းတွေ တိုးချဲ့ဖို့ ကျွန်တော်တို့
မျှော်လင့်ထား ပါတယ်။

45. Let's figure out the possible results.

ဖြစ်နိုင်တဲ့ရလဒ်တွေကို ကျွန်တော်တို့တွက်ကြည့်ကြရအောင်။

46. Learn by experience -don't make the same
mistake again.

အတွေ့အကြုံကနေ သင်၊ မှားပြီးတဲ့အမှားမျိုးထပ်မဖြစ်စေနဲ့။

47. Don't use the office phone for personal calls.

ကိုယ်ရေးကိုယ်တာအတွက် ရုံးဖုန်းမသုံးပါနှင့်။

48. He was absent for <u>six consecutive days.</u>

သူ အလုပ်မလာတာ ခြောက်ရက်ဆက်တိုက်ရှိပြီ။

49. I can't tell you what it's worth offhand.

အဲဒါ ဘယ်လောက်တန်တယ်ဆိုတာကို ကျွန်တော် လက်တန်းမပြော နိုင်ပါ။

50. <u>I don't know offhand how much money I earn.</u>

ကျွန်တော်ကငွေဘယ်လောက်ဝင်တယ်ဆိုတာကို လက်တန်းမပြောနိုင်ပါ။

51. I'll send you the details by fax.

အသေးစိတ်တွေကို ငါ ဖက်စ် နဲ့ ပို့လိုက်ပါတယ်။

52. I must confess - I didn't think of that .

ဒါကို မစဉ်းစားခဲ့ဖူးဘူးဆိုတာ ဝန်ခံပါတယ်။



53. The shrewd employee was soon promoted.

အကင်းပါးသော/အကွက်မြင်သော အလုပ်သမားသည်
မကြာခင် ရာထူးတိုး ခံရတယ်။



54. The boss is very pleased with you.
Keep it up!

Boss က မင်းရဲ့အလုပ်ကိုကျေနပ်နှစ်သက်တယ်။ ဆက်ကြိုးစား။

55. Well done! Keep up the good work.( Keep it up ! )

တော်တယ် တော်တယ်။ ဆက်ကြိုးစား။

56. It's difficult to please everybody.

လူတိုင်းကို ကျေနပ် စေဖို့ခက်ပါတယ်။

57. The enterprise failed because of lack of experience.

အတွေ့အကြုံ မရှိလို့ လုပ်ငန်းပျက်စီးရတယ်။

58. The company <u>deceived</u> customers by selling old
computers as new ones.

ကွန်ပျူတာအဟောင်းတွေကို အသစ်ဆိုပြီး ကုမ္ပဏီက
<u>လိမ်လည် (လှည့်ဖြား)</u> ပြီး ဝယ်သူတွေကိုရောင်းတယ်။

59. Competition for jobs is very fierce.

အလုပ်အတွက် ယှဉ်ပြိုင်မှုက ပြင်းထန်လှတယ်။

60. His business is prospering.

သူ့ရဲ့စီးပွားရေးလုပ်ငန်းတွေ အောင်မြင်နေပါတယ်။

Free for All



61. I think he has <u>the drive</u> needed for this job.

သူ့မှာ အလုပ်ကို မအောင်မမြင်ချင်း မဖြစ်မနေလုပ်မယ်ဆိုတဲ့ စိတ်ဓာတ် ရှိတယ်လို့ ကျွန်တော်ထင်တယ်။

62. The hotel staff are friendly and <u>courteous.</u>

ဟိုတယ်ဝန်ထမ်းတွေက ခင်ခင်မင်မင်ရှိပြီး ယဉ်ကျေးပျူငှါကြပါတယ်။

63. I got the job <u>through</u> an employment agency.

အလုပ်အကိုင် ရှာဖွေရေး အေဂျင်စီကနေ ငါအလုပ်ရတာ။

64. Please tell me if you hear of any vacancies for secretaries.

အတွင်းရေးမှူး နေရာလစ်လပ်တာ မင်းကြားမိရင် ငါ့ကိုပြောပါ။

65. We'll contact you if we have any vacancies.

အလုပ်နေရာ လစ်လပ်တာရှိရင် ကျွန်တော်တို့ ဆက်သွယ်ပါမယ်။

66. Why don't you apply for a part time job ?

အချိန်ပိုင်း အလုပ်ကို မင်းလျှောက်ပါလား။

67. Anyone who breaks the company rules will be dismissed.

ကုမ္ပဏီဥပဒေတွေကို ချိုးဖောက်တဲ့ မည်သူ့ကိုမဆို အလုပ်ထုတ်ပစ်မည်။

68. I'll excuse your carelessness this time.

ဒီတစ်ခါတော့ မင်းရဲ့ပေါ့ဆမှုကို ခွင့်လွှတ်လိုက်မယ်။

69. All our data is kept on computer.

အချက်အလက်တွေအားလုံး ကွန်ပျူတာထဲ ထည့်ထားတယ်။



70. This is the first time a woman has been appointed to such a senior position.

အမျိုးသမီးတစ်ဦးကို ဒီလိုအဆင့်မြင့်ရာထူးခန့်တာ ပထမဦးဆုံးပါပဲ။

71. He tried to convince me that I needed a new car.

ကျွန်တော့်မှာ ကားသစ်တစ်စီးလိုတယ်လို့ သူကကျွန်တော့်ကို လက်ခံယုံကြည် စေတယ်။



72. <u>That firm has a good reputation.</u>

အဲဒီကုမ္ပဏီက နာမည်ကောင်းနဲ့ ကျော်ကြားတယ်။

73. <u>That company has a bad reputation.</u>

အဲဒီကုမ္ပဏီက နာမည်ပျက် ရှိတယ်။

74. Mr Dilson is hard on his employees.

မစ္စတာ ဒစ်ဆင်က သူ့အလုပ်သမားတွေအပေါ်မှာ သနားမှု မရှိဘဲ မညှာမတာ ဆက်ဆံတယ်။

75. He was <u>accused of</u> evading income tax.

ဝင်ငွေခွန်တွေ ရှောင်တယ်လို့ သူ့အစွပ်စွဲခံရတယ်။

76. They accused him of <u>shirking</u> his duties.

သူတို့က သူ့ကို ဂျူတီတွေကို ရှောင်တယ်လို့ စွပ်စွဲကြတယ်။

77. He was fired for <u>insulting</u> a customer .

ဖောက်သည် (ဈေးဝယ်သူ) တစ်ယောက်ကို စော်ကားတာကြောင့် သူ့အလုပ်ထုတ်ခံ ရ တယ်။

Free for All



78. Don't hesitate to phone if you have any problems.

မင်းမှာ ပြဿနာတွေရှိခဲ့ရင် ဖုန်းဆက်ဖို့အားမနာပါနဲ့။

79. Don't hesitate to contact me if you need any more information.

နောက်ထပ်သတင်းအချက်အလက် လိုအပ်ရင် ကျွန်တော့်ကို ဆက်သွယ် ဖို့ အားမနာပါနဲ့။

80. Don't hesitate to contact me if you have any queries.

မေးရန် မေးခွန်းတွေရှိပါက ကျွန်တော်ကို ဆက်သွယ်ဖို့ အားမနာပါနဲ့။

81. We anticipate an increase in sales over the next few months .

နောက်လအနည်းငယ်ဆို အရောင်းတက်လာဖို့ ကျွန်တော်တို့ မျှော်လင့်ထားပါတယ်။

82. Do you have any experience in marketing?

မင်း marketing မှာအတွေ့အကြုံ ရှိလား။

83. He works on alternate Sundays.

သူက တစ်ပတ်ခြား တနင်္ဂနွေနေ့မှာ အလုပ်လုပ်ပါတယ်။


84. Tom isn't very reliable. He tends to forget things.

တွမ်က စိတ်မချရဘူး ။ သူက မေ့တတ်တယ်။

85. Don't worry , I'll see to everything while you're away.

စိတ်မပူပါနဲ့၊ မင်းဒီမှာ မရှိတုန်း အကုန်လုံးကို ငါ ဆောင်ရွက်ထားပါမယ်။





86. The salary is negotiable.

လစာက ညှိနှိုင်းလို့ ရပါတယ်။

87. He's still hesitating about whether to accept the job or not.

သူက အလုပ်ကို လက်ခံဖို့ မလက်ခံဖို့ ချီတုံချတုံ ဖြစ်နေတုန်းပဲ။

88. Could you be more specific?

ပိုပြီး အသေးစိတ် ပြောပေးပါ။ ( အတိအကျ ) ပြောပေးပါ။

89. They suspend him from his job.

သူ့ကို ခေတ္တရာထူးရပ်ထားသည်။

90. We apologize for any inconvenience.

အဆင်မပြေမှုတွေအတွက်ကို ကျွန်တော်တို့ တောင်းပန်ပါတယ်။

91. Jimmy is considering a career in engineering.

ဂျင်မီက အင်ဂျင်နီယာသက်မွေးဝမ်းကျောင်း အလုပ်ကို စဉ်းစားနေတယ်။

92. She began her acting career in TV commercial.

သူမက သရုပ်ဆောင်အလုပ်ကို TV ကြော်ငြာက စတင်ခဲ့ပါတယ်။

93. He works in a bank but teaches English as a sideline.

သူကဘဏ်မှာလုပ်ပြီး အင်္ဂလိပ်စာကို အပိုဝင်ငွေရတဲ့ အနေနဲ့ သင်ပေးတယ်။

94. You can rely on her in a crisis.

အခက်အခဲကြုံတဲ့ အချိန်အခါမှာ ၊ မင်းသူမကို အားထားနိုင်ပါတယ်။

95. You musn't <u>neglect</u> your family.

မင်းရဲ့မိသားစုကို ပစ်မထားရဘူး။

96. He <u>neglected</u> his duties.

သူသည် ဝတ္တရားတွေကို ဂရုမစိုက်ဘူး။

97. He was <u>negligent</u> of his duties.

သူက သူ့ရဲ့ဝတ္တရားတွေကို ပေါ့ဆတယ်။

98. Can you give me some information on how to apply for a loan?

ချေးငွေ ဘယ်လိုလျှောက်တယ်ဆိုတာ သတင်း အချက်အလက် တွေ ပြောပေးပါ။

99. You'll be in trouble if you don't watch your step.

မင်းရဲ့ခြေလှမ်းမပြင်ရင်/အချိုးမပြင်ရင် မင်းတော့ ဒုက္ခရောက်လိမ့်မယ်။

100. Older people tend to be more conservative.

အသက်ကြီးတဲ့ ပုဂ္ဂိုလ်တွေက အပြောင်းအလဲ၊ အယူအဆအသစ်တွေကို သဘောမကျတတ်ဘူး။

101. He works for an engineering company.

သူက အင်ဂျင်နီယာနဲ့ ဆိုင်တဲ့ကုမ္ပဏီမှာ လုပ်တယ်။

102. <u>Your expenses will be reimbursed in full.</u>

မင်းရဲ့ကုန်ကျငွေကို အပြည့်အဝ ပြန်ပေးပါမယ်။

103. When can you <u>remit</u> the money?

ခင်ဗျားငွေ ဘယ်တော့ လွှဲနိုင်မလဲ။



104. He lacks the necessary initiative to be a leader.

သူ့မှာ ရှေ့ဆောင်နိုင်သော သတ္တိမရှိဘူး။

105. It's a job with good prospects.

အလားလာရှိတဲ့ / တက်လမ်းရှိတဲ့ အလုပ်ပါဘဲ။

106. He's a prospective buyer.


သူက အလားအလာရှိတဲ့ ဝယ်လက်ဖြစ်ပါတယ်။

107. (A) Does your brother own the firm?

မင်းရဲ့အကိုက ကုမ္ပဏီပိုင်သလား။

(B) Well, it's a partnership.

ရှယ်ယာနဲ့ လုပ်ကြတာပါ။



108. Does he have the necessary skills and experience?

သူ့မှာ လိုအပ်တဲ့ စွမ်းရည်တွေနဲ့ အတွေ့အကြုံ ရှိသလား။

109. Our boss is very strict , so we have to arrive on time.

ငါတို့ သူဌေးက စည်းကမ်းကြီးလို့ ငါတို့ အချိန်မှန်ရောက်ရတယ်။

110. How long have you been working in your present company?

လက်ရှိ ကုမ္ပဏီမှာလုပ်တာ ဘယ်လောက်ကြာပြီလဲ။

111. <u>He's looking for a better -paid job.</u>

သူက လစာပိုကောင်းတဲ့အလုပ် ရှာနေတယ်။

112. I'd like to take a leave of absence.

ကျွန်တော် ခွင့်တစ်ရက်လောက် လိုချင်လို့ပါ။

113. How soon can you finish the report?

အစီရင်ခံစာကို ဘယ်လောက်အမြန်ဆုံး ပြီးအောင်လုပ်နိုင်မလဲ။

Free for All







I've got a degree in History .

ကျွန်တော်က သမိုင်းနဲ့ ဘွဲ့ရတယ်။

114. Which firm do you work for ?

မင်း ဘယ်ကုမ္ပဏီမှာ လုပ်သလဲ။

115. What company are you with ?

ဘယ် ကုမ္ပဏီမှာ လုပ်သလဲ။

116. Who do you work for ?

မင်း ဘယ်သူ့ဆီမှာ လုပ်သလဲ။

117. (i) I work for a German Bank.

ကျွန်တော် ဂျာမန်ဘဏ်မှာ လုပ်ပါတယ်။

(ii) I'm with the United Nations.

ကျွန်တော် ကုလသမဂ္ဂမှာ လုပ်ပါတယ်။

118. What's your degree in?


မင်းဘာနဲ့ ဘွဲ့ရသလဲ။

119. What are your qualifications?

မင်းရဲ့ပညာအရည်အချင်းတွေက ဘာလဲ။

120. Let me see your references.

မင်းရဲ့အလုပ်နဲ့ ဆိုင်တဲ့ ထောက်ခံစာတွေကို ပြပါ။




မင်းရဲ့ကိုယ်ရေးရာဇဝင်ကို ပြပါ။

121. Let me see your re'sume'. ( Am) အသုံးအနှုန်း

Let me see your CV. ( Br ) အသုံးအနှုန်း

မင်းရဲ့ကိုယ်ရေးရာဇဝင်ပြပါ။

122. re'sume' = "ရက်ဇမေး" လို့ အသံထွက်ပါ။

123. I earn $ 2000 a month.

ကျွန်တော် တစ်လကို ဒေါ်လာ ၂၀၀၀ ရပါတယ်။

124. I used to work in a factory.

ကျွန်တော် အရင်က စက်ရုံမှာ လုပ်ပါတယ်။

125. It will take a week for your application to be processed.

မင်းရဲ့လျှောက်လွှာကို ဆောင်ရွက်ဖို့ တစ်ပတ်ကြာမယ်။

126. It will take about ten days to process your application.

ခင်ဗျားရဲ့လျှောက်လွှာကို ဆောင်ရွက်ဖို့ (၁၀) ရက် လောက် ကြာလိမ့်မယ်။

Free for All



127.(i) The document is genuine, I can assure you.

စာရွက်စာတမ်းတွေက အစစ်တွေပါ။ စိတ်ချပါ ခင်ဗျား။

(ii) I assure you that the money will be safe with me.

ငွေတွေက ကျွန်တော်ဆီမှာ ထားမယ်ဆိုရင် လုံခြုံမယ်ဆိုတာ စိတ်ချပါ။

(iii) John assured me that he would pay back the loan.

ဂျွန်က ချေးထားတဲ့ငွေ ပြန်ပေးမယ်ဆိုတာ စိတ်ချဖို့ ကျွန်တော်ကို ပြောတယ်။

128. They appointed him manager.

သူ့ကို မန်နေဂျာ အဖြစ်ခန့်လိုက်တယ်။

129. He was appointed as company director last year.

မနှစ်က သူကုမ္ပဏီဒါရိုက်တာအဖြစ် ခန့်အပ်ခံရတယ်။

130. I have an appointment with the dentist at four o'clock.

ကျွန်တော် သွားဆရာဝန်နဲ့ (၄) နာရီမှာ ချိန်းထားတယ်။

131. The bank apologized for the error.

အမှားအတွက် ဘဏ်ကတောင်းပန်တယ်။

132. Will $ 20 cover your expenses?

ဒေါ်လာ ၂၀ ဆို မင်းရဲ့အသုံးစရိတ် လုံလောက်ပြီလား။

133. The survey covers all aspects of the business.

ဆာဗေး ( စစ်တမ်း ) က စီးပွားရေးကဏ္ဍ အကုန်လုံးကို အကျုံးဝင် ( ပါဝင် ) ပါသည်။



134. The committee approved the plan.

ကော်မတီက စီမံကိန်းကို သဘောတူလိုက်တယ်။

135. I can't agree to anything without my partner's approval.

ကျွန်တော့် လုပ်ဖော်ကိုင်ဖက်ရဲ့သဘောတူညီချက်မရဘဲ ကျွန်တော် တစ်ယောက်ထဲ ဘာမှ သဘောတူလို့ မရပါ။

136. The boss threatened to fire / sack / dismiss anyone who was late .

သူဌေးက နောက်ကျသူကို အလုပ်ထုတ်ပစ်မယ်လို့ ချိန်းခြောက်တယ်။

137. Quit working. It's five o'clock.

အလုပ်လုပ်တာတွေ ရပ်တော့၊ ငါးနာရီထိုးပြီ။

138. If I don't get a pay rise, I'll quit. ( Br ) အသုံးအနှုန်း

If I don't get a pay raise, I'll quit. (Am) အသုံးအနှုန်း

လခမတိုးရင် ငါ အလုပ်ထွက်မယ်။

139. A receptionist needs charm, goodwill , reliability and energy.

( ဟိုတယ် ရုံး ) ကြိုဆိုလက်ခံရေး ဝန်ထမ်းတစ်ယောက်ဟာ ခင်မင်ဖို့ ကောင်းခြင်း၊ စိတ်စေတနာကောင်းခြင်း၊ အားထားရခြင်း နှင့် အလုပ်ကို အားကြိုးမာန်တက် လုပ်ခြင်းတို့ လိုအပ်တယ်။



Free for All



140.(A) What sort of job / employment / occupation did you have in mind?

ဘယ်လိုအလုပ်မျိုး မင်းစိတ်ကူးထားသလဲ။

(B) I was thinking of something in the hotel line.

ဟိုတယ်နဲ့ ပတ်သက်တဲ့အလုပ်အကိုင်မျိုး စဉ်းစားထားပါတယ်။

141. <u>She made a good impression at her interview.</u>

အင်တာဗျူးမှာ တွေ့ဆုံမေးမြန်းသူကို သဘောကျအောင် သူလုပ်လိုက်နိုင်တယ်။

142. Do you think I made a good impression on your parents?

မင်းမိဘတွေသဘောကျအောင် လုပ်လိုက်နိုင်တယ်လို့ မင်းထင်သလား။

143. Remember that it makes a bad impression if you're late.

မင်းနောက်ကျခဲ့ရင် မင်းကို အထင်သေးသွားနိုင်တယ်/သဘော မကျ ဖြစ်သွားနိုင်တယ်ဆိုတာ သတိပြုပါ။

144. What's your impression of the new director?

ဒါရိုက်တာအသစ်ကို စိတ်ထဲမှာ ဘယ်လိုထင်သလဲ / ဘယ်လို သဘောရသလဲ။

145. I am impressed by / with his English.

သူ့ရဲ့အင်္ဂလိပ်စာကို ကျွန်တော် သဘောကျသွားတယ်။

* * * * *



| | | |
|---|---|---|
| *weird* | = | ထူးဆန်းသော |
| *strange* | = | ထူးဆန်းသော |
| *peculiar* | = | ထူးဆန်းသော |
| *eccentric* | = | ထူးဆန်းသော၊ ကြောင်တောင်တောင်ဖြစ်သော |
| *curious* | = | သိလိုမြင်လိုသော၊ ထူးဆန်းသော ၊ စပ်စုသော |

1. She wears <u>weird</u> clothes.


သူက ထူးဆန်းတဲ့ အဝတ်အစားတွေ ဝတ်တယ်။

2. I had a really weird dream last night.

ငါ မနေ့ညက တကယ့်ကို ထူးဆန်းတဲ့ အိပ်မက် မက်တယ်။

3. I had a <u>strange</u> dream last night.

ငါ မနေ့ညက ထူးဆန်းတဲ့ အိပ်မက်မက်တယ်။



4. Amy's already gone? <u>How peculiar!</u>

အေမီ သွားပြီ ၊ ထူးတော့ ထူးတာပဲ။

5. Our neighbour is an <u>eccentric</u> old lady who has about 25 cats.

ငါ့ရဲ့ အိမ်နီးချင်းက ကြောင် ၂၅ ကောင်ရှိတဲ့ ခပ်ကြောင်ကြောင် အဘွားကြီး။

6. It is <u>curious</u> that she left without saying goodbye.

သူ နှုတ်မဆက်ဘဲ ထွက်သွားတာ ထူးဆန်းတာပဲ။

7. I'm curious whether he passed his exams.

သူ စာမေးပွဲအောင်သလားဆိုတာကို ငါသိချင်တယ်။

Free for All



| | | |
|---|---|---|
| ***alter*** | ... | ပြောင်းလဲသည်။ |
| ***switch*** | ... | ပြောင်းသည်။ |
| ***convert*** | ... | ပြောင်းသည်။ |
| ***change*** | ... | ပြောင်းသည် / ပြောင်းလဲသည်။ |

1. *(i)* This skirt is too big for me now.
I'll have to <u>alter</u> it.
ငါ့အတွက် စကတ်က ကြီးလွန်းသွားပြီ ၊ ငါပြန်ပြင်ရမယ်။
*(ii)* Your life <u>alters</u> completely when you have kids.
သားသမီးရတဲ့အခါ ဘဝဟာ လုံးဝပြောင်းလဲသွားတယ်။

2. *(i)* The match has been <u>switched</u> from Saturday to Sunday.
ပြိုင်ပွဲကို စနေကနေ တနင်္ဂနွေနေ့ကို ပြောင်းလိုက်တယ်။
*(ii)* I used to cook on electricity, but I've <u>switched</u> to gas.
အရင်က ကျွန်တော်လျှပ်စစ်မီးသုံးတယ်။ အခုတော့ gas ပြောင်းပြီးသုံးတယ်။

3. *(i)* The old warehouse was <u>converted</u> into offices.
ကုန်လှောင်ရုံအဟောင်းကို ရုံးခန်းများ အဖြစ်သို့ ပြောင်းလိုက်တယ်။
*(ii)* How do you <u>convert</u> miles into kilometers?
မိုင်ကို ကီလိုမီတာဘယ်လိုပြောင်းသလဲ။

4. Let's walk home for a <u>change</u>.
အပြောင်းအလဲဖြစ်အောင် အိမ်ကိုလမ်းလျှောက်ပြန်ကြရအောင်။



## manage . . . နိုင်သည်

1. Can you <u>manage</u> another cup of tea?
မင်းလက်ဖက်ရည်နောက်တစ်ခွက်သောက်နိုင်ဦးမလား။

2. I can only <u>manage</u> three sit-ups.
ငါ အိပ်ထမတင် သုံးကြိမ်ပဲ လုပ်နိုင်တယ်။

3. How do you <u>manage</u> to stay so slim?
မင်းဘယ်လိုလုပ်ပြီး ဒီလိုပိန်ပိန်သွယ်သွယ်လေး ဖြစ်အောင် နေနိုင်တာလဲ။

4. How did you <u>manage</u> to persuade him?
မင်း သူ့ကို ဘယ်လိုလုပ်ပြီး နားချလိုက် / တိုက်တွန်းလိုက် နိုင်တာလဲ။

5. He <u>managed</u> to avoid an accident.
သူက မတော်တဆ ဖြစ်မှုကို ရှောင်လိုက်နိုင်တယ်။

6. My television broke down, but I <u>managed</u> to repair it myself.
တယ်လီဗီရှင်း ပျက်သွားတယ်။ ဒါပေမယ့် ငါ့ဖာသာ ငါပြင်လိုက် နိုင်တယ်။

7. Will you <u>be able to</u> come tonight?
မင်းဒီည လာနိုင်မလား။

8. I won't <u>be able to</u> come. ငါ မလာနိုင်ဘူး။

Free for All



| | | |
|---|---|---|
| *ridiculous*<br>*absurd*<br>*ludicrous* | } | အဓိပ္ပါယ်မရှိ ရယ်စရာကောင်းသော<br>very silly, deserving to be laughed at |

1. It's ridiculous to play tennis with a football.

   တင်းနစ်ကိုဘောလုံးနဲ့ ကစားရင် ရယ်စရာကြီး။

2. (A) I'm too scared to go on my own.

   ငါ တစ်ယောက်တည်း သွားရမှာ ကြောက်တယ်။

   (B) Don't be ridiculous .

   အဓိပ္ပာယ်မရှိတာ မပြောနဲ့။

3. Wearing a swimming suit during a snowstorm is absurd.

   နှင်းမုန်တိုင်းရှိနေစဉ်မှာ ရေကူးဝတ်စုံလေးဝတ်ထားရင် ရူးမိုက်ပြီး ရယ်စရာကောင်းမှာ။

4. Don't be absurd- you can't play outside in the rain.

   အဓိပ္ပါယ်မရှိတာ မပြောနဲ့။ မိုးထဲမှာ သွားမကစားရဘူး။

5. What a ridiculous suggestion !

   အတော် ရယ်စရာကောင်းတဲ့ အကြံပေးချက်ပဲ။

6. A. I can walk home.

   ငါ အိမ်ကို လမ်းလျှောက်ပြန်လို့ရတယ်။

   B. Don't be silly-it's much too far !

   မဟုတ်တာ မပြောနဲ့ ။ မင်းအိမ်က သိပ်ဝေးတယ်။



# တမင်သက်သက်

1. I came a bit early on purpose.

   ငါ တမင် နဲနဲစောစော လာတာ။

2. It was an accident - I didn't do it on purpose.

   မတော်တဆ ဖြစ်တာပါ။ တမင်လုပ်တာ မဟုတ်ဘူး။

3. *A.* Was it broken accidentally?

   မတော်တဆ ကွဲသွားတာလား။

   *B.* No, he did it on purpose.

   မဟုတ်ဘူး ၊ သူတမင်လုပ်တာ။



4. That was a deliberate insult.

   ဒါ တမင်စော်ကားတာ။

5. You did that deliberately!

   ဒါ မင်း တမင်သက်သက် လုပ်တာ။

6. I didn't do it deliberately - it was an accident.

   ကျွန်တော် တမင်လုပ်တာ မဟုတ်ပါ။ မတော်လို့ ဖြစ်တာပါ။

7. I did trip him , but it wasn't intentional.

   ကျွန်တော် သူ့ကို ခလုတ်တိုက်အောင် လုပ်မိပါတယ်။ ဒါပေမယ့် တမင်လုပ်တာမဟုတ်ပါဘူး။

8. I would never intentionally hurt your feelings !

   မင်း စိတ်ထိခိုက်သွားအောင် တမင်သက်သက် ငါဘယ်တော့မှ လုပ်မှာ မဟုတ်ဘူး။

Free for All



| | | |
|---|---|---|
| *forbid / prohibit* | - | တားမြစ်သည်။ |
| *ban / bar* | - | ပိတ်ပင်သည်။ |

1. Smoking is <u>prohibited</u> inside the building.

   အဆောက်အဦးထဲတွင်ဆေးလိပ်သောက်ခြင်းကို တားမြစ်ထားသည်။



2. *(i)* Smoking is strictly <u>forbidden</u> in this area.

   ဒီဒေသမှာ ဆေးလိပ်သောက်ခြင်းကို တင်းတပ်ကြပ်ကြပ် တားမြစ်ထားသည်။

   *(ii)* I forbid you to see that boy again.

   အဲဒီကောင်လေးနဲ့ မင်းထပ်မတွေ့ရဘူး။

3. *(i)* A lot of people think boxing should be <u>banned.</u>

   လူတော်တော်များများက လက်ဝှေ့ကို ပိတ်သင့်တယ်လို့ ထင်တယ်။

   *(ii)* Smoking in the building is banned.

   အဆောက်အဦးထဲတွင်ဆေးလိပ်သောက်ခြင်းကို တားမြစ်ထားသည်။

   *(iii)* He was banned from driving for three years.

   သူ ကားမောင်းခွင့် သုံးနှစ် ပိတ်ခံရတယ်။

4. *(i)* He was <u>barred</u> from playing football for six months.

   သူ ဘောလုံးကစားခွင့် ခြောက်လ ပိတ်ခံရတယ်။

   *(ii)* The court barred him from contacting his former wife.

   သူ့ကို တရားရုံးက ဇနီးဟောင်းကိုမဆက်သွယ်ဖို့ ပိတ်ပင်ထားတယ်။



| | | |
|---|---|---|
| *enormous* | ..... | အလွန်ကြီးမားသော၊ အလွန်များပြားသော |
| *immense* | ..... | အလွန်ကြီးမားသော |
| *tremendous* | ..... | အလွန်ကြီးမားသော ၊ အလွန်ကောင်းသော |
| *gigantic* | ..... | အလွန်ကြီးမားသော |
| *colossal* | ..... | အလွန်ကြီးမားသော (very big, enormous) |
| *vast* | ..... | ကြီးမားသော / ကြီးမားကျယ်ပြောသော |

1. The new building is <u>enormous.</u>

   အဆောက်အဦး အသစ်က အလွန်ကြီးတယ်။

2. An <u>immense</u> amount of money has been spent on research.

   သုတေသနအတွက် ငွေကြေးအမြောက်အမြားကို သုံးစွဲသည်။

3. *(A)* Did you enjoy the party? မင်း ပါတီမှာ ပျော်ရဲ့လား

   *(B)* Yes, immensely. ဟုတ်ကဲ့။ အလွန်ပျော်ပါတယ်။

4. The response to our appeal was <u>tremendous.</u>

   ကျွန်တော်တို့ရဲ့ မေတ္တာရပ်ခံချက်ကို တုန့်ပြန်တာ အကြီးအကျယ်ပါပဲ။

5. The ship sank when it struck a <u>gigantic</u> iceberg.

   အလွန်ကြီးမားတဲ့ ရေခဲတောင်ကို တိုက်မိပြီး သင်္ဘောမြုပ်သွားတယ်။

6. It was a <u>colossal</u> building.

   အလွန်ကြီးတဲ့ အဆောက်အဦးပါ။

7. Africa is a <u>vast</u> continent.

   အာဖရိတိုက်က အလွန်ကြီးတဲ့ တိုက်ကြီးပါ။

Free for All



| | | |
|---|---|---|
| *fake* | ..... | အတုလုပ်သည် ၊ အတု ၊ ဟန်ဆောင်သည်။ |
| *forge* | ..... | အတုလုပ်သည် ၊ အတု |
| *fraud* | ..... | အတု ၊ လူလိမ် |
| *false* | ..... | အတုဖြစ်သော ၊ မမှန်ကန်သော |
| *bogus* | ..... | အတုဖြစ်သော |
| *counterfeit* | ..... | အတုဖြစ်သော |

1. He faked his father's signature.

   သူသည် သူ့ဖခင်၏လက်မှတ်ကို အတုထိုးသည်။

2. That's not a real diamond necklace. It's a fake.

   ဒါက စိန်လည်ဆွဲ အစစ် မဟုတ်ဘူး။ အတုပါ။

3. He forged my signature.

   သူက ငါ့လက်မှတ်ကို ခိုးထိုးတယ်။

4. This picture is not really by Picasso. It is a forgery.

   ဒီ ပီကာဆိုရဲ့ ပန်းချီကား အစစ်မဟုတ်ဘူး။ အတုပါ။

5. This medicine is a fraud- it's only water.

   ဒီဆေးက အတုပဲ ၊ ရေသက်သက်ပဲ။

6. He says he's a policeman but I think he's a fraud.

   သူက သူဟာ ရဲလို့ပြောတယ်။ ငါတော့ ရဲအတုပဲ ထင်တယ်။

7. He gave the police false information.

   သူက ရဲကို မမှန်မကန်တဲ့ သတင်းတွေပေးတယ်။

8. a false passport (နိုင်ငံကူးလက်မှတ်အတု)

   false teeth ( သွားအတု ).



9. He was a bogus doctor. သူက ဆရာဝန်အတုပါ။

10. Are you aware these notes are counterfeit?

    ဒီငွေစက္ကူတွေဟာ အတုတွေဆိုတာ မင်းသိသလား။

**genuine ( real ; true ) = အစစ်**

**authentic = အစစ်**

**imitation leather = သားရေအတု**

1. Those aren't genuine diamonds.

   ဟိုဟာတွေက စိန်အစစ်တွေ မဟုတ်ဘူး။

2. Is your diamond ring authentic ?

   မင်းရဲ့ လက်စွပ်က စိန်အစစ်လား။

## တုတ်သလား



(i) Is it true that you have five brothers?

(ii) ........... you are going to S'pore?

(iii) ........... you are moving to Taunggyi?

(i) မင်းမှာ ညီအစ်ကို ငါးယောက်ရှိတယ်ဆိုတာ တုတ်သလား။

(ii) မင်း စင်ကာပူသွားမယ်ဆိုတာ တုတ်သလား။

(iii) မင်း တောင်ကြီးပြောင်းမယ်ဆိုတာ တုတ်သလား။

Free for All



## Life – ၁၁၀

1. Peter was born <u>in the country.</u>

   ပီတာကို ကျေးလက်တောရွာမှာ မွေးဖွားတယ်။

2. I was born on May 7.

   ကျွန်တော့်ကို မေလ (၇) ရက်နေ့မှာ မွေးပါတယ်။

3. Susan and Peter got married last month.

   ဆူဇန်နှင့်ပီတာတို့ ပြီးခဲ့တဲ့လက လက်ထပ်ကြတယ်။

4. When are lucy and John getting married?

   လူစီနဲ့ ဂျွန်ဘယ်တော့ လက်ထပ်ကြမှာလဲ။

5. The old man <u>died</u> last night.

   အဖိုးကြီး ညက သေသွားပြီ။

6. His mother <u>passed away</u> last night.

   သူ့အမေ ညက ဆုံးသွားတယ်။

7. His mother <u>died of</u> cancer. သူ့အမေက ကင်ဆာနဲ့ဆုံးတယ်။

8. His mother <u>died of a stroke</u>. သူ့အမေက လေဖြတ်ပြီးဆုံးတယ်။

9. Both his parents <u>are dead.</u>

   သူ့ရဲ့မိဘ (၂) ပါးစလုံး မရှိတော့ဘူး၊ ဆုံးသွားကြပြီ။

| | | |
|---|---|---|
| **die / pass away** | = | သေသည်။ |
| **dead ( adj )** | = | သေဆုံးသော |

7 LIGHT



## ( ၂ ) လုံးတွဲ စကားလုံးများ

| | |
|---|---|
| *1. How boring !* | ပျင်းဖို့ကောင်းလိုက်တာ။ |
| *2. How disappointing!* | စိတ်ပျက်ဖို့ကောင်းလိုက်တာ။ |
| *3. How annoying !* | စိတ်တိုဖို့ ကောင်းလိုက်တာ။ |
| *4. How irritating !* | စိတ်တိုဖို့ ကောင်းလိုက်တာ။ |
| *5. How exciting !* | စိတ်လှုပ်ရှားဖို့ ကောင်းလိုက်တာ။ |
| *6. How interesting !* | စိတ်ဝင်စားဖို့ကောင်းလိုက်တာ။ |
| *7. How amazing !* | အံ့အားသင့်ဖို့ကောင်းလိုက်တာ။ |
| *8. How strange !* | ထူးဆန်းလိုက်တာ။ |
| *9. How odd !* | ထူးဆန်းလိုက်တာ |
| *10. How embarrassing !* | မျက်နှာပူဖို့ ကောင်းလိုက်တာ။ |
| *11. Calm down !* | စိတ်မပူပါနဲ့/စိတ်မဆိုးပါနဲ့။ |
| *12. Slow down !* | ဖြည်းဖြည်းမောင်း/ဖြည်းဖြည်းသက်သာလုပ် |
| *13. Be brave !* | သတ္တိရှိစမ်းပါ။ |
| *14. Be careful !* | သတိထား။ |
| *15. Be on time !* | အချိန်မှန်ပါစေ။ |
| *16. Be punctual !* | အချိန်မှန်ပါစေ။ |
| *17. Be serious !* | အလေးအနက်လုပ်စမ်းပါ။ |
| *18. Be good !* | လိမ်လိမ်မာမာနေ။ |
| *19. Be polite !* | ယဉ်ကျေးပါ။ |

Free for All



## (၂) လုံးတွဲ စကားလုံးများ

20. *Don't brag !* — မကြွားပါနဲ့။
21. *Don't boast !* — မကြွားပါနဲ့။
22. *Don't scratch !* — မကုပ်နဲ့။
23. *Don't bother !* — ဒုက္ခမရှာပါနဲ့။
24. *Don't exaggerate !* — ပိုမပြောနဲ့။
25. *Ignore him !* — သူ့ကို ဂရုစိုက်မနေနဲ့။ ခေါက်ထားလိုက်၊
26. *Help yourself.* — ကိုယ်တိုင်ယူ (စား) ပါ။
27. *It depends .* — အခြေအနေအရပဲ။
28. *So what ?* — ဘာဖြစ်တုံး။
29. *Behave yourself.* — ဣန္ဒြေရရနေပါ။
30. *Anything else?* — ဘာယူဦးမလဲ၊ ဘာလိုသေးလဲ။
31. *Time's up !* — အချိန်စေ့ပြီ။
32. *I'm full !* — ကျွန်တော် ဗိုက်ဝပြီ။
33. *I'm scared !* — ငါ ကြောက်တယ်။
34. *I'm starving!* — ငါ ဗိုက်တအားဆာတယ်။
35. *I'm lost!* — ကျွန်တော်လမ်းပျောက်နေတယ်။
36. *Let go ( of me ) !* — ငါ့ကို လွှတ်ပါ။
37. *Not yet .* — မပြီးသေးဘူး။
38. *Not bad .* — မဆိုးပါ။
39. *Not really .* — ဒီလောက်လည်း မဟုတ်ပါ။
40. *It's crowded .* — လူကြပ်တယ်။



## (၂) လုံးတွဲ စကားလုံးများ

41. *Hang on !* — ခဏလေးစောင့်ပါ။
42. *So cute .* — ချစ်စရာလေး။
43. *Sweet dreams .* — အိပ်မက်လှလှ မက်ပါစေ။
44. *Sort of / kind of.* — (မတိမကျပြောသည့် အသုံးအနှုန်း)
45. *Stop sulking .* — စိတ်ကောက်မနေနဲ့။
46. *Stop shoving .* — မတွန်းနဲ့။
47. *Stop slouching / Don't slouch.* — ကုန်းကုန်းကြီး မထိုင်နဲ့။
48. *Look out !* — သတိထား။
49. *Watch out !* — သတိထား။
50. *Take care ( of yourself).* — ကိုယ့်ကိုကိုယ် ဂရုစိုက်။
51. *You idiot !* — ငပေါရဲ့။
52. *You moron !* — ငကြောင်ရဲ့။
53. *You jerk !* — အူကြောင်ကြောင်ကောင်ရဲ့။
54. *You lazybones !* — ငပျင်းရဲ့။
55. *You chicken!* — မင်းသတ္တိမရှိတဲ့လူ။
56. *My treat!* — ငါကျွေးမှာပါ။
57. *My pleasure!* — ကူညီခွင့်ရတာကျွန်တော်ဝမ်းသာပါတယ်။
58. *Cheer up!* — ရွှင်ရွှင်လန်းလန်း နေစမ်းပါ။
59. *Speak up!* — ကျယ်ကျယ်ပြောပါ။
60. *What's up?* — ဘာဖြစ်တာလဲ။

Free for All



## ( ၃ ) လုံးတွဲ စကားလုံးများ

| | |
|---|---|
| 1. How time flies ! | အချိန်ကုန်မြန်လိုက်တာ။ |
| 2. Eat your fill . | ဝအောင်စား။ |
| 3. Fill it / her up . | ဓာတ်ဆီ ( အပြည့် ) ဖြည့်ပေးပါ။ |
| 4. What a coincidence ! | တိုက်ဆိုင်လိုက်တာ။ |
| 5. What a downpour! | မိုးသည်းလိုက်တာ။ |
| 6. What a mess ! | ရှုပ်ပွနေတာပဲ။ |
| 7. What a blunder ! | တော်တော်တုံး / ဆိုးတဲ့အမှား။ |
| 8. What terrible food ! | တော်တော်ညံ့တဲ့ အစားအသောက်။ |
| 9. I'm all ears ! | ငါကြားချင်လှပြီ။ |
| 10. What a pity ! | စိတ်မကောင်းစရာပဲ။ |
| 11. What a shame ! | စိတ်မကောင်းစရာပဲ။ |
| 12. That's too bad ! | ဖြစ်မှ ဖြစ်ရလေ။ |
| 13. Watch your head. | ခေါင်းဆောင့်မယ် - သတိထား။ |
| 14. Watch your step. | ချော်မယ် - ခလုပ်တိုက်မယ်။ |
| 15. Watch your mouth. | ကောင်းကောင်းပြော။ |
| 16. Drop by anytime. | အချိန်မရွေး လာလည်ပါ။ |
| 17. He's all talk. | သူက လေ ချည်းပဲ။ |
| 18. I doubt it. | ငါတော့ မထင်ပါဘူး။ |
| 19. Count me in. | ငါ့ကိုလည်း ထည့်တွက်လိုက်။ |
| 20. That's not fair! | ဒါ မတရားဘူး။ |



## ( ၃ ) လုံးတွဲ စကားလုံးများ

| | |
|---|---|
| 21. That's a relief ! | ခုမှစိတ်သက်သာရာရတယ်။ |
| 22. Shall we begin ? | စကြတော့မလား။ |
| 23. Shall we dance ? | ကကြမလား။ |
| 24. Shall I wait ? | ငါစောင့်ရမလား။ |
| 25. Shall we order ? | ငါတို့ မှာကြတော့မလား။ |
| 26. Shame on you. | မင်းရှက်ဖို့ကောင်းတယ်။ |
| 27. Let's go Dutch. | ကိုယ်စားတာ ကိုယ်ရှင်းမယ်။ |
| 28. It's on me. | ငါ ရှင်းပါ့မယ်/ငါပေးမယ်။ |
| 29. Something's come up. | ကိစ္စလေးပေါ်လာလို့။ |
| 30. I mean it . | ငါအတည်ပြောတာ။ |
| 31. Take a guess . | မှန်းကြည့်ပါ။ |
| 32. I completely forgot. | ငါ လုံးဝမေ့သွားတယ်။ |
| 33. Don't tell lies. | လိမ်မပြောနဲ့။ |
| 34. Don't you dare! | မင်းလုပ်ရဲ လုပ်ကြည့်စမ်း။ |
| 35. Don't be silly! | မရူးစမ်းနဲ့ ၊ မဟုတ်တာ မပြောနဲ့။ |
| 36. Don't be absurd! | မဟုတ်တာ မပြောနဲ့။ |
| 37. Take your time. | ဖြေးဖြေးဆေးဆေး လုပ်ပါ။ |
| 38. Leave me alone. | ငါ့ကို လာမနှောင့်ယှက်နဲ့။ |
| 39. Serves you right! | နည်းတောင် နည်းသေးတယ်။ |
| 40. I adore you. | မင်းကိုငါ မြတ်နိုးတယ်။ |

Free for All



# (၄) လုံးတွဲ စကားလုံးများ

| | |
|---|---|
| 1. The sooner the better. | မြန်လေကောင်းလေ။ |
| 2. So far so good. | အခုထိတော့ ကောင်းတုံးပဲ။ |
| 3. The more the merrier. | လူများလေ ပျော်ဖို့ကောင်းလေ။ |
| 4. Have you no shame? | မင်းမရှက်ဖူးလား။ |
| 5. You can't miss it. | တွေ့မှာမလွဲပါဘူး။ |
| 6. She's under the weather. | သူနေ သိပ်မကောင်းဘူး။ |
| 7. Let bygones be bygones. | ပြီးတာတွေပြီးပါစေတော့။ |
| 8. Make yourself at home. | ကိုယ့်အိမ်လို သဘောထား။ |
| 9. I'm on a diet. | ငါအစားရှောင်နေတယ်။ |
| 10. How do I look ? | ငါ့ကိုကြည့်ရတာ ဘယ်လိုနေလဲ။ |
| 11. Don't let me down! | ငါ့ကိုစိတ်ပျက်အောင်မလုပ်ပါနဲ့။ |
| 12. Do me a favor. | တစ်ခုလောက် လုပ်ပေးပါ။ |
| 13. Don't be so fussy ! | သိပ် ဂျီးမများနဲ့။ |
| 14. Don't be so critical ! | သိပ် အပြစ်မရှာနဲ့။ |
| 15. Don't be so nosey ! | သိပ် မစပ်စုနဲ့။ |
| 16. It slipped my mind. | ငါ မေ့သွားတယ်။ |
| 17. It's a long story. | ပြောရရင်တော့ အရှည်ကြီး။ |
| 18. It's up to you. | မင်းသဘောပါ။ |
| 19. What a busy street! | စည်လိုက်တဲ့လမ်း။ |
| 20. What a lovely rose! | လှလိုက်တဲ့ နှင်းဆီပန်းလေး။ |



# (၄) လုံးတွဲ စကားလုံးများ

| | |
|---|---|
| 21. What a brilliant goal ! | ဂိုးဝင်သွားတာ လှလိုက်တာ။ |
| 22. Is this seat taken? | ဒီထိုင်ခုံလူရှိလား။ |
| 23. I'm in a rush . | ကျွန်တော် အရင်လိုနေတယ်။ |
| 24. Give me a hug. | (အန်တီ၊ ဦးဦး..) ကိုဖက်ပါ။ |
| 25. Give me a call. | ငါ့ကို ဖုန်းဆက်နော်။ |
| 26. Give me a hand. | ငါ့ကို ကူပါ။ |
| 27. Lend me a hand. | ငါ့ကို ကူပါ။ |
| 28. Give me a drink. | ငါ့ကို သောက်စရာ တစ်ခု ခုပေးပါ။ |
| 29. We'll be in touch . | ကျွန်တော်တို့ဆက်သွယ်လိုက်ပါမယ်။ |
| 30. You have my word. | မင်းကို ငါ ကတိပေးပါတယ်။ |
| 31. Lend me your ears. | တစ်စိတ်လောက် နားထောင်ပေးပါ။ |
| 32. It's out of stock. | အဲဒါ ပစ္စည်းပြတ်နေတယ်။ |
| 33. What happened to you? | မင်းဘာဖြစ်တာလဲ။ |
| 34. You must be kidding. | မင်းနောက်နေပြန်ပြီ။ |
| 35. Don't count on him. | သူ့ကို အားကိုးမနေနဲ့။ |
| 36. All the very best . | အစစ အရာရာ အဆင်ပြေပါစေ။ |
| 37. What a nice surpise! | မထင်ဘဲ တွေ့ရတာ ဝမ်းသာပါတယ်။ |
| 38. I'm aware of it. | အဲဒါ ငါသိပါတယ်။ |
| 39. No thanks, I can manage. | ကျေးဇူးပဲ။ ကိုယ့်ဖာသာ လုပ်လို့ရပါတယ်။ |
| 40. I don't believe it. | အဲဒါ ငါ မယုံဘူး။ |

Free for All



## လိုရင်းတိုရှင်းပြောကြမယ် 2

1. Oh, how annoying! I've left my money at home.

   စိတ်တိုဖို့ကောင်းလိုက်တာ၊ အိမ်မှာ ပိုက်ဆံအိတ်ကျန်ခဲ့ပြီ၊

2. Calm down and tell me what happened .

   စိတ်အေးအေးထားပြီး ဘာဖြစ်တာလဲဆိုတာ ငါ့ကိုပြောပြ၊

3. Are you trying to flatter me?

   မင်းငါ့ကို မြှောက်ပြောနေတာလား၊ (မြှောက်ပြောနေပြန်ပြီ)

4. <u>I can't get rid of this cold.</u>

   ငါ့ အအေးမိတာ မပျောက်နိုင်ဘူး ဖြစ်နေတယ်၊

5. You'll soon get used to the weather.

   မင်း မကြာခင် ရာသီဥတုကို ကျင့်သားရသွားပါလိမ့်မယ်၊

6. You got the job ? Let's celebrate!

   မင်းအလုပ်ရသွားပြီလား၊ အထိမ်းအမှတ်ပွဲလေး လုပ်ရအောင်၊

7. Do what you like- I don't care.

   မင်းကြိုက်သလိုလုပ်၊ ငါ့ဂရုမစိုက်ဘူး၊

8. (A) He said you walked 20 miles.

   မင်းမိုင် (၂၀) လျှောက်တယ်လို့ သူကပြောတယ်၊

   (B) Oh, no! He's exaggerating.

   မဟုတ်တာ၊ သူ့ပိုပြောတာပါ၊



9. (A) Is it cold outside? အပြင်မှာအေးသလား၊

   (B) Not really. ဒီလောက်လဲ မအေးပါဘူး၊

10. (A) I'm sure he'll help. သူကူညီပါလိမ့်မယ်၊

   (B) Don't count on it. သွားပြီးအားကိုးမနေနဲ့၊

11. (A) Can I bring a friend to your party?

   သူငယ်ချင်းတစ်ယောက်ကို မင်းရဲ့ ပါတီခေါ်လာလို့ ရမလား၊

   (B) Sure- <u>the more the merrier.</u>

   ရပါတယ်၊ လူများလေ ပျော်ဖို့ကောင်းလေပဲ၊

12. (A) When shall I tell him?

   သူ့ကိုဘယ်တော့ပြောရင်ကောင်းမလဲ၊

   (B) The sooner the better.

   မြန်လေကောင်းလေဘဲ၊



13. <u>I can't stand doing housework.</u>

   ငါ အိမ်အလုပ် လုပ်ရတာ မုန်းတယ်၊

14. Do it straightaway.

   ခုချက်ချင်းလုပ်လိုက်ပါ၊

15. Can I try it on?

   အင်္ကျီတော်မတော် ဝတ်ကြည့်လို့ရမလား၊

16. The pain was unbearable.

   နာလိုက်တာ မခံနိုင်လောက်အောင်ဘဲ၊

17. I'm hopeless at telling jokes.

   ငါဟာသပြောတာညံ့တယ်၊

Free for All



18. Do you mind driving? I'm feeling pretty tired.

မင်းကားမောင်းပေးလို့ရမလား။ ငါအတော့်ကိုပင်ပန်းနေလို့။

19. Try and stay out of trouble.

ပြဿနာမဖြစ်အောင်နေနော်။

20. Late again ! <u>What's your excuse this time?</u>

မင်းနောက်ကျပြန်ပြီ ဒီတစ်ခါ ဘာဆင်ခြေပေးအုံးမလဲ။

21. No cake for me. I'm on a diet.

ငါကိတ်မုန့်မစားတော့ဘူး။ ငါအစား ရှောင်နေလို့။

22. I'm dying for a cup of coffee.

ငါကော်ဖီတစ်ခွက်လောက် အရမ်းသောက်ချင်တယ်။

23. Don't you dare hit your sister!

ညီမလေးကိုရိုက်ရဲရိုက်ကြည့်စမ်း။

24.(A) Ouch! She pinched me!

အား၊ ကျွန်တော့်ကိုဆိတ်တယ်။

(B) Serves you right, teasing her like that!

သူ့ကိုသွားစတာကိုး နည်းတောင်နည်းသေးတယ်။

25. Travel certainly broadens your horizons.

ခရီးသွားတာ တကယ်ကို အမြင်ကျယ်စေတယ်။

**horizon =** ဟရိုင်းဇဲ (န်) လို့အသံထွက်ပါ။



26. <u>Can I get there and back in a day?</u>

အဲဒီနေရာကို နေ့ချင်းပြန်သွားလို့ရသလား။



27. Can you manage another slice of cake?

မင်းနောက်ထပ် ကိတ်တချပ် စားနိုင်ဦးမလား။

28. Watch me and do likewise.

ငါလုပ်ပြတာကိုကြည့်၊ အဲဒီအတိုင်းလိုက်လုပ်ပါ။

29. Check the expiry date on your passport.

နိုင်ငံကူးလက်မှတ် သက်တမ်းကုန်ဆုံးရက်ကို စစ်ကြည့်ပါ။

30. <u>What's on TV tonight?</u>

ဒီည TV က ဘာအစီအစဉ်ရှိသလဲ။

31. He's subject to frequent colds.

သူက မကြာမကြာ အအေးမိတတ်တယ်။ ( အအေးမိလွယ်တယ် )

32. Don't tamper with the engine.

အင်ဂျင်ကို သွားမကလိနဲ့။

33. He has a rough tongue. သူက လျှာကြမ်းအာကြမ်း။

34. He has connections in Hong Kong.

သူက ဟောင်ကောင်မှာ အဆက်အသွယ်ရှိတယ်။

35. **The more you practise , the better your English will be.**

များများ လေ့ကျင့်လေ၊ အင်္ဂလိပ်စကား/စာ ပိုတိုးတက်လေ။

Free for All



| | | |
|---|---|---|
| **admit** | **submit** | **commit** |
| **permit** | **omit** | **limit** |

1. (a) I was wrong - I admit it.

ငါမှားပါတယ်၊ ငါဝန်ခံတယ်၊

(b) Only ticket holders will be admitted into the stadium.

လက်မှတ်ရှိသူများကိုသာ အားကစားကွင်းထဲ ဝင်ခွင့်ပြုပါမယ်။

2. Applications must be submitted by 31. March.

လျှောက်လွှာများကို မတ် ၃၁ နေ့ နောက်ဆုံးထားပြီး တင်သွင်းရမည်၊

3. He committed the murder when he was drunk.

သူအရက်မူးနေစဉ် လူသတ်မှုကျူးလွန်ခဲ့တယ်၊

4. This visa permits you to stay for three months.

ဒီဗီဇာက မင်းကို (၃) လ နေခွင့်ပြုတယ်၊

5. If you are a student , you can omit questions 16-18.

ကျောင်းသားဆိုလျှင် မေးခွန်း ၁၆-၁၈ ကိုချန်ထားနိုင်ပါတယ်၊

6. In China familes are limited to just one child.

တရုတ်ပြည်တွင် ကလေးတစ်ဦးသာ ကန့်သတ်ထားသည်။

7. How many times did the patient vomit this morning?

ဒီမနက် လူနာ ဘယ်နှစ်ကြိမ် အန်သလဲ၊



| | | |
|---|---|---|
| **recent** | **convalescent** | **adjacent** |
| **decent** | **adolescent** | **magnificent** |

1. This is a recent photograph of my daughter.

ဒါ သမီးရဲ့မကြာသေးခင်က ရိုက်ထားတဲ့ဓာတ်ပုံ၊

2. Her parents are decent hardworking people.

( honest and morally good )

သူ့မိဘတွေက ရိုးသား၊ အကျင့်စာရိတ္တကောင်းပြီး ကြိုးစားတဲ့ လူတွေ၊

3. Don't you have a decent pair of shoes?

မင်းမှာ သင့်တင့်တဲ့ ရှူးဖိနပ်မရှိတော့ဘူးလား၊

4. Convalescents often need a special diet.

နာလန်ထတွေက အထူးအစားအစာ လိုအပ်တယ်၊

5. Adolescents often quarrel with their parents.

ဆယ်ကျော်သက်တွေက မိဘတွေနဲ့ မကြာမကြာ ရန်ဖြစ် တတ်တယ်၊

6. The fire started in an adjacent building.

ကပ်လျက်ရှိတဲ့ အဆောက်အဦးက မီးစလောင်တယ်၊

7. What a magnificent castle! ( splendid , grand )

ခမ်းနားလိုက်တဲ့ ရဲတိုက်၊

Free for All



| | |
|---|---|
| serious | အရေးကြီးသော၊လေးနက်သော၊မျက်နှာတည်သော |
| curious | သိချင်စိတ်ရှိသော၊ထူးဆန်းသော၊စပ်စုသော |
| hilarious | အလွန်ရယ်ရသော |
| various | အမျိုးမျိုးသော |
| furious | အလွန်စိတ်ဆိုးသော |
| mysterious | ထူးဆန်းပြီးနားလည်ရခက်သော |

1. (i) Don't laugh; it's a serious matter.

မရယ်နဲ့၊ ဒါကအရေးကြီးတဲ့ကိစ္စ။

(ii) You musn't take his promises seriously.

သူ့ရဲ့ကတိတွေကို အလေးအနက်မထားနဲ့။

(iii) The serious professor rarely smiled during class.

မျက်နှာထားတည်တဲ့ ပါမောက္ခက အတန်းထဲမှာ ရယ်ခဲတယ်။

2. (i) The curious child asked a lot of questions.

သိချင်စိတ်များတဲ့ ကလေးက မေးခွန်းများစွာမေးတယ်။

(ii) The family had a few curious traditions.

မိသားစုမှာ ထူးဆန်းတဲ့ ထုံးထမ်းစဉ်လာတွေ ရှိတယ်။

(iii) Don't be so curious- it's got nothing to do with you.

သိပ်ပြီး မစပ်စုနဲ့၊ ဒါ မင်းနဲ့ ဘာမှ မပတ်သက်ဘူး။

3. I thought my jokes were hilarious but no one laughed.

ငါ့ဟာသတွေကို အလွန်ရယ်ရတယ်လို့ ငါကထင်ပေမယ့် ဘယ်သူကမှ မရယ်ကြဘူး။



4. The coats are available in various colors.

ကုတ်အင်္ကျီတွေကိုအရောင်အမျိုးမျိုးနဲ့ရနိုင်ပါတယ်။

5. The furious customer asked to speak to my manager.

အလွန်ဒေါပွတဲ့ဖောက်သည်က မန်နေဂျာနဲ့ တွေ့ချင်ကြောင်း ပြောတယ်။

6. My money had mysteriosly disappeared.

ငါ့ပိုက်ဆံထူးထူးဆန်းဆန်း ပျောက်သွားတယ်။

7. delirious - ငန်းဖျားတက်သော၊ စိတ်ဂယောင်ခြောက်ခြားဖြစ်သော၊ ပျော်ရွှင်တက်ကြွသော

He was delirious with happiness at the news.

သူက သတင်းကြားရလို့ ပျော်ရွှင်မြူးတူးသွားတယ်။

8. glorious - ဂုဏ်ကျက်သရေနှင့်ပြည့်စုံသော၊ ပျော်ရွှင်ဖွယ်ကောင်းသော

I had a glorious time at your party.

Thanks for inviting me.


မင်းရဲ့ပါတီပွဲမှာ ငါအလွန်ပျော်ပါတယ်။ ငါ့ကိုဖိတ်တာ ကျေးဇူးတင်ပါတယ်။

အင်္ဂလိပ်စာလုံး တော်တော်များများဟာ အဓိပ္ပါယ် တစ်ခုထက်ပိုပြီးရှိတာ တွေ့ပါလိမ့်မယ်။ ဒါကြောင့် ပုံစံဝါကျများစွာပါတဲ့ Dictionary ကို သုံးပါ။ စာဖတ်စွမ်းရည်ကော၊ အရေးစွမ်းရည်ပါ တိုးတက်လာပါလိမ့်မယ်။

အင်္ဂလိပ်စကားပြော/အင်္ဂလိပ်စာတိုးတက်ကြပါစေ။

Free for All

## Saya Harry Khoo ၏ ထုတ်ဝေပြီးသော စာအုပ်များ




ကလေးများအတွက်

### နေ့စဉ်သုံးအင်္ဂလိပ်စကားပြော

Grade 4 နှင့် အထက်ကျောင်းသားများအတွက်

အင်္ဂလိပ်စကားပြောသင်ရင်း

Grammar အခြေခံကောင်းရသွားမည်။

---




### စကားလည်းတတ် ဂရမ်မာလည်းတတ်

အင်္ဂလိပ်စာ အခြေခံကောင်းရချင်သူများအတွက်

အင်္ဂလိပ်စကားကို စနစ်တကျ ပြောတတ်ချင်သူများအတွက်

လွယ်လွယ်ကူကူ လက်တွေ့အသုံးချနိုင်သည့် ဝါကျ ၁၀၀၀ ကျော်ပါသည်။

---




### ကိုယ်တိုင်လေ့ကျင့် အမေရိကန် အင်္ဂလိပ်

အင်္ဂလိပ်ဝေါဟာရများ ကြွယ်ဝအောင် ဖော်ပြထားသည်။

အမေရိကန်အသုံးအနှုန်းများကို စေ့စေ့ဆာဆာဖော်ပြထားသည်။

### အင်္ဂလိပ်လို ဖတ်မယ် ပြောမယ်

သင်သိချင်သော အင်္ဂလိပ်ဝေါဟာရများ ၈၀% ပါသည်။

ရှင်ပြုံးဖွယ်ရာ ဖတ်ချင်စရာ စာပိုဒ်များ ပါဝင်ပါသည်။

---

### လွယ်လွယ်ရှင်းရှင်း အင်္ဂလိပ်စာ

Grade - 6 နှင့် အထက် ကျောင်းသားများအတွက်

Grammar အခြေခံ ကောင်းရစေရန် နှင့် အင်္ဂလိပ်စကားပြော တိုးတက်စေရန်

---

### လက်တွေ့သုံး အင်္ဂလိပ် ဂရမ်မာ

Grammar , Vocabulary နဲ့ စကားပြောအတွက် ဒီစာအုပ်ကို

လက်တွေ့အသုံးချနိုင်ပါတယ်။

---

### နေ့စဉ်သုံး အင်္ဂလိပ်ဂရမ်မာနှင့် စကားပြော

အလယ်တန်းနှင့် အထက်တန်း ကျောင်းသားများအတွက်

လေ့ကျင့်ခန်းနှင့်အဖြေများပါသည်။

အင်္ဂလိပ်စာ အခြေခံကောင်းပြီး အင်္ဂလိပ်စာတော်လာပါမည်။